
တ က္က သို လ်

# သိဟအောင်

## ကျောက်စိမ်းသံတိုး

၂ + ၃
နှစ်အုပ်တွဲ



တိုးတက်ရေး
၀၁၈၀

# တက္ကသိုလ်သီဟအောင်

ကျောက်စိမ်းဆံ့ထိုး

( ဒုတိယပိုင်း ဇာတ်သိမ်း )

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းမည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## မရဏဆံထိုး

တိတ်ဆိတ် ငြိမ်သက်နေသော ညဉ့်နက် သန်းခေါင် အချိန်တွင်....

'ဒေါင်....ဒေါင်....ဒေါင်'

ဘုန်းကျောင်းအပြင်ဘက်မှ ခေါင်းလောင်း ထိုးသံများ ထွက်ပေါ်လာသည်။

ထို့အတူ -

ဘုန်းကျောင်း၏ ဘုရားဝန်း၌ ချိတ်ဆွဲထားသော ခြူများ ခေါင်းလောင်းများလည်း လေမတိုက်ဘဲ တချွင်ချွင် မြည်ဟိန်းသွားသည်။

ထူးဆန်းလှသော အဖြစ်အပျက်ကြောင့် ဘုံကျောင်းတွင် မှီတင်းနေထိုင်သူအားလုံး လန့်နိုးလာကြသည်။

မီးအိမ်များ ထွန်းညှိလိုက်ခြင်းကြောင့် ဘုံကျောင်းအတွင်း၌ နေ့ဘက်နှင့် မခြားအောင် ထိန်လင်းသွားသည်။

ဘုန်းတော်ကြီးများ၊ ကိုရင်လေးများသည် တံခါးကိုဖွင့်၍ မီးတုတ်များကိုင်ဆောင်ကာ ဘုံကျောင်းနောက်မှ ခေါင်းလောင်းကြီးကို သွားရောက်စစ်ဆေးကြသည်၊ ပတ်ဝန်းကျင်၌ ရှာဖွေကြသည်။

သို့သော်—

ထူးခြားချက် လုံးဝမတွေ့ရပါ၊ လူရိပ်လူယောင် လုံးဝမတွေ့ရပါ။

အလွန်ထူးဆန်းသော အဖြစ်အပျက် တစ်ခုနှင့် ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။

အားလုံးသည် နားမလည်နိုင်ခြင်းများစွာဖြင့် ပြန်လည်အိပ်ရာဝင်ခဲ့ကြရသည်။

ထို့အတူ....

စုကျောင်းသည်လည်း သူ၏အခန်းသို့ပြန်လာခဲ့သည်။



အခန်းတံခါးဖွင့်ကာ အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် အလွန်ထူးခြားသော ဖြစ်ရပ် တစ်ခုနှင့် ရင်ဆိုင်လိုက်ရလေသည်။

ထိုဖြစ်ရပ်မှာ....

သူ၏ အိပ်ရာပေါ်ရှိ ခေါင်းအုန်း ပေါ်တွင် အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပြောင်နေသည့် ကျောက်စိမ်းဆံထိုးလေးအား တွေ့လိုက်ရခြင်းဖြစ်သည်။

'ဟာ'

စုကျောင်းသည် အထိတ်တလန့်အော်ဟစ်လိုက်ပြီး မူးမေ့လဲကျမလိုဖြစ်သွားရလေသည်။

ကျောက်စိမ်းဆံထိုး—

ကျောက်စိမ်းဆံထိုးသည် ပျောက်ဆုံးသွားရာမှ ပြန်လည်ထွက်ပေါ်လာပြီဖြစ်သည်။

ကျောက်စိမ်းဆံထိုးသည် သေခြင်း၏ အတိတ်နိမိတ်ဖြစ်နေပါသည်။

ကျောက်စိမ်းဆံထိုးနှင့် ပတ်သက်သူများ ကံဆိုးသွားကြသည်ချည်းဖြစ်သည်။

စုကျောင်းသည် ကျောက်စိမ်းဆံထိုးအား မျက်လုံးပြူးကာ အတန်ကြာကြည့်နေပြီးမှ ဒူးများ ပျော့ခွေသွားကာ ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ တွေတွေကြီးကျဆင်းလာပါတော့သည်။

* * *



နံနက် ဝေလီဝေလင်းအချိန်—

တောင်ကုန်းပေါ်မှ ဘုံကျောင်းလေးသည် အေးချမ်းတိတ်ဆိတ်လျက်ရှိပေသည်။

စုကျောင်းသည် မျက်ရည်များစို့စွတ်နေသော မျက်လုံးအစုံဖြင့် ဘုံကျောင်းလေးကို လှည့်ကြည့်လိုက်၏။

မကြာမီအရှေ့ဘက်နေဝန်း ထွက်ပေါ်လာတော့မည် ဖြစ်သည်။

ဘုံကျောင်းလေး၌ မှီတင်းနေထိုင်ကြသူများသည် နံနက်ခင်းနေရောင်ခြည်နှင့်အတူ နိုးထလာကြပြီး သက်ဝင် လှုပ်ရှားကြတော့မည်ဖြစ်သည်။

စုကျောင်းသည် အချိန်ကာလတစ်ခုအထိ အေးချမ်းစွာနေထိုင်နိုင်ခဲ့သော ဘုံကျောင်းလေးကို သံယောဇဉ်ဖြစ်မိပါသည်။

တစ်သက်လုံး အေးချမ်းစွာနေထိုင်သွားနိုင်မည်ဟုယုံကြည် မျှော်လင့်ခဲ့သည်။

သို့သော်....

ကျောက်စိမ်းဆံထိုးလေး ရောက်လာသော အခါ သူ၏ဘဝသည် တစ်ဆစ်ချိုးပြောင်းလဲသွားရတော့သည်။

ဘုံကျောင်းလေး၌ ဆက်နေ၍ မဖြစ်တော့မှန်းနားလည်မိသည်။

ထို့ကြောင့်....

အရာရာအားလုံးကို စွန့်လွှတ်ကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီဖြစ်ပါသည်။

စုကျောင်းသည် မိုးလင်းလာချိန်တွင် ဘုန်းကျောင်းလေးအနီးပတ်ဝန်းကျင်၌ရှိနေ၍ မဖြစ်တော့မှန်း နားလည်ထားသည်။

ထို့ကြောင့် —

လေးလံသော ခြေလှမ်းများဖြင့် ဘုန်းကျောင်းလေးအားအား ကျောခိုင်းကာ ထွက်သွားလေတော့သည်။

* * *





'ဂျိန်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ တဖျပ်ဖျပ် ဝင်းလက်သွားလေသည်။

မှောင်မည်းနေသော မိုးကောင်းကင်ကြီးအား လက်သည်းရှည်ကြီးများဖြင့် ကုပ်ဆွဲစုတ်ဖြဲပစ်လိုက်သည့်နှယ်...

မိုးခြိမ်းသံ၏ နောက်ကွယ်တွင် လေပြင်း တိုက်ခတ်သံများ ထွက်ပေါ်လာသည်။

လေတဟူးဟူးတိုက်ခတ်လာသလို အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

မကြာပါချေ။

မိုးသီးမိုးပေါက်များလည်း အငြိုးကြီးစွာ ကျရောက်လာလေတော့သည်။

'ဝေါ ဝေါ ဝေါ'

'ဝှီး ဝှီး ဝှီး'

'ဂျိန်း—ဂျလိန်း'

မိုးကြိုးပစ်သံ၊ မိုးခြိမ်းသံ၊ လေပြင်း တိုက်ခတ်သော အသံ၊ မိုးသံးမိုး ပေါက်များ အဆက်မပြတ် ကျဆင်းလာသော အသံများဖြင့် ဝန်းကျင်တစ်ခုလုံး ဆူညံတုန်ဟီးသွားသည်။

မိုးသက်လေပြင်းကျရောက်နေချိန်တွင်...

စုံကျောင်းသည် လူသူပနီးသော တောကြီး မျက်မည်းအတွင်း၌ ဦးတည်ရာမဲ့ ခရီးနှင်နေလျက်ရှိပေတော့သည်။

* * *



စုံကျောင်းသည် မိုးသက်လေပြင် ကျရောက်နေသည်ကိုပင် မှုမထားနိုင်ပါချေ။

သူ၏စိတ်အစဉ်တွင် ကျောက်စိမ်းဆံထိုးနှင့် ကြမ္မာဆိုး အရိပ်ထိုး လွှမ်းမိုးနေပါသည်။

ကျောက်စိမ်းဆံထိုး...

ကျောက်စိမ်းဆံထိုးကို မမျှော်လင့်ပဲ ရရှိခဲ့သည်။

ဟောဟောင်ထဲ၌ တွေ့ခဲ့ရသည့် အရိုးစုတစ်စုအား မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီး ထိုအရိုးစုနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားဖြင့် ရယူခဲ့ခြင်းဖြစ်သည်။

သို့သော်—

သူ၏လက်ထဲ ရောက်လာသော ကျောက်စိမ်းဆံထိုးသည် ကြမ္မာဆိုးအပေါင်းဖြစ်ပေါ်လာစေခဲ့သည်။

တိုကျောက်စိမ်းဆံထိုးတွင် မကောင်းဆိုးဝါး ဝိညာဉ်များခိုအောင်းနေသည်လော။

ကျင်းဝက်သည် မိုးရေစက်များကြောင့် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလာသည်။

တစ်နေရာ၌ မိုးခိုကာ အနားယူလိုစိတ်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်လေသည်။

တောကြီးမျက်မည်းအတွင်း၌ ရောက်နေသည်ဖြစ်ရကား လူနေအိမ်ခြေ လုံးဝမတွေ့ရပါချေ။

စုကျောင်း စိတ်ပျက်သွားသည်။

နွေးနွေးထွေးထွေးအနားယူနိုင်မည့်နေရာမရှိပါ။

သူ့အတွက် အကောင်းဆုံးဖြစ်နိုင်သည်မှာ သစ်ပင်တစ်ပင်အောက်တွင် မိုးခိုဖို့သာ ရှိတော့မည်။

စုကျောင်းသည် သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်လိုက်သည်။

"ဂျိန်း....ဂျလိန်း"

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများ အဆက်မပြတ်ထွက်ပေါ်နေသည်။



မိုးသက်လေပြင်း အားကောင်းနေဆဲ။

လျှပ်နွယ် လျှပ်ပန်းများ ပြိုးခနဲ ပျက်ခနဲ ဝင်းလက်နေသည်။

မိုးမှောင်ကြီးကျနေသည်ဖြစ်ရာ တစ်ချက် တစ်ချက် ထွက်ပေါ်လာသော လျှပ်စီးရောင်သာလျှင် စုကျောင်းအတွက် အလင်းရောင် ဖြစ်လေသည်။

စုကျောင်းသည် သစ်ပင်ကြီးအောက်တွင် မိုးမလုံ တစ်လုံ မိုးခိုနေရင်း တဖျပ်ဖျပ်ထွက်ပေါ်လာသည့် လျှပ်စီး အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ရုတ်တရက်....

တောအုပ်အတွင်း၌ တောင်ကုန်းတစ်ခုရှိနေပြီး ထိုတောင်ကုန်းအောက်ဘက်၌ လိုဏ်ဂူပေါက်များ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

စုကျောင်း ဝမ်းသာသွားသည်။

ယခုမှ မိုးခိုစရာနေရာတွေ့ပြီ မဟုတ်ပါသား။

စုကျောင်းသည် တောင်ကုန်းလေးရှိရာသို့ ပြေးသွားလိုက်လေသည်။

တောင်ကုန်းလေးအနီးသို့ ရောက်သောအခါ လူတ ယောက် ချောင်းချောင်းချီချီနေနိုင်သော လိုဏ်ဂူပေါက် တစ်ခုအတွင်းသို့ ဝင်လိုက်သည်။

လိုဏ်ဂူပေါက်သည် ကျောက်သားအတိဖြစ်ပြီး ခြောက် ခြောက်သွေ့သွေ့ရှိနေသည်။

စုကျောင်းက ရေစိုအဝတ်များကို ရေညှစ်လိုက်ပြီး လိုဏ် နံရံကိုမှီကာ ထိုင်ချလိုက်သည်၊

ယခု....

အသည်းခိုက်အောင် ချမ်းအေးခြင်းနှင့် မောပန်းခြင်း ခံစားလာရပါသည်။

စုကျောင်းသည် မျက်လုံးမှိတ်ထားလိုက်သည်။

သူ၏ဘဝ သူ၏ကံကြမ္မာသည် သူကိုယ်တိုင် ဖန်တီး စွမ်းမရှိတော့ပါ။

မမြင်ရသော အရာတစ်ခုအား ချုပ်ကိုင်ထားသည်ဟု ခံစ နားလည်နေရသည်။

စုကျောင်း အသားများပူလောင်လာသည်။

ကောက်ကာငင်ကာ အဖျားဝင်လာပြီ ဖြစ်လေသည်။



စုကျောင်း ကယောင်ကတမ်းဖြစ်လာသည်။

ဒုက္ခပေးလှသော ကျောက်စိမ်းဆံထိုးလေးကို ထုတ်ယူ လိုက်သည်။

ကျောက်စိမ်းဆံထိုးလေးသည် အသွင် လက်ရာမြောက်စွာ ထုဆစ်ထားခြင်း ဖြစ်သည်။

မည်သို့သော အချိန်အခါမျိုးဖြစ်စေ ဝင်းလက်တောက် ပြောင်၍ နေလေသည်။

စုကျောင်းသည် ကျောက်စိမ်းဆံထိုးလေးကို စိုက်ကြည့် ရင်း....

'ကျုပ်ကို ဘာကြောင့် ဒီလောက်ကောင် ဒုက္ခပေးနေရ တာလဲ'

ဟု ညည်းတွားလိုက်သည်။

ထိုစဉ်....

'သခင့်ကို ကူညီစောင့်ရှောက်နေတာပါ'

နားထဲသို့ စူးရှသေးငယ်သော အသံတစ်ချက် တိုးဝင် လာသည်ကို ကြားလိုက်ရလေသည်။

စုကျောင်း အံ့ဩသွားသည်။

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်မိလေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

လူရိပ်လူယောင် လုံးဝမတွေ့ရပါ။

တောကြီးမျက်မည်းအတွင်း လူသူ တစ်စုံတစ်ယောက်ကို တွေ့ရဖို့ လွယ်မည်မဟုတ်ပေ။

ဤသို့ဆိုလျှင် စကားသံသည် မည်သည့်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသနည်း။

ကျင်းဝက် မနေနိုင်တော့ဘဲ....

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

သူ၏ စကားသံနှင့်ရှိ မရှေးမနှောင်းမှာပင် —

'အခစ်ရဲ့ ကျေးကျွန်ပါ'

စူးရှသေးငယ်သော စကားသံ ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရပြန်လေသည်။

'ဟာ....'

ကျင်းဝက် ထိတ်လန့်သွားသည်။



ထိုင်ရာမှ ဆတ်ခနဲထကာ ပတ်ဝန်းကျင်ကို မျက်လုံးမြှ၍ ကြည့်လိုက်မိလေသည်။

လူရိပ်လူယောင်မတွေ့ရသည့်အာ အမှန်ပင်။

စုကျောင်းက....

'ဘယ်သူလဲ၊ ထွက်လာခဲ့ပါ'

ဟု ပြောလိုက်သည်။

ထိုအခါ—

'ကောင်းပါပြီ သခင်'

ပုဒ္စစ်သံပမာ သေးငယ်စူးရှသော စကားသံလေးက ထွက်ပေါ်လာပါသည်။

မရှေးမနှောင်းမှာပင် လိုဏ်ဂူအပြင်ဘက်၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။

စုကျောင်း က....

'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

'ကျုပ်ပါ သခင်'

လူရိပ်က ပြောသည်။

စုကျောင်းက—

'ကျုပ်ဆိုတာ ဘယ်သူလဲ'

'သခင့်ရဲ့ ကျေးကျွန်ပါ'

'ဟာ....'

စုကျောင်း အထိတ်တလန့် အော်လိုက်သည်။

သူ့ရိပ်က....

'သခင် ဘာများအလိုရှိသလဲဆိုတာ အမိန့်ရှိပါ သခင်' ဟု ပြောသည်။

စုကျောင်းသည် မျက်လုံးပြူးကာ သေသေချာချာကြည့်လိုက်သည်။

လိုဏ်ဂူအပြင်ဘက်၌ လူတစ်ယောက်၏ ပုံပန်းသဏ္ဍာန်မသဲမကွဲရှိနေသည်ကို တွေ့ရသည်။

သို့သော်....

လူတစ်ယောက်မဟုတ်သည်ကား သေချာပါသည်။

လူတစ်၏ အရိပ်သဏ္ဍာန်မျှသာ ဖြစ်သည်။

ရှင်းရှင်းဆိုရလျှင် လူရိပ်တစ်ခုဖြစ်သည်

လူရိပ်ဆိုသည့်အတိုင်း အရိပ်ကိုသာ တွေ့နေရခြင်း ဖြစ်ပေသည်။

လူကိုမူ မတွေ့ရချေ။



စုကျောင်းက....

'ခင်ဗျား ဘယ်သူလဲ'

ဟု မေးလိုက်သည်။

လူရိပ်က....

'သခင့်ရဲ့ ကျေးကျွန်ပါ'

ဟုထပ်ပြောသည်။

စုကျောင်း အံ့သြသွားသည်။

'ကျုပ်ရဲ့ကျေးကျွန်....ဟုယ်လား'

'ဟုတ်ပါတယ် သခင်'

'ခင်ဗျားက ဘာသဘောလဲ'

'သခင်ခိုင်းသမျှ လုပ်ပေးမယ့် ကျေးကျွန်ပါ'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားနဲ့ကျုပ် ဘာမှမသက်ဆိုင်ဘူးဗျ'

ဟုပြောလိုက်သည်။

လူရိပ်က ဘာမှပြန်မပြောချေ။

စုကျောင်းက....

'ခင်ဗျားက ကျုပ်နောက်ကို တကောက်ကောက်လိုက်နေတာပေါ့ ဟုတ်လား'

ဟု မေးလိုက်၏။

လူရိပ်က....

'သခင့်ကို စောင့်ရှောက်နေတာပါ'

စုကျောင်းသည် တစ်စုံတစ်ခုကို သတိရလာသဖြင့်....

'နေပါဦး၊ ကျုပ်ကို စောင့်ရှောက်မယ့်လူတွေကို ခင်ဗျားက သုတ်သင်ပစ်နေတာ ဟုတ်လား'

ဟု မေးလိုက်သည်။

လူရိပ်က...

'ဟုတ်ပါတယ်'

စုကျောင်းက....

'ခင်ဗျား တော်တော်ရက်စက်တာပဲ'

လူရိပ်က...

'ကျုပ်က သခင့်ကို စောင့်ရှောက်တာပါ'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။



မလိုချင်ဘူး၊ ကျုပ်ကို ဘာမှစောင့်ရှောက်စရာ မလိုဘူး'
လူရိပ်က ဘာမှမပြောချေ။

စုကျောင်းက...
'ခင်ဗျား ကျုပ်နောက်ကို မလိုက်နဲ့၊ ကျုပ်ကို စောင့်ရှောက်စရာ မလိုဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

လူရိပ်က...

'ကျုပ်က သခင့်ကို စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်'
ဟု ပြောလေသည်။

စုကျောင်းက....

'ဘာဆိုင်လို့လဲ ခင်ဗျားကို ကျုပ် မသိဘူး၊ ကျုပ်နဲ့ ပတ်သက်စရာအကြောင်းလဲ မရှိဘူး၊ ကျုပ်ကို စောင့်ရှောက်စရာ မလိုဘူး'

ပြောရင်းပြောရင်း ဒေါသထွက်လာကာ အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။
မိုးသံလေသံများ တဖြည်းဖြည်း ငြိမ်ကျသွားပြီဖြစ်သည်။
မိုးသက်လေပြင်း အားလျော့သွားပြီ ဖြစ်သည်။

စုကျောင်းကား ထူးဆန်းသောလူရိပ်ကြောင့် ပတ်ဝန်းကျင်ကို ဂရုမထားနိုင်တော့ပေ။

စုကျောင်း ဒေါသထွက်နေသော်လည်း လူရိပ်က အေးအေးဆေးဆေးပင် ရပ်လျက်ရှိလေသည်။

စုကျောင်းက....

'ခုချက်ချင်း ခင်ဗျား ထွက်သွား'

ဟု အော်ပြောလိုက်သည်။

လူရိပ်သည် ဘာမှမပြောဘဲ ရိပ်ခနဲလှုပ်ရှားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

* * *



မိုးတိတ်သွားပြီ ဖြစ်သည်။

စုကျောင်းသည် လိုဏ်ဂူထဲမှ လှမ်းထွက်လိုက်လေသည်။ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်၏။ လူရိပ်ကို ရှာဖွေလိုက်ခြင်း ဖြစ်သည်။

သို့သော်....

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ လူရိပ်ကို ရှာမတွေ့တော့ပါချေ။

စုကျောင်း သက်ပြင်းချလိုက်လေသည်။

ထူးဆန်းသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်သည်။

သူ့အား တစ်စုံတစ်ယောက်က နောက်ကွယ်မှနေပြီး တိတ်တဆိတ် လိုက်လံစောင့်ရှောက်နေကြောင်း သိလိုက်ရပြီ ဖြစ်သည်။

ထို စောင့်ရှောက်နေသူသည် အလွန် ကြောက်မက်ဖွယ် ကောင်းသူ၊ ရက်စက်ကြမ်းကြုတ်သူ ဖြစ်ကြောင်းလည်း ထင်ရှား၏။

ထိုသူသည် မည်သူဖြစ်ပါသနည်း။

မကောင်းဆိုးဝါးတစ်မကောင်ပင် ဖြစ်နေသည်လေသာ။

ကျောက်စိမ်းဆံထိုးလေးနှင့် စိတ်သက်နေသည်မှာ ထင်ရှားနေပါတော့သည်။

စုကျောင်းသည် ကျောက်စိမ်းဆံထိုးလေးကို ငုတ်ကြည့်လိုက်လေသည်။

'မတောက်'

စုကျောင်းသည် ဒေါသ အလိပ်လိုက်အလိပ်လိုက်ထွက်လာပြီး တောက်ခေါက်လိုက်သည်။

'သွားစမ်း'

စုကျောင်းက ဆံထိုးလေးကို လွှင့်ပစ်လိုက်လေသည်။

ဆံထိုးလေး မြေပေါ်ကျသွား၏။

ရှားသည်ဖြင့် ရှုပ်ပွက်များဖြစ်နေရာ ဆံထိုးလေးသည် ရှုပ်ပွထဲ ကျသွားမည်လည်း ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်နေဆဲ....

စုကျောင်းက ကျောခိုင်းကာ ထွက်သွားရန် တန်ပြင်လိုက်၏။

သို့တိုင်....

ထွက်မသွားဖြစ်ပါချေ။

ဆံထိုးလေးအား သူက အကြိမ်ပေါင်းများစွာ လွှင့်ပစ်ခဲ့ပြီး ဖြစ်သည်။



ဆံထိုးလေးသည် အကြောင်းအမျိုးမျိုးဖြင့် သူ့ထံသို့ ပြန်လည်ရောက်ရှိလာစမြဲ ဖြစ်လေသည်။

စုကျောင်း သက်ပြင်းချလိုက်သည်။

'ငါ လွှင့်ပစ်တော့ကော ဘာအကြောင်း ထူးမှာလဲ၊ အချိန်ကန်ခတော့ ငါ့ဆီကို ပြန်ရောက်လာတာပဲ၊ မဆီမဆိုင်တဲ့ လူလက်ထဲရောက်သွားရင် အခြောင်ဒုက္ခရောက်ဦးမယ်'

ဟုတွေးကာ ဆံထိုးလေးကို ပြန်ပြီး ကောက်ယူလိုက်လေသည်။

မှန်ပေသည်။

ဆံထိုးလေးသည် တစ်ချိန်မဟုတ်တစ်ချိန် သူ့ထံသို့ ပြန်လည်ရောက်ရှိလာလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် လွှင့်ပစ်ထား၍လည်း အကြောင်းထူးမည် မဟုတ်ချေ။

စုကျောင်းသည် ဆံထိုးလေးကို သိမ်းဆည်းထားလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

သို့သော်

သူ၏ခြေလှမ်းများ ယိုင်ယိုင်နေပါသည်။

သူ၏အသားများ ခြစ်ခြစ်တောက်ပူလောင်နေပြီ ဖြစ်သည်။

စုကျောင်း အပြင်းများပြီးတကား။

စုကျောင်းသည် မျက်လုံးများနီရဲလာသည်။

မျက်ရည်ပူများကျဆင်းလာသည်။

ဦးခေါင်းထဲ မူးနောက်လာသည်။

စုကျောင်းသည် ဒယီးဒယိုင်ဖြင့် လှမ်းသွားနေဆဲ....

ထိုစဉ်....

မလှမ်းမကမ်း၌ မီးရောင်များထွက်နေသည်ကို မြင်ရလေသည်။

သူ အားတက်သွား၏။

မီးရောင်ထွက်ပေါ်ရာသို့ ဦးတည်သွားလိုက်သည်။

မကြာပါချေ။

တောအုပ်အတွင်းရှိ မြေကွက်လပ်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်လေးတစ်လုံးကို တွေ့လိုက်ရလေသည်။

သူသည် ထိုအိမ်ကလေးဆီသို့ လှမ်းသွားလိုက်၏၊

အိမ်ကလေးနှင့်မဝေးတော့သည့်တိုင် အိမ်ရှေ့သို့ရောက်ဖို့ အချိန်ကြာလှန်းလှသည်ထင်၏။

နောက်ဆုံး အိမ်ရှေ့သို့ရောက်သွား၏။

'ဒေါက် ဒေါက်'

သူ တံခါးခေါက်ကိုက်သည်။

မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီး အဘိုးအိုတစ်ယောက် ခေါင်းပြူထွက်လာသည်ကို တွေ့ရ၏။

စုကျောင်းက....

'ကျွန်တော်....'

အကူအညီတောင်းဖို့ဟန်ပြင်လိုက်စဉ် သူ၏ခန္ဓာကိုယ်မှ အားများ ပျောက်ကွယ်သွားသည်ဟု ခံစားလိုက်ရ၏။



ထို့နောက်....

ဒူးများကွေးညွတ်ကာ မြေပေါ်လဲကျသွားပြီး သတိလွတ်ကင်းသွားလေတော့သည်။

ထူးဆန်းသောအဘိုးအို

အချိန်မည်မျှကြာသွားမှန်းမသိ။

'အား'

လူ စူ ရှရှ၁အော်ဟစ်ဟိုက်ပြီး သတိရလာသည်။

သူ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်နေ၏။

ခြေလက်များလေးလံကာ လှုပ်ရှားမရဘဲဖြစ်နေသည်။

အာခေါင်ခြောက်ကာ ရင်ထဲပူနေ၏။

'ရေ... ရေပေးပါ'

သူ ရေတောင်းလိုက်မိသည်။

ထိုစဉ်....



အေးမြသောရေစင်သည် သူ၏နှုတ်ခမ်းပေါ်သို့ တစ်စက်ချင်း ကျရောက်လာသည်။

သူက အငမ်းမရ လျှာဖြင့်လျက်လိုက်မိသည်။

ရေစက်ရေပေါက် အစေတ်များများ သောက်လိုက်ရမှ တင်းတိမ်ရောင့်ရဲသွား၏။

သူ မျက်လုံးဖွင့်ကြည့်လိုက်သည်၊

အုပ်ကြွပ်များဘာစီအရိုရှိနေသော အိမ်ခေါင်မိုးကို တွေ့မြင်လိုက်ရ၏။

သူ အံ့ဩသွားသည်။

'ငါဘယ်ရောက်နေပါလိမ့်'

တွေးရင်း ခေါင်းစောင်ကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။

ထိုအခါ...

ဘစ်လုံးများဖြင့်ဆောက်လုပ်ထားသော အိမ်လေးတစ်လုံးအတွင်း၌ ရောက်ရှိနေသည်ကို တွေ့ရ၏။

ထိုစဉ်....

'မောင်ရင်လေး သက်သာသွားပြီလား'

စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သူက လှမ်းကြည့်လိုက်သည်။

ထိုအခါ....

ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် ပန်းကန်တစ်လုံးကိုကိုင်ကာ အနီးသို့ရောက်လာသည်ကို တွေ့ရ၏။

အဘိုးအိုက—

'ကဲ—သောက်လိုက်ပါဦး'

ဟု ပြောကာ တိုက်ကျွေးသည်။

သူကလည်း ဆာလောင်နေသည်မို့ အငမ်းမရသောက်လိုက်သည်။

ချွဲပျစ်ပျစ်အရည်များသည် ပါးစပ်ထဲသို့ ရောက်လာသည်။

မွှေးကြိုင်ချိုမြကာ အရသာရှိလှ၏။

သူ အငမ်းမရသောက်လိုက်သည်။

တစ်ပန်းကန်လုံးကုန်အောင် သောက်လိုက်ပြီးလျှင် ချက်ချင်း ငိုက်မြည်းလာသည်။

ထို့နောက်—

မျက်ခွံများလေးလံလာကာ ပြန်လည်အိပ်ပျော်သွားလေတော့သည်။

* * *



ယခုတစ်ကြိမ်—

သူ အိပ်ရာမှနိုးလာသောအခါ ခွန်အားများ ပြည့်ဝနေပြီ ဖြစ်ပါသည်။

လန်းလန်းဆန်းဆန်းဖြစ်နေပြီး ချက်ချင်း လူးလဲထလိုက်သည်။

ထိုစဉ်—

'မင်းသက်■စသွားပြီလား'

စကားသံတစ်ချက် ထွက်ပေါ်လာသည်တို့ ကြားလိုက်ရသည်။

သူလှမ်းကြည့်လိုက်ရာ ဖျင်ကြမ်းအင်္ကျီ ဝတ်ထားသော အဘိုးအို အနီးသို့ရောက်ရှိလာသည်ကို တွေ့ရ၏။

စကျောင်းက—

'ဦးက...'

အဘိုးအိုက ပြုံးပြပြီး ...

'မောင်ရင်လေး သက်သာသွားပြီမဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့'

'မောင်ရင်လေး အတော် ကိုက်ကောင်းတယ်၊ ကျုပ်ဆီကိုရောက်မလာရင် မလွယ်ဘူး'

'ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်ခင်ဗျာ'

အဘိုးအိုက -

'မောင်ရင်လေးက ခရီးသွားရင်း မိုးမိလာတာ ထင်တယ်'

ဟု မေးလေသည်။

သူက....

'ဟုတ်ပါတယ်ခင်ဗျာ'

'မောင်ရင်လေး ဘယ်ကိုသွားမလို့လဲကွယ့်'

'ကျွန်တော်...'

သူ ရုတ်တရက် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

အဘိုးအိုက....

'မောင်ရင်လေးကိုကြည့်ရတာ အလုပ်အကိုင်ရှာဖို့ တစ်နေရာရာကို သွားမယ်လို့ ကျုပ်ထင်မိတယ်၊ ဟုတ်ရဲ့လားကွယ့်'

ဟု မေးလေသည်။

သူ ခေါင်းညိတ်ပြီး..

'ဟုတ်ပါတယ်ခင်ဗျာ'

အဘိုးအိုက—



'ဒါဖြင့် ကျုပ်ကို ကူညီပါလားကွယ်'

'ဗျာ....'

'မောင်ရင်လေး ကျုပ်ကို ကူညီနိုင်ရင် သိပ်ကောင်းမှာပဲကွယ်၊ ကျုပ်မှာ အကူအညီလိုနေလို့ပါ'

ထိုအဘိုးအိုသည် သူ့အား ကူညီခဲ့သူဖြစ်သည်။

ထို့ကြောင့် ပြန်လည် ကူညီသင့်သည်ဟု တွေးမိကာ....

'ဟုတ်ကဲ့၊ ကျွန်တော် ဘာကူညီရမလဲဆိုတာ ပြောပါခင်ဗျာ'

ဟု မေးလိုက်လေသည်။

အဘိုးအိုက ..

'အမှန်အတိုင်းပြောရရင် ကျုပ်ဟာ သိုင်းပညာရှင်တစ်ယောက်ပါ၊ ခုလို တောထဲတောင်ထဲမှာ လာနေရတာက လျှို့ဝှက်တဲ့ သိုင်းပညာတစ်မျိုးကို လာပြီး လေ့ကျင့်နေတာပါ'

ဟု ရှင်းပြလေသည်။

စုကျောင်း စိတ်ဝင်စားသွားသည်။

အဘိုးအို က...

'ကျုပ်ရဲ့ပညာကို လေ့ကျင့်တဲ့နေရာမှာ ကူညီမယ့်အဖော် တစ်ယောက် လိုနေပါတယ်၊ ဒါကြောင့် ကူညီပါလို့ မေတ္တာရပ်ခံပါတယ်'

စုကျောင်းက....

'ကျွန်တော် ဘယ်လိုကူညီရမလဲ၊ ပြောပါ ခင်ဗျာ'

ဟု မေးလိုက်သည်။

အဘိုးအို က—

'ကျုပ်နဲ့ အတူတူ သိုင်းပညာလေ့ကျင့်ဖို့ပါပဲ'

'ဗျာ'

'မောင်ရင်လေးက ကျုပ်နဲ့အတူ လိုက်ပါ သော့ကျင့်မှ ကျုပ်ရဲ့ပညာ ဘယ်လိုအခြေအနေရှိတယ်ဆိုတာ မျက်မြင် မပြတ် အကဲခတ်သိရှိနိုင်မှာပါ၊ ကျုပ်ကိုကူညီပါလို့ မေတ္တာရပ်ခံပါတယ်'

ထိုအဘိုးအို မည်သူမည်ဝါဖြစ်ကြောင်း စုကျောင်း မသိပါ။

သို့သော်....

သူ့အား ကူညီခဲ့သည့် ကျေးဇူးရှိနေသဖြင့် ပြန်လည်ကူညီရန် ဆုံးဖြတ်လိုက်လေသည်။



'ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် ကူညီပါမယ်'

ဟု ပြောလိုက်လေသည်။

အဘိုးအို ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာကွယ်၊ သိပ်အကြာကြီးတော့မဟုတ်ပါဘူး၊ တစ်လလောက်ကူညီရင် ကျေးဇူးတင်ပါတယ်'

သို့ဖြင့်—

စုကျောင်းသည် မမျှော်လင့်ဘဲ အဘိုးအိုတစ်ယောက်နှင့် တွေ့ဆုံခဲ့ရပြီး သိုင်းပညာသင်ရမည့်ဘဝသို့ ရောက်ခဲ့ရတော့သည်။

* * *

အတိုးအုိသည် ထူးခြားသူတစ်ယောက်ဖြစ်လေသည်။
သူ၏ သိုင်းပညာသည်လည်း ထူးခြားသည့်ပညာရပ်ဖြစ်လေသည်။
သူတို့သည် နေ့ဘက်တွင် ဘောင်ထိပ်ကာ ခုပေါ်သို့ တက်ရောက်ကာ ထွက်ပေါ်လာစ နေဝန်းအား အာရုံပြုကာ လေ့ကျင့်နေကြခြင်း ဖြစ်သည်။
အတိုးအုိက သူ၏ပညာမှာ 'နေဝန်းကျင့်စဉ်' ဖြစ်ကြောင်း ပြောပြသည်။
သိုင်းကွက်များနှင့် ပတ်သက်၍ ခြေလက်များကို မည်သို့အနေအထားဖြင့် လှုပ်ရှားရမည့် အစီအစဉ်ကို မည်သို့အာရုံစူးစိုက်ရမည် စသည်ဖြင့် အသေးစိတ်ပြောပြသည်။
စုခကျောင်း စိတ်ဝင်စားလာသည်။
အတိုးအုိနှင့် အတူ ယှဉ်တွဲကာ လေ့ကျင့်ခဲ့သည်။
သို့ဖြင့်—
တစ်လဟူသော အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

*　　*　　*



တစ်လ…
တစ်လဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

တစ်နေ့လုံး သိုင်းပညာလေ့ကျင့်ခဲ့ကြပြီး ညဘက်သို့ရောက်သောအခါ အတိုးအုိကပင် စားသောက်ဖွယ်ရာများချပေးသည်။

နေ့စဉ် စားသောက်ပြီးလေတိုင်း အတိုးအုိက အစိမ်းရောင် စေးပျစ်ပျစ်အရည်တစ်ခွက်တိုက်သည်။

ထိုအရည်သည် ကျန်းမာရေးအတွက် အထောက်အကူပြုသလို ခွန်အားများ တိုးပွားစေသည်၊ အဆိပ်အတောက်…သမျှကို မှုစရာမလိုဟု ပြောပြလေသည်။

အလွန်အရသာရှိပြီး ရင်ထဲအေးမြမှုကို ဖြစ်ပေါ်လာစေ…ဖြင့် စုကျောင်းက နှစ်ခြိုက်မိသည်။

စားသောက်ပြီးစီးသွားသောအခါ အတိုးအုိက…

'မောင်ရင်လေး ကျုပ်ကိုကူညီတာ ကျေးဇူးပါပဲကွယ်၊ …က်ဖြန်ဆိုရင် မောင်ရင်လေး သွားချင်ရာကို သွားလို့ရပြီ'

ဟု ပြောလေသည်။

စုကျောင်းသည် အတိုးအုံနှင့်အတူ တစ်လနေတိုင်ခဲ့ရသည် ဖြစ်ရာ သစ်လုံးအိမ်လေးတွင် နေသားကျသလိုရှိနေပြီ ဖြစ်လေသည်။

တို့ကြောင့် ထွက်သွားရတော့မည် ဆိုသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

အတိုးအုံနှင့်အတူ နေထိုင်ခဲ့စဉ်ကာလအတွင်း ကျောက်စိမ်းဆံထိုး၏ နှောင့်ယှက်ခြင်း မခံရဘဲ အေးချမ်းစွာ နေထိုင်နိုင်ခဲ့သည် မဟုတ်ပါလား။

အတိုးအုံက—

'ကျုပ်ကို ကူညီခဲ့တဲ့အတွက် မောင်ရင်လေးလဲ သိုင်းပညာ အချို့ ရသွားပါပြီ၊ ဒါကြောင့် သိုင်းလောကထဲကို ဆော ရင်လဲ မျက်နှာမငယ်ရတော့ဘူး၊ မောင်ရင်လေးကို တစ်ယောက်ကလာပြီး နှောင့်ယှက်ရင် ကိုယ့်ကိုကိုယ် ကာကွယ် စောင့်ရှောက်နိုင်ပါပြီ'

ဟု ပြောလေသည်။

စုကျောင်း ပြုံးလိုက်သည်။



'ကျွန်တော့်ကို ဘယ်သူကမှ နှောင့်ယှက်ရဲကြမှာ မဟုတ်ပါဘူး'

ဟု ပြန်ပြောလိုက်သည်။

အတိုးအုံက....

'သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးတာ၊ သတိထားမှ ဖြစ်မယ်ကွယ့်'

စုကျောင်းက—

'ကျွန်တော်ကတော့ မပူပါဘူး၊ ဘာကြောင့်သဲဆိုရင် ကျွန်တော့်ကို ဒုက္ခပေးဖို့ကြံစည်ရင် အဲဒီလူဟာ မရှေးသွ သေပွဲဝင်ရမှာမို့ပါ'

အတိုးအုံက—

'ဘာဖြစ်လို့လဲ'

ဟု မေးလေသည်။

စုကျောင်းက....

'ကျွန်တော့်နောက်မှာ ကာကွယ် စောင့်ရှောက်မယ့်လူတွေ ရှိနေလို့ပါ'

အတိုးအို မျက်မှောင်ကုပ်သွားပြီး....

'ဘတ်သူတွေလဲ'

ဟု မေးလိုက်သည်။

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ ကျွန်တော်လဲ မသိပါဘူး'

'ဟော...'

အတိုးအို ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မင်းကို ကာကွယ်စောင့်ရှောက်တဲ့လူ ဘယ်သူလဲဆိုတာတောင် မင်း မသိဘူး၊ ဟုတ်လား'

စုကျောင်းက....

'ဟုတ်ပါတယ်'

'ဘယ်လိုဖြစ်တာလဲ'

စုကျောင်းက ကျောက်စိမ်း ဆံထိုးလေးအား ထုတ်ပြလိုက်သည်။

'ဟောဒီ ကျောက်စိမ်းဆံထိုးလေးကြောင့်ပါပဲ'

အတိုးအိုက ကျောက်စိမ်းဆံထိုးလေးအား မျက်မှောင်ကုပ်ကာ ကြည့်နေသည်။



စုကျောင်းက—

'ဒီကျောက်စိမ်းဆံထိုးလေးကို ကျွန်တော် မမျှော်လင့်ပဲရခဲ့ပါတယ်၊ အဲဒီနောက်မှာ'

ကျောက်စိမ်းဆံထိုးလေးနှင့် ပတ်သက်ပြီး ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်သည်

အတိုးအို အံ့ဩသွားသည်။

'ထူးဆန်းလိုက်တာ'

ဟု ရေရွတ်လိုက်၏။

စုကျောင်းက....

'ဦးဟာ ကျွန်တော်နဲ့ပတ်သက်ခဲ့ပါပြီ၊ ဒါကြောင့်ဦးကိုလဲ ကျောက်စိမ်းဆံထိုးက ဒုက္ခပေးနိုင်ပါတယ်၊ဒါကြောင့် သတိထားပါခင်ဗျာ'

ဟု ပြောလိုက်၏။

သူ၏ စကားအဆုံးတွင်....

'ဟား... ဟား .. ဟား'

အတိုးအိုက သဘောကျစွာ ရယ်မောလိုက်သည်။

စုခကျောင်းက တည်ကြည်သော မျက်နှာထားဖြင့်—

'ကျွန်တော် အမှန်အတိုင်းပြောပြနေတာပါ'

အတိုးအိုက—

'ကျုပ်ယုံကြည်ပါတယ်'

'ဒါဖြင့်'

'ကျုပ်က မင်းကို ဒုက္ခပေးမယ့်လူမှ မဟုတ်တာ ခင်းကို ကူညီခဲ့တာပဲ၊ ဒါကြောင့် ကျောက်စိမ်းဆံထိုးက ကျုပ်ဒုက္ခပေးမှာမဟုတ်ပါဘူး'

စုခကျောင်းက အတိုးအိုအား စိုက်ကြည့်လိုက်ပြီး…

'ဘာပဲဖြစ်ဖြစ် ကျောက်စိမ်းဆံထိုးဟာ ဒုက္ခပေးတတ်တယ်ဆိုတာ ဦးလက်ခံတယ်ပေါ့'

ဟု မေးလိုက်သည်။

အတိုးအိုခေါင်းညိတ်သည်။

'လက်ခံပါတယ်၊ ဘာကြောင့်ပဲဆိုတော့ ကျုပ်က မရဏကျောက်စိမ်းဆံထိုး ဒဏ္ဍာရီကို ကြားဘူးတားလို့ပါ'

'ဗျာ'



တကယ်တမ်း အံ့သြသွားရသူမှာ စုခကျောင်း ဖြစ်နေပါတော့သည်။

စုခကျောင်းသည် အတိုးအိုကို အကဲခတ်ကြည့်ရင်း….

'မရဏ ကျောက်စိမ်းဆံထိုးဒဏ္ဍာရီ' ကျွန်တော့်ကို ပြောပြပါလားဗျာ'

ဟုမေးလိုက်သည်။

အတိုးအိုက….

'မဖိုးသိချင်လို့လား'

'ဟုတ်ကဲ့—ကျွန်တော့်အဖြစ်အပျက်နဲ့ ပတ်သက်ဆက်နွယ်နေမလားလို့ပါ'

'သိပ်ဟုတ်တာပေါ့ဗျာ'

အတိုးအိုသည် စုခကျောင်း၏ လက်ထဲမှ ကျောက်စိမ်းဆံထိုးလေးအား ညွှန်ပြလိုက်ပြီး—

'မင်းလက်ထဲက ဆံထိုးလေးဟာ မရဏဆံထိုးပဲ ဖြစ်လိမ့်မယ်'

စုခကျောင်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

တောတောင်ထဲ၌ ထူးဆန်းသော အဘိုးအိုတစ်ယောက်နှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရသည်။

ထိုအဘိုးအိုထံမှ ကျောက်စိမ်းဆံထိုးနှင့် ပတ်သက်သော ဒဏ္ဍာရီတစ်ပုဒ်အား ကြားသိရတော့မည်မဟုတ်ပါလော။

အဘိုးအိုက....

'မရဏ ကျောက်စိမ်းဆံထိုးရဲ့ ဒဏ္ဍာရီကတော့ တခြားမဟုတ်ပါဘူး၊ တစ်ချိန်က သိင်းလောကတစ်ခုလုံး ကြောက်ရွံ့ရိုသေခဲ့ရတဲ့ 'မရဏဒေဝီ' ဆိုတဲ့ သိုင်းသမားတစ်ယောက်နဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ဒဏ္ဍာရီတစ်ပုဒ်ပါ'

စုကျောင်းက....

'ဟုတ်ကဲ့ ကျွန်တော့်ကိုပြောပြပါလား'

အဘိုးအိုက—

'သိပ်ပြီးထူးဆန်းတာတော့မဟုတ်ပါဘူး၊ မရဏဒေဝီဟာ သိုင်းပညာပိုင်ဘက်ကင်းအောင် တော်တယ်၊ သိုင်းလောကတစ်ခုလုံးမှာ ယှဉ်ပြိုင်နိုင်စံတဲ့လူမရှိခဲ့ဘူး၊ ရုပ်ရည်ကလဲနတ်သမီးတမျှ ချောမောလှပတယ်လို့ဆိုကြတယ်၊ သူ့မှာ သံမဏိ



စည်းမျဉ်းတစ်ခုရှိတတ်၊ အဲဒါကတော့ သူ့ရဲ့ ကျောက်စိမ်းဆံထိုးကို ရယူနိုင်ရင် ဘယ်လို လူစားမျိုး ဖြစ်ပါစေ သူက လက်ထပ်မယ် ဆိုတာပါပဲ။

စုကျောင်း ထိတ်လန့်သွား၏။

သူက ကျောက်စိမ်းဆံထိုးအား မမျှော်လင့်ဘဲ ရရှိခဲ့သည်မဟုတ်ပါလား။

အဘိုးအိုက ဆက်ပြောလေသည်။

'သိုင်းလောကသားတွေဟာ မရဏဒေဝီကိုလိုချင်မက်မောပြီး ကျောက်စိမ်း ဆံထိုးကို ရယူဖို့ ကြိုးစား ခဲ့သေးတယ်၊ ဒါပေမယ့် အဲဒီလို ကြိုးစားတဲ့လူဟူတစ်ယောက်မှ အသက်မရှင်ကြတော့ဘူး၊ နောက်ပိုင်း ဘယ်သူမှ မကြိုးစားရဲတော့ဘူးပေါ့'

စုကျောင်းက....

'မရဏဆံထိုးကို ရယူဖို့ ကြိုးစားတဲ့လူတွေ ဘာကြောင့် အသက်မရှင်ကြတော့တာလဲ'

ဟု မေးလိုက်၏။

အဘိုးအိုက....

'ကျောက်စိမ်းဆံထိုးဟာ မရဏဒေဝီရဲ့လက်ထဲမှာ ရှိနေတာပဲ၊ ဒါကြောင့် လိုချင်တဲ့လူတွေဟာ အန္တရာယ်နဲ့ရင်ဆိုင်ရပြီး အသက်ပျောက်ကုန်ကြတာပေါ့'

စုကျောင်းက—

'မရဏဒေဝီက ရှင်းပစ်လိုက်တာ ဟုတ်လား.'

ဟု မေးလေသည်။

အဘိုးအိုက....

'ဟုတ်တယ်လို့ ပြောရမှာပဲ'

'ဟင်... သူပဲ စည်းကမ်းထုတ်ထားတယ်မဟုတ်လား'

'သူ စည်းကမ်းထုတ်လိုက်တာဟာ သူ့ကိုအနိုင်ယူနိုင်တဲ့လူပေါ်လာအောင်လို့ပေါ့'

'ဩော်....'

'သူ့ကိုတောင်မနိုင်ဘူးဆိုတော့ အသုံးမကျဘူးဆိုပြီး ရှင်းပစ်လိုက်တာပေါ့'

စုကျောင်းက ပင့်သက်ရှိုက်လိုက်လေသည်။



မရဏဒေဝီသည် အလွန်ရက်စက် ကြမ်းကြုတ်သည့် အမျိုးသမီးတစ်ယောက်ဟု ယူဆလိုက်လေသည်။

အဘိုးအိုက—

'အမှန်အတိုင်း ပြောရရင်တော့ မရဏဒေဝီရဲ့ လက်ရုံးတပည့်နှစ်ယောက်ကြောင့် ကျောက်စိမ်းဆံထိုးလိုချင်သူတွေ အသက်ပေးလိုက်ရတာပေါ့'

'မရဏဒေဝီမှာ တပည့်နှစ်ယောက် ရှိသေးတယ်ပေါ့'

'ဟုတ်တယ်'

စုကျောင်းက....

'ဒါဆို မရဏဒေဝီရဲ့ တပည့်နှစ်ယောက်ဟာလဲ အတော်ကို ကြောက်စရာကောင်းမှာပဲ'

ဟု ပြောလိုက်လေသည်။

အဘိုးအို ပြုံးလိုက်သည်။

'သိုင်းလောကသားတွေကတော့ သူတို့ဟာ ငရဲပြည်ကလာကြတာလို့ ပြောကြတာပဲ'

စုကျောင်းက....

'သူတို့လုပ်ရပ်ဟာ အဲဒီလိုပြောရမလို ဖြစ်နေတာကိုး'

အဘိုးအိုက—

'အမှန်တော့ သိုင်းလောကသားတွေရဲ့ စိတ်ထားထူးခြားသလို သူတို့ရဲ့စိတ်ထားလဲ ထူးခြားခဲ့ကြတာပါပဲကွယ်'

စုကျောင်း....

'အဲသည့်နောက်တော့....'

ဟု မေးလိုက်သည်။

အဘိုးအိုက—

သိုင်းလောကသား တွေဟာ မရဏဒေဝီကို မကောင်းဆိုးဝါးလို့ သတ်မှတ်ပြီး ဝိုင်းဝန်း တိုက်ခိုက် ကြတယ်လေ၊ ဒါကြောင့် မရဏဒေဝီတို့လဲ ရှောင်တိမ်း ပျောက်ကွယ်သွားခဲ့ကြရတယ်၊ ဒါပေမယ့် သူတို့ဟာ သိုင်းလောကကို မကျေနပ်ကြဘူး၊ တစ်နေ့ သိုင်းလောကတစ်ခုလုံးကိုဖျက်ဆီးပစ်မယ်လို့ ဆုံးဖြတ်ထားကြတယ်ကွဲ့'

စုကျောင်းက....

'ဒါဟာ တကယ့်အဖြစ်အပျက်လား၊ ဒဏ္ဍာရီလားဗျ'

ဟု မေးယက်သေသည်။

အဘိုးအိုက...

'သိုင်းလောကသားတွေ ပြောနေကြတဲ့ ဒဏ္ဍာရီတစ်ပုဒ်ပေါ့ကွယ်'

စုကျောင်းက—



'ဒဏ္ဍာရီဆိုရင် ဒီကျောက်စိမ်းဆံထိုးကကော'

လက်ထဲမှကျောက်စိမ်းဆံထိုးကို ထောင်ပြကာ မေးလိုက်သည်။

အဘိုးအို ပြုံးလိုက်ပြီး....

'ဒါဟာ ဒဏ္ဍာရီရဲ့ သက်သေအထောက်အထားပေါ့'

စုကျောင်း ခေါင်းခါယမ်း၍—

'ကျွန်တော် ဘာမှနားမလည်နိုင်တော့ဘူးဗျာ'

ဟု ပြောလိုက်၏။

အဘိုးအိုက....

'ဒ်ကိစ္စဟာ နားလည်စရာကောင်းတဲ့ ကိစ္စမှ မဟုတ်တာဘဲ'

သူသည် အဘိုးအိုကိုကြည့်ရင်း ထူးခြားသည်ဟု စိတ်ထဲထင်မှတ်လာသည်။

ထို့ကြောင်—

'ကျွန်တော် ဒီကိုရောက်လာတာ တစ်လရှိသွားပါပြီ၊ ဦးရဲ့နာမည်သို့တောင် မသိရသေးပါဘူး၊ ကျေးဇူးပြုပြီး ပြောပြပါလားဗျာ'

ဟု မေးလိုက်၏။

အဘိုးအိုက –

'ခြော်–မင်းသိချင်ရင် ပြောပြရတာပေါ့၊ ကျုပ်နဲ့နာမည်က လကျာ်ရံလို့ခေါ်တယ်'

'လကျာ်ရံ ဟုတ်လား'

'ဟုတ်တယ်၊ လက်ဝဲရံဆိုတာလဲ ရှိသေးတယ်'

'လကျာ်ရံ လက်ဝဲရံဆိုတော့ ဦးတို့က'

'ကျုပ်တို့က မရဏဒေဝီသခင်မရဲ့ ကျေးကျွန်တွေပေါ့ကွယ်'

'ဗျာ'

သူ ထိတ်လန့်သွားသည်။

တိုင်ရာမှ ဇုန်းခနဲထရပ်မိလိုက်၏။

အဘိုးအိုက ရယ်မော၍–

'ဟဲ ဟဲ ဟဲ....မင်းဟာ ကျောက်စိမ်းဆံထိုးကို ရယူနိုင်ခဲ့တာကြောင့် မင်းကို ကျုပ်တို့က စောင့်ရှောက်နေကြရတာပေါ့'

သူ၏ရယ်သံနှင့် စကားသံသည် ပုရစ်အော်သံပမာ သေးငယ်စူးရှသောအသံအဖြစ် ချက်ချင်းပြောင်းလဲသွား၏။

သူ မျက်လုံးပြူးသွားသည်။



'ခင်–ခင်ဗျား'

ရှက်တရက်....

အဘိုးအို၏ရုပ်သွင်မှာ မှုန်ဝါးသွားပြီး အရိပ်တစ်ခုအဖြစ် ပြောင်းလဲသွား၏။

သူ ခြေဖျားလက်ဖျားများ အေးစက်သွားသည်။

'ခင်ဗျားတို့ဟာ မကောင်းဆိုးဝါးတွေပဲ'

ဟု အော်ပြောလိုက်၏။

အဘိုးအိုက–

'မင်းဟာ မရဏဒေဝီရဲ့ ကြင်ယာတော်ဖြစ်နေပြီ'

ဟု ပြောကာ ရယ်မောနေ၏။

သူ၏စကားသံ ရယ်မောသံသည် ပဲ့တင်ထပ်ကာ ထွက်ပေါ်လာ၏။

သူသည် မျက်လုံးပြူးကာ အဘိုးအိုအား သေသေချာချာကြည့်လိုက်သည်။

အဘိုးအိုသည် လူရိပ်တစ်ခုအသွင်သာ ရှိတော့သည်။

မျက်လုံး နှာခေါင်း ပါးစပ် စသည့်အင်္ဂါအစိတ်အပိုင်းများ မတွေ့ရတော့ပါ။

သူ ခေါင်းခါယမ်းလိုက်သည်။

'ဒါ မဖြစ်နိုင်ဘူး'

ဟု စူး စူးဝါးဝါးအော်ဟစ်ရင်း ခေါင်းထဲ မှို
ဖြစ်သွားလေတော့သည်။

အဆိပ်သင့်လူ

'အား'

ုကျောင်း စူးရှစွာအော်ဟစ်လိုက်၏။

ကပ်ပျာကယာ ခုန်ထလိုက်သည်။

ထိုအခါမှ—

သူသည် သစ်ပင်ကြီးတစ်ပင်အောက်၌ ခွေခွေကလေး လဲ
ျောင်းနေသည့်အဖြစ်ကို တွေ့လိုက်ရသည်။

သူ၏အတွေးအစားများ စိုးရွံ့နေ၏။

သူ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်နေသည်။
'ငါဖျားနေပါလား'

ဟု ရေရွတ်လိုက်မိသည်။

သူ့အား မိုးမိအော ဖျားနေပြီဖြစ်သည်။

သူ လူးလိမ့်ထလိုက်သည်။

တောအုပ်တစ်ခုအတွင်း၌ ရောက်ရှိနေခြင်းပင်။

သူဟာ အဘိုးအိုနှင့် ဆုံတွေ့ခဲ့ရသည့်အဖြစ်ကို ပြန်လည်မတွေးတောစဉ်းစားလိုက်၏။

'ဒါ ငါ့အိပ်မက်တွေ မက်နေတာပဲဖြစ်မယ်'

သူက ဟိုဟိုသည်သည်ကြည့်လိုက်သည်။

ထိုစဉ်....

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စုကျော်င်း ဝမ်းသာသွားလေသည်။

'ငါ မြင်းလှည်းကိုတားပြီး ခရီးကြုံလိုက်သွားလို့ရရင်ကောင်းမှာပဲ'

ဟု တွေးလိုက်မိ၏။



ပတ်ဝန်းကျင်၌ မြေကွက်လပ်လည်း မရှိပါ။ သစ်လုံးအိမ်လည်း မရှိပါ။

အဘိုးအို၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

စုကျော်င်းသည် မြင်းခွာသံထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။
မြင်းခွာသံသည် ဝဲဘက်ဘစ်နေရာမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

စုကျော်င်းသည် မြင်းခွာသံထွက်ပေါ်သာရာဆီသို့ ဦးတည်အပ် လှမ်းသွားလိုက်၏။

သို့သော်....

မြင်းခွာသံသည် တစ်စဘက်တစ်စ ဝေးသွားပြီး နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

စုကျော်င်း စိတ်ပျက်သွားသည်။
ခပ်သွက်သွက်လေး ပြေးထွက်သွားရာ တောအုပ်ကို လွန်မြောက်ပြီ၊ တောလမ်းလေးတစ်ခုသို့ ရောက်ရှိသွားလေသည်။
တောလမ်းပေါ်တွင် မြင်းလှည်းဘီးရာများကို တွေ့ရသော်လည်း မြင်းလှည်းကို မတွေ့ရပါ။

စုကျော်င်းက —
'ဘာပဲဖြစ်ဖြစ် ဒီလမ်းလေးအတိုင်းသွားရင် လူနေမြို့ရွာတစ်ခုခုကို ရောက်သွားမှာပဲ'

ဟု ကျွေးကာ ရှေ့ဆက်လျှောက်သွားလိုက်၏။

မကြာပါချေ၊ သူ့အခဘွား မှန်ကန်နေကြောင်းတွေ့လိုက်ရတော့သည်။

အရှေ့ဘက်တွင် စုစုရုံးရုံးရှိနေသော အဆောက်အဦးများကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ခရီးသည်များ ခရီးတစ်ထောက်နားလို့လေ့ရှိသော ကြားစခန်းတစ်ခုဖြစ်လေသည်။

စုကျောဝ်းသည် ထိုကြားစခန်းလေးသို့ ဦးတည်ကာ ခရီးနှင်လိုက်တော့သည်။

* * *



နေရောင်ခြည် ဖြာကျနေသည်။

ကောင်းကင်ပေါ်တွင် မိုးသားတိမ်လိပ်များ ကင်းစင်ကာ ကြည်လင်သာယာနေသည်။

စုကျောဝ်း၏ အဝတ်အစားများလည်း ခြောက်သွေ့သွားပြီဖြစ်သည်။

ထူးခြားသည်မှာ သူ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက်လောင်နေခဲ့ရာမှ လူကောင်းပကတိ ပြန်ဖြစ်သွားခြင်းပင်။

စုကျောင်းသည် ကြားစခန်းလေးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ကြားစခန်းတွင် လူစည်ကားနေပါသည်။

စုကျောင်းက ဟိုဟိုသည်သည်ကြည့်ပြီး စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။

ဆိုင်ထဲ၌လည်း စားသောက်နေကြသူများဖြင့် စည်ကားနေသည်။

စုကျောင်းမှာ ချောင်ကျကျ ဆိုင်ထောင့်တစ်နေရာတွင် နေရာရပြီး စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်လေသည်။

ဗိုက်ထဲဆာလောင်နေရကား အားရပါးရ စားသောက်လိုက်စဉ်မှာပင်....

'ဒီကိစ္စကို မဖြေရှင်းနိုင်ရင် မလွယ်ဘူး'

'ဟုတ်တယ်၊ သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားရတဲ့ ကိစ္စပဲ'

'ကျုပ်တို့အားလုံး သတိထားကြရမယ့်သဘောရှိတယ်ဗျ'

တစ်ဖက်စားပွဲမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုကျောင်း မျက်မှောင်ကုပ်သွားသည်။

တစ်ဖက်စားပွဲမှ လူများအား အကဲခတ် ကြည့်လိုက်လေသည်။

ထိုလူများသည် သိုင်းသမားများ ဖြစ်ကြပုံရှိသည်။

ဘာကိုမှ အမှုမထားဘဲ စားသောက်ရင်း စကားပြောဆိုနေကြလေသည်။

စုကျောင်းက ကိုယ်နှင့်မဆိုင်ဟု သဘောထားကာ ဖြစ်လည်း စားသောက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်—

'ချန်အန်းလို မြို့ကြီးပြကြီးမှာ ဒီလိုကိစ္စမျိုး ဖြစ်ပေါ်တာ အတော့်ကို အရုပ်ဆိုးတာပဲ'

'ဒါပေါ့ကွာ၊ သိုင်းဆရာကြီး ယင်းချူးကလဲ သေသူမဟုတ်ဘဲ၊ သူ့ရဲ့ သိုင်းသင်တန်း ကျောင်းတစ်ခုလုံး လုပ်ကြံခံလိုက်ရတာ ထိတ်လန့်စရာကောင်းနေတယ်'

ဟူသောစကားများ ကြားလိုက်ရသောအခါ စုကျောင်း မျက်နှာပျက်သွားလေတော့သည်။



သိုင်းတံခွန်တင်တန်းကျောင်းနှင့် ပတ်သက်ပြီး ပြောဆိုနေကြသည် မဟုတ်ပါလား။

သူသည် ထိုသိုင်းသင်တန်းကျောင်း၌ တစ်ဦးတစ်ယောက်တည်း အသက်ရှင်ကျန်ရစ်ခဲ့သူ ဖြစ်ပါသည်။

ဆရာကြီး ယင်းချူးတို့ သေဆုံးသွားခဲ့ကြရသည်မှာ ကျောက်စိမ်းဆံထိုးကြောင့်ဟု ဆိုနိုင်သည်။

**အကယ်၍**...

ထိုဖြစ်မှုန်ကိုသာ သိုင်းလောကသားများ သိနိုင်ကြမည်ဆိုပါလျှင်....

စုကျောင်းသည် စားသောက်ဆိုင်ထဲမှ ချက်ချင်း ထွက်သွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

စကားသံများကား ဆက်၍ ထွက်ပေါ်နေဆဲ....

'ဆရာကြီး ယင်းချူးဟာ ထိပ်သီး သိုင်းသမားပညာရှင်ကြီး တစ်ယောက်ပါ၊ ရန်ငြိုးရန်စလဲ မရှိဘူး၊ သိုင်းလောကအကျိုးအတွက် ဆောင်ရွက်နေတာ လူချစ်လူခင်လဲ များပါတယ်၊ ဘာကြောင့်များ သူ့ကို တိုက်ခိုက်လုပ်ကြံရတာလဲ'

'အေးဗျ၊ ဒီကိစ္စကို အဖြေဖော်ထုတ်နိုင်ရင် တရားခံပေါ်ပြီ'

'သိုင်းအဖွဲ့အသီးသီးက ဒီကိစ္စအဖြေဖော်ထုတ်ဖို့ ဝိုင်းဝန်းကြိုးစားနေကြတယ်၊ ရှောင်လင်ကျောင်းက လူတွေကတော့ ဆရာကြီး ယင်းချူးရဲ့ အလောင်းကို စစ်ဆေးပြီး ထူးခြားတဲ့ လက်ဝါးသိုင်းတစ်ခုကြောင့် သေဆုံးသွားရတာလို့ မှတ်ချက်ချကြတယ်'

'ဘာလဲ၊ ကျောက်စိမ်းလက်ဝါးသိုင်းပညာလို့ ခင်များဆိုလိုချင်တာလား'

'ကျုပ်ပြောတာ မဟုတ်ပါဘူး၊ ရှောင်လင်ကျောင်းက လူတွေရဲ့ သုံးသပ်ချက်ကို ပြောပြတာပါ'

'ကျောက်စိမ်းလက်ဝါးသိုင်းကြောင့်ဆိုရင်တော့ မရဏဒေဝီရဲ့ အဆက်အနွယ်တွေ သိုင်းလောကမှာ ပြန်ပြီး ထွက်ပေါ်လာပြီထင်တယ်'

ထိုစကားကြားလျှင်....

'ဟင်'

စုကျောင်း လွတ်ခနဲ အသံထွက်သွားလေသည်။

တစ်ဖက်စားပွဲဝိုင်းမှ လူများက လှမ်းကြည့်လာကြလေသည်။



စုကျောင်း ရုတ်ထိတ်သွားပြီး ကပျာကယာ ခေါင်းငုံ့သွားလိုက်သည်။

ထိုလူများသည် စုကျောင်းကို အကဲခတ် ကြည့်လိုက်ပြီး အရှိန်မပျက် ဆက်၍ ပြောဆိုနေကြလေသည်။

'မရဏဒေဝီ ပျောက်သွားကတည်းက သိုင်းလောက အေးချမ်းသာယာသွားခဲ့တာ ကြာပြီ၊ ခုတော့ စိတ်မအေးစရာတွေ ဖြစ်လာရပြီ'

'မပူပါနဲ့ဗျာ၊ ကျုပ်တို့ သင်ခန်းစာရပြီးပြီပဲ၊ ဒီတစ်ခါ အနှောင့်အယှက်ပေါ်လာတာနဲ့ စုပေါင်းပြီ ဆုံးမလိုက်ကြတာပေါ့ဗျာ'

'ဟုတ်တယ်၊ သိုင်းလောကသားတွေ ညီညွတ်ကြမယ်ဆိုရင် သူတို့ဘာခံနိုင်မှာလဲ'

'သိပ်မှန်တာပေါ့ဗျာ'

အားလုံး သဘောကျစွာဖြင့် ရယ်မောလိုက်ကြသည်။

စားသောက်ပြီးစီးသွားကြပြီဖြစ်ရာ ကျသင့်ငွေပေးချေပြီး ထွက်သွားကြလေသည်။

ထိုအခါမှ စုကျောင်း စိတ်သက်သာရသွားလေသည်။

'ဟူး—တော်ပါသေးရဲ့'

က ညည်းတွားလိုက်မိသည်။
ထိုလူများပြောဆိုကြရာတွင် မရဏဒေဝီ၏အမည် ပါလာသဖြင့် သူက အမှုအရာပျက်သွားခဲ့သည် မဟုတ်ပါလား။

မရဏဒေဝီ....

သူ့အား ထူးဆန်းသောအဘိုးအိုပြောခဲ့သော အမည်တစ်ခုဖြစ်သည်။

ကျောက်စိမ်းဆံထိုးဖိုင်ရှင်လည်းဖြစ်သည်။

လူက အဘိုးအိုနှင့် ကြုံတွေ့ခဲ့ရသည်ကို အိပ်မက်တစ်ခုဟု မှတ်ယူထားခဲ့သည်။

ယခုတော့—

မရဏဒေဝီဟူသော အမည်မှာ အပြင်လောကတွင် အမှန်တကယ်ရှိနေသည် မဟုတ်ပါလား။

စုကျော်၊ ထိတ်လန့်သွားလေသည်။
'ငါ့အိပ်မက်မက်ခဲ့တာလား၊ တကယ်ပဲ တွေ့ခဲ့ရတာလား'
စုကျော် ဝေခွဲမရတော့ပါ။

ထိုစဉ်—

'မရဏဒေဝီ ထွက်ပေါ်လာရင်း စုပေါင်းရင်ဆိုင်လို့ရမယ် ထင်နေကြတာ သိပ်ကို ရယ်ဖို့ကောင်းတာပဲ'



တီးတိုးစကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။
စုကျော် ရင်ထိတ်သွားပြီး တဖျာကယာ လှမ်းကြည့်လိုက်၏။
ထိုအခါ...
မလှမ်းမကမ်းရှိ စားပွဲတစ်လုံး၌ တစ်ယောက်တည်းထိုင်စားသောက်နေသော အဘွားအိုတစ်ယောက်က ရေ(?)တ်နေခြင်း ဖြစ်သည်ကို တွေ့လိုက်ရလေတော့သည်။

* * *

စုကျောင်းက လှမ်းကြည့်လိုက်သောအခါ အဘွားအို
ကလည်း သူ့အားပြုံး၍ ကြည့်နေသည်ကို တွေ့ရသည်။
စုကျောင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

အဘွားအိုက...
'သူတို့က ကြီးကြီးကျယ်ကျယ် လျှောက်ပြောနေကြတာ
ဟု ပြောသည်။

စုကျောင်း ရင်ထိတ်သွားသည်။

မကောင်းတတ်၍ ပြုံးပြလိုက်ရသော်လည်း အဘွားအို
နှင့် စကားမပြောလိုချေ။

အဘွားအို မည်သူမည်ဝါဖြစ်ကြောင်းမသိသလို
အတွက် ရန်သူလော မိတ်ဆွေလော ခွဲခြားမရ၍ဖြစ်လေသ
အဘွားအိုက—

'မင်းကတော့ အင်မတန်ကံကောင်းတဲ့ လူငယ်လေး
ယောက်ပဲ'

ဟု ပြောလာသည်။

'ဗျာ'

စုကျောင်း မျက်နှာပျက်သွားသည်။

အဘွားအိုသည် သူ့အား ရည်ရွယ်ကာ ပြောဆိုလာ
မဟုတ်ပါလား။



အဘွားအိုက ရယ်မောလိုက်သည်။

'မင်းကိုမှ ကံကောင်းတယ်လို့ မပြောရင် ဘယ်သူ့ကိုမှ
ကံကောင်းတယ်လို့ ပြောနိုင်တော့မှာ မဟုတ်ဘူး'

ဟု ထပ်ပြောလာလည်း။

စုကျောင်း မနေနိုင်တော့ပေ။

'ကျွန်တော်က ဘယ်လိုများ ကံကောင်းလို့လဲဗျ'

ဟု မေးလိုက်မိသည်။

ကျောက်စိမ်းဆံထိုးနှင့် ပတ်သက်ပြီးသည့် နောက်ပိုင်း
ကာလကပေါ်တွင် သူ့လောက် ကံဆိုးသူမရှိတော့ဟု ယူဆ
ထားသည်။

အဘွားအိုက—

'သိုင်းတံခွန်သင်တန်းကျောင်းမှာ အသက်ရှင်လျက် ကျန်
ရစ်ခဲ့တဲ့ မင်းတစ်ယောက်တည်းပဲ ရှိလို့ပေါ့'

ဟု အသံနှိမ့်ကာ နှစ်ကိုယ်ကြားပြောလေသည်။

'ဗျာ'
စုကျောင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။
အဘွားအိုက ထိုင်ရာမှထလိုက်သည်။

စုကျောင်း၏ စားပွဲဆီသို့ ကူးလာပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

စုကျောင်း ထိတ်လန့်တုန်လှုပ်နေသည်။

အဘွားအိုကမူ ပြုံးပြုံးရွှင်ရွှင်ရှိနေသည်။

စုကျောင်းကို ကြည့်ရင်း...

'မင်းဟာ သိုင်းတံခွန်အောင်တန်းကျောင်းက အသက်ရှင်လျက် ကျန်ရစ်ခဲ့တဲ့လူဆိုတာ ငါသိတယ်၊ ဒါပေမယ့် ငါက ဘယ်သူ့ကိုမှ ပြောမပြပါဘူး'

ထိုစကားကြောင့် စုကျောင်းက—

'ဒေါ်ဒေါ်က....

'ငါ ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ မင်းအကြောင်းကို သိုင်းလောကသားတွေ သိသွားကြရင် မင်း ဒုက္ခရောက်မှာ မကြောက်ဘူးလား'

ဟု မေးသည်။

စုကျောင်းက—



'ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ ကျွန်တော့်မှာ ကံမကောင်းတာ'

ဟု ပြောလိုက်သည်။

အဘွားအိုက.... သည်။

'ငါကတော့ မင်းဟာ လောကပေါ်မှာ ကံအကောင်းဆုံး လူတစ်ယောက်လို့ ထင်တယ်'

'ဗျာ'

'မင်း ကံကောင်းလို့ အသက်ရှင်နေတာပေါ့'

'ကျွန်တော်....'

စုကျောင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်၊

အဘွားအိုက....

'လူတစ်ယောက်ဟာ လောကပေါ်မှာ အသက်ရှင်နေတာလောက် ကံကောင်းတာ ဘာများရှိနေနိုင်ဦးမှာမို့လဲ'

ဟု ပြောသည်။

စုကျောင်း သက်ပြင်းချလိုက်သည်။

'ဒေါ်ဒေါ်က ကျွန်တော့်ကို ဘယ်လိုလုပ်ပြီး သိနေတာလဲဗျာ'

ဟု မေးလိုက်သည်။

အဘွားအို ရယ်မောလိုက်သည်။

'ဟင်း ဟင်း.... ငါက သိုင်းတံခွန်သင်တန်းကျောင်းကို ရောက်ခဲ့ဖူးတယ်လို့ သိနေတာပေါ့'

'ခြော်....'

'သိုင်းတံခွန် သင်တန်းကျောင်းပိုင်ရှင် ယင်းချူး ဟာ ထိပ်သီး သိုင်းသမားကြီး တစ်ယောက်ပဲ ဒါပေမယ့် သူက အမှားလုပ်မိလို့ ခုလို အဖြစ်ဆိုးနဲ့ကြုံတွေ့လိုက်ရတယ် ဆိုတာ ငါသိတယ်'

စုကျောင်းက....

'ဘယ်လိုအမှားမျိုး လုပ်မိလို့လဲဗျာ'

'သူက အထင်မသေးသင့်တဲ့လူကို အထင်သေးခဲ့တာ ဖြစ်မှာပေါ့'

စုကျောင်းငြိမ်နေလိုက်လေသည်။



အဘွားအိုက—

''ငါထင်တယ်၊ မင်းတစ်ယောက်တည်း ခုလိုကျန်ရစ်တာ သိုင်းလောကသားတွေသိသွားကြရင် မင်းဆီကိုစုပြုံပြီးရောက်လာကြမှာပဲ'

စုကျောင်း မျက်နှာပျက်သွားသည်။

သိုင်းလောကသားများနှင့် မပတ်သက်လို၍ဖြစ်လေသည်။

အဘွားအိုက—

''ငါက မင်းကိုကူညီမယ် ဆိုရင်ကော'

'ဗျာ...'

''မင်း အတွက် အကူအညီ လိုအပ်နေတယ်ဆိုတာ ငါသိတယ်ကွဲ့'

စုကျောင်းက အဘွားအိုအား မျက်မှောင်ကုပ်ကာ စိုက်ကြည့်လိုက်လေသည်။

အဘွားအိုက....

'ငါကို မင်းကိုကူညီပါ့မယ်'

ဟု ပြောလေသည်။

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော်က အကူအညီမလိုပါဘူးခင်ဗျာ'

အဘွားအိုက....

'မင်း တကယ်ပြောတာလား'

'တစ်ကယ်ပါ'

'ကောင်းပြီလေ… ခင်းကလက်မခံဘူး ဆိုတော့လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ မင်း အကူအညီလိုရင်တော့ ငါ့ကိုမမေ့နဲ့နော်'

စုံကျောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ စိတ်ချပါခင်ဗျာ'

အသွင်းအိုက—

'ဒါဖြင့် ကျုပ်သွားမယ်'

စကားဆုံးလျှင် ထိုင်ရာမှထကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

* * *



ခရီးတစ်ထောက်နားစခန်းလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

စုံကျောင်း ဆိုင်ထဲမှထွက်လာသောအခါ အသွားအိုအား မတွေ့ရတော့ပါ။

စုံကျောင်း စိတ်သက်သာရာရရှိသွားကာ ရှေ့ဆက်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

လမ်းသုံးလမ်းခွတစ်ခုသို့ရောက်လာသောအခါ မည့်သည့်လမ်းသို့သွားရမှန်းမသိဘဲ ခြေလှမ်းရပ်လိုက်မိ၏။

သူ၏ဘဝသည် ဦးတည်ရာမဲ့ဘဝမျိုးဖြစ်နေသည့် မဟုတ်ပါလား။

စုံကျောင်း တွေဝေငေးမောနေစဉ်မှာပင်—

'ခွပ် ခွပ်…ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုံကျောင်း လှည့်ကြည့်လိုက်ရာ မြင်းလှည်း တစ်စီးခရီးနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

စုံကျောင်း မျက်မှောင်ကုပ်သွား၏။

ထိုမြင်းလှည်းအား တွေ့မြင်ဘူးသည်ဟု စိတ်ထဲက ထင်မိခြင်းကြောင့် ဖြစ်လေသည်။

စုကျောင်း အကဲခတ် ကြည့်နေစဉ်မှာပင် မြင်းလှည်းသည် သူနှင့် မလှမ်းမကမ်းမှ ဖြတ်သန်းသွားရလေသည်။

မြင်းလှည်းအိမ်ထဲ၌ လူနှစ်ယောက် လိုက်ပါသွားသည်ကို တွေ့ရလေသည်။

အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

စုကျောင်း မျက်လုံးပြူးသွားလေသည်။

ထိုအဘိုးအိုနှင့်မိန်းကလေးအား သူကသိနေခြင်းကြောင့် ဖြစ်လေသည်။

စုကျောင်း ငေးကြည့်နေစဉ်မှာပင်....

'ဟေး...ဟေး'

'ဟေး...ဘေး'

မြင်းလှည်းမောင်းသူ၏ အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



မြင်းလှည်းသည် ရုတ်ခြည်း ရပ်တန့်သွားလေသည်။

မြင်းလှည်းမောင်းသမားသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလာပြီး စုကျောင်းထံသို့ လှမ်းလာလေသည်။

စုကျောင်းရင်ထဲ ဝမ်းသာပျော်ရွှင်လာလေသည်။

မြင်းလှည်းပေါ်၌လိုက်ပါသွားကြသူများသည် သူ့အား မမေ့ကြသေးကြောင်း တဒီရှားနေပြီ မဟုတ်ပါလား။

မြင်းလှည်းသမားသည် အနီးသို့ရောက်လာလျှင် ဦးညွတ်အရိုအသေပြုကာ....

'အစ်ကိုလေးကို ကျွန်တော့်သရာက ဖိတ်ခေါ်ခိုင်းလိုက်ပါတယ်'

ဟု ပြောလာလေသည်။

စုံကျောင်းသည် ချက်ခြင်းပင် မြင်းလှည်းသမားနှင့်လိုက်သွားလေသည်။

နှစ်ယောက်သား မြင်းလှည်းအနီးသို့ ရောက်ရှိသွားကြသောအခါ မြင်းလှည်းတံခါး ပွင့်သွားပြီး အဘိုးအိုနှင့်မိန်းကလေးတို့ ဆင်းလာကြလေသည်။

သူတို့သည်တောင်ပေါ် ဘုန်းကျောင်းကလေး၌နေထိုင်ခဲ့စဉ်က တွေ့ခဲ့ဖူးသူများ ဖြစ်ပေသည်။

အဘိုးအိုသည် သူဌေးကြီး စန်းမင်း ဟု အမည် ရှိပြီး မိန်းကလေးမှာ စန်းစန်း ဖြစ်လေသည်။

စန်းမင်းက—

'မောင်ရင်လေးဟာ တောင်ပေါ် ဘုန်းကျောင်းလေးမှာ ဂ ပ္ပိုပကြီးနဲ့ အတူနေခဲ့တယ်မဟုတ်လား'

ဟု မေးလာလေသည်။

စုကျောင်းက....

'ဟုတ်ပါတယ်ခင်ဗျာ'

စန်းမင်းက—

'ဒါကြောင့် တူပါတယ်ဆိုပြီး ကျုပ်က ခေါ်နိုင်းလိုက်တာ၊ မောင်ရင်လေး ကံကောင်းပြီး လွတ်မြောက်လာခဲ့တာပေါ့ ဟုယလား'

ဟု မေးလေသည်။

စုကျောင်း ကြောင်အမ်းအမ်း ဖြစ်သွားပြီး....



'ကျွန်တော်....'

စန်းမင်းက လက်ကာပြလိုက်သည်။

'သိပ်လဲ စိတ်မကောင်းဖြစ်မနေပါနဲ့ကွယ်၊ ဘုန်းကျောင်းတစ်ခုလုံး ခုလို ဖြစ်သွားမယ်လို့ ဘယ်သူကမှ မထင်ခဲ့ကြပါဘူး၊ ကံဆိုးမိုးမှောင်ကျတယ်ဆိုတာ ဒါမျိုးကို ခေါ်တာပေါ့ကွယ်'

ထိုစကားကြားလျှင် စုကျောင်း၏တစ်ကိုယ်လုံး တောင့်တင်းသွားလေတော့သည်။

သူထွက်လာခဲ့ပြီးနောက် သူနေထိုင်ခဲ့သောဘုန်းကျောင်းလေးမှာ အဖြစ်ဆိုးနှင့် ကြုံလိုက်ရပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်မိလေသည်။

စန်းမင်းက....

'မီးအကြီးအကျယ် လောင်ကျွမ်းသွားခဲ့တာပဲကွဲ့၊ ငြိမ်းသတ်ဖို့တောင် အချိန်မရလိုက်ဘူး၊ ဘုန်းကျောင်း တစ်ခုလုံး ပြာကျသွားတာ'

ဟု ပြောလေသည်။

စုကျောင်း မျက်နှာပျက်နေသည်။

ခေါင်းလောင်းသံများ ထူ ဆန်းစွာကြားရပြီး ကျောက်စိမ်း ဆံထိုးလေးအား ခေါင်းအုံးပေါ်၌ တွေ့လိုက်ရသော အခါ အခြေအနေမဟန်မှန်း ရိပ်မိလိုက်သဖြင့် စုကျောင်းက ဘုံကျောင်းကလေးမှ ချက်ချင်းထွက်လာခဲ့ခြင်းဖြစ်ပါသည်။

သို့တိုင်—
ကျောက်စိမ်းဆံဘိုး၏ မကောင်းဆိုးဝါးများသည် ဘုံကျောင်းလေးအား ဖျက်ဆီးပစ်လိုက်ကြပြီ ဖြစ်လေသည်။

'တော်တော်ရက်စက်တဲ့ လူတွေပဲ'

စုကျောင်းစိတ်ထဲမှ ညည်းတွားမိလိုက်လေသည်။

စန်းမင်းက....

'မင်း အခု ဘယ်သွားမလို့လဲကွဲ့'

'ဟု မေးလာလေသည်။

စုကျောင်းက....

'ဘယ်ကို သွားရမယ် ဆိုတာတောင် မပြောတတ်တော့ပါဘူး ခင်ဗျာ'

ဟု ပြောလိုက်ရာ သခင်ကြီး စန်းမင်း ကရုဏာသက်သွားပုံရလေသည်။



'သည်လိုဆိုရင် ကျုပ်နဲ့ လိုက်ခဲ့ပါလား'
'ကျွန်တော်....'
'လာပါကွာ'

'ဟုတ်ပါတယ်ရှင့်....ကျွန်မတို့နဲ့ လိုက်ခဲ့ပါ'

စန်းစန်းကလည်း ဝင်ပြောခလသည်။

စုကျောင်း ဝမ်းနည်းကြေကွဲလာလေသည်။

သူနှင့် ပတ်သက်မိသူတိုင်း ကံဆိုး သွားတတ်ကြသည် မဟုတ်ပါလား။

သူ့ကြောင့် စန်းမင်းတို့ သားအဖ ဒုက္ခမရောက်စေလိုတော့ပါ။

ထို့ကြောင့်—

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် မလိုက်ခဲ့ပါရစေနဲ့'

ဟု ပြောလိုက်လေသည်။

စန်းမင်း အံ့ဩသွားလေသည်။

'ဘာဖြစ်လို့လဲ'

ဟု မေးသည်။

စုကျောင်းက ...

'ကျွန်တော်....'

စန်းမင်းက—

'မင်းကို ကျုပ်တို့ ကူညီမှာပါ၊ ဘာမှ အားမငယ်ပါနဲ့၊ လိုက်ခဲ့ပါ'

စုကျောင်းသည် ကိုယ့်အကြောင်းကိုယ်သိ၍—

'ကျွန်တော် မလိုက်ခဲ့ပါရစေနဲ့ဗျာ'

ဟု တောင်းပန်လိုက်လေသည်။

စန်းမင်း မျက်မှောင်ကုပ်သွားသည်။

စုကျောင်းတွင် အခကြောင်းတစ်ခုခုရှိနေလိမ့်မည်ဟု ဆင်ခြင်မိလိုက်ပြီး—

'ကောင်းပြီလေ၊ အကူအညီလိုရင် ကျုပ်ဆီကို အချိန်မရွေး လာနိုင်ပါတယ်'

ဟု ပြောလိုက်သည်။

စုကျောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ် ခင်ဗျာ'

စန်းမင်းနှင့် စန်းစန်းတို့ သားအဖသည် စုကျောင်းကို နှုတ်ဆက်ကာ မြင်းလှည်းပေါ် တက်ပြီး ထွက်ခွာသွားကြလေသည်။

* * *



'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ တဖြည်းဖြည်း ဝေးသွားလေသည်။

စုကျောင်းသည် မြင်းလှည်းကို ငေးမောကြည့်နေမိသည်။ မြင်းလှည်း ၍ ဝေး၍ဝေး၍သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

စုကျောင်းသည် သက်ပြင်းချလိုက်သည်။

မမျှော်လင့်ဘဲ သူက စန်းစန်းကို သံယောဇဉ်ဖြစ်မိလေသည်။

သို့သော်—

သူနှင့် ပတ်သက်သူတိုင်း ဒုက္ခရောက်တတ်ကြသည့်ဖြစ်ရပ်တမင်ရှောင်နေလိုက်ခြင်း ဖြစ်လေသည်။

ထိုစဉ် -

'လက်စသပ်တော့ မင်းမှာ ကူညီမယ့်လူတွေရှိနေတာကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအခါ....

မလှမ်းမကမ်းတွင် စားသောက်ဆိုင်ထဲ၌ တွေ့ခဲ့ရသော အဘွားအိုအား တွေ့လိုက်ရလေသည်။

စုကျောင်း စိတ်ပျက်သွားလေသည်။

အဘွားအိုသည် အနီးသို့ရောက်လာပြီး—

'သူတို့က ဘယ်သူတွေလဲ'

ဟု မေးလာလေသည်။

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် မသိဘူးဗျ'
အဘွားအို ရယ်မောလိုက်သည်။
'ဘာလဲ၊ ငါက ဒုက္ခပေးမှာ စိုးရိမ်လို့လား'
စုကျောင်းသည် အဖြေမပေးဘဲ အဘွားအိုအား စိုက်ကြည့်လိုက်ပြီး—
'ကျွန်တော့် မိတ်ဆွေဆိုရင် ဒေါ်ဒေါ်က ဒုက္ခပေးမှာလား'
ဟု ပြန်မေးလိုက်သည်။
အဘွားအို မျက်လုံးပြူးသွားလေသည်။
'ငါက ဒုက္ခပေးမယ် ဟုတ်လား'
'ဒေါ်ဒေါ် ဘယ်လိုသဘောထားသလဲလို့ မေးတာပါ'
အဘွားအိုက အဖြေမပေးပဲ....
'ငါက ဒုက္ခပေးမယ့်လူနဲ့ တူလို့လား'
ဟု ပြန်မေးပြန်သည်။
စုကျောင်းက—
'ကျွန်တော်က—'
'ကဲပါ.. မင်းက ငါနဲ့ လိုက်မလား'
'ဗျာ'
'ငါနဲ့ လိုက်မလားလို့ မေးတာ'
စုကျောင်း ခေါင်းခါယမ်းလိုက်သည်။
'ကျွန်တော် ဘယ်သူနဲ့မှ မလိုက်ပါဘူး'
'ဒါဖြင့်....'
'ကျွန်တော့်ဘာသာ ဘယ်ကိုပဲ ရောက်ရောက်ပေါ့ဗျာ'



အဘွားအို သက်ပြင်းချလိုက်သည်။
'မင်းဟာ တကယ့်ကို ကံကောင်းတဲ့ လူငယ်လေးတစ်ယောက်ပါ၊ ဘာကြောင့် ဒီလောက်တောင် စိတ်ပျက်နေရတာလဲ'
ဟု ပြောလေသည်။
စုကျောင်းက ဘာမှမပြောပဲ ထွက်လာခဲ့လေသည်။

## စိန်ခေါ်ခြင်း

စုကျောင်းသည် အကြီးအကျယ် စိတ်ခေါက်ကျဆင်းနေပြီး ခြေဦးတည့်ရာ လျှောက်လာခဲ့လေသည်။

သူ၏ စိတ်အစဉ်သည် စန္ဒာကိုယ်နှင့် တွဲဘက်မိခြင်း မရှိပဲ လွင့်ပါးနေ၏။

ထွက်ခွာသွားကြပြီဖြစ်သော စန်းစန်းတို့နောက်သို့ ပါသွားသည်ဟုပင် ဆိုနိုင်သည်။

အကယ်၍—



ကျောက်စိမ်းဆံထိုး...

ကျောက်စိမ်းဆံထိုးသည် ဒုက္ခပေးလှသည်ဟု တွေးကာ စုကျောင်း ဒေါသထွက်လာသည်။

'တောက်....'

စုကျောင်း တက်ခေါက်လိုက်မိသည်။

သက်မဲ့ ကျောက်စိမ်းဆံထိုးသည် သက်ရှိ လူသားတစ်ယောက်ဖြစ်သောသူအား အဘယ်ကြောင့် လှမ်းမိုးနေပါသနည်း။

စုကျောင်း အံကြိတ်လိုက်သည်။

'ငါ ဒီအတိုင်း ခေါင်းငုံ့ခံနေလို့ မဖြစ်သေးဘူး၊ ကျောက်စိမ်းဆံထိုး၍ နောက်ကွယ်မှာ လူပဲရှိရှိ မကောင်းဆိုးဝါး ဝိညာဉ်ပဲရှိရှိ ဖော်ထုတ်ရမှာပဲ'

ကျောက်စိမ်းဆံထိုး၏ နောက်ကွယ်မှ မကောင်းသော ပါတိတ်နိမိတ်များကို ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်လေသည်။

မည်သို့ ဖော်ထုတ်ရမည်နည်း။

စုကျောင်းသည် ဖော်ထုတ်ရမည့် နည်းလမ်းကို တွေးတော စဉ်းစားရင်း မြှောက်ကလျှောက်လာခဲ့ရာ မြို့တစ်မြို့သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

စုကျောင်းသည် မြို့ထဲသို့ရောက်လာသည့်တိုင် တွေးတော စဉ်းစားရင်း ပတ်ဝန်းကျင်ကို သတိမမူမိအောင် ဖြစ်နေလေသည်။

သို့ဖြင့်—



မြို့လယ်ပိုင်းသို့ ရောက်သောအခါ လမ်းကြားတစ်ခုတွင်းမှ ထွက်လာသူတစ်ယောက်နှင့် ရင်ဆိုင်တိုက်မိလိုက်လေသည်။

'အင့်'

စုကျောင်း တပျာတယာနောက်ဆုတ်လိုက်၏။

ယခုမှ သတိဝင်လာသည်။

သူနှင့် ဝင်တိုက်မိသူအား ကြည့်လိုက်လေသည်။

ထိုသူမှာ ခန္ဓာကိုယ် ထွားကြိုင်းသန်မာပြီး ခါးတွင် ဓား ချိတ်ထားလေသည်။

မျက်နှာထား တင်းမာသလို အရက်မူးနေပုံလည်း ရသည်။

ထိုသူက….

'ဟေ့ကောင်….မင်း မျက်စိလုံးမပါဘူးလား၊ သေချင်ပြီထင်တယ်'

ဟု ငေါက်လိုက်လေသည်။

စုကျောင်း ရင်ထိတ်သွားသည်။

ကပျာကယာ တောင်းပန်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်—

ကျောက်စိမ်းဆံထိုးနှင့် ပတ်သက်ပြီး လျှို့ဝှက်ချက် ဖော်ထုတ်ရန် ဆုံးဖြတ်ထားသည်ဖြစ်ရကား ချက်ချင်း စိတ် ပြောင်းသွားလေတော့သည်။

စုခကျောင်းသည် မျက်နှာထားတင်းတင်းဖြင့်....

'နှစ်ယောက်စလုံး သတိမပြုမိလို့ ဝင်တိုက်မိကြတာ ခင်ဗျားက တစ်ဖက်သတ် အပြစ်မပြောချင်စမ်းပါနဲ့'

ဟု ပြန်ပြောလိုက်လေသည်။

ထိုလူက....

'ဘာကွ'

စုကျောင်းက....

'ခင်ဗျားက မကျေနပ်ဘူးလား'

ဟု ခါးထောက်ကာ မေးလိုက်လေသည်။

ထိုလူ မျက်လုံးပြူးသွားသည်။

'ဘာပြောတယ်ကွ'

'ခင်ဗျား မကျေနပ်ဘူးလားလို့ မေးတာ'



ထိုလူက....

'အေးကွာ....မကျေနပ်ဘူး'

ပြောပြောဆိုဆို စုကျောင်း၏မျက်နှာကို လက်သီး တစ်လုံး ပစ်သွင်းလိုက်လေသည်။

စုကျောင်း ထိတ်လန့်သွားတော့သည်။

ကျောက်စိမ်းဆံထိုး သူ့ထံတွင် ရှိနေခြင်းကြောင့် သူ့အား ဒုက္ခပေးမည့်သူများ မရှုမလှ သေဆုံးသွားရသည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့်....

သူ့က ကိုယ့်လည်း ရန်ရှာပါက နောက်ကွယ်မှ လူက လိုက်လံဖြရှင်းနေရခြင်းဖြင့် အလုပ်ရှုပ်သွားမည် ဖြစ်သည်။

နောက်ဆုံး ပုန်းကွယ်၍မရဘဲ ထွက်ပေါ်လာရတော့မည်ဟု ယုံကြည်ထားသည်။

ထိုသို့တွေးမိခြင်းကြောင့် ဝင်တိုက်မိသူအား ခပ်ထန်ထန် ဆက်ဆံလိုက်ခြင်းဖြစ်သည်။

ယခုတော့—

သူ့အား ကာကွယ်စောင့်ရှောက်မည့်သူ မည်သည့်နေရာ၌ ရှိနေနိုး မသိရသေးပါ။

ထိုလူက တိုက်ခိုက်လာပြီ ဖြစ်လေသည်။

စုကျော်း ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

'ဂွီ'

ထိုလူ၏ လက်သီးထိုးချက်သည် စုကျော်း၏ မျက်နှာအနီးမှ တစ်ပွကာသီကာ ဖြတ်ကျော်သွား၏။

ကံကောင်း ထောက်မပြီး စုကျော်း သက်သာသွားခြင်း ဖြစ်လေသည်။

'ခြော်....မင်းက ဒီလိုလား'

ထိုလူက အံကြိတ်ရင်း...

'ဒီတစ်ခါ လွတ်အောင် ရှောင်နိုင်ရင် ရှောင်ပေတော့'

ဟု အော်ဟစ်ကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

စုကျော်း မျက်လုံးပြူးသွားသည်။

ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ပြန်သည်။

သို့သော်....

ထိုလူက တရကြမ်းဖိ၍ တိုက်လိုက်လာသောအခါ ရှောင်မလွတ်တော့နိုး သဘောပေါက်လိုက်မိလေသည်။



ထိုလူ၏ လက်ချက်ဖြင့် ဒုက္ခရောက်နေရတော့မည် ဖြစ်ရာ....

'နပ်လိုက်'

ဟု အော်ပေါက်ပြီး လက်ဝှေ့ယမ်းလိုက်လေသည်။

ဤတွင်—

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

'အင့်'

ထိုလူသည် မသဲမကွဲ ညည်းညူရင်း တယိမ်းတယိုင်ဖြင့် နောက်ဆုတ် သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

စုကျောင်း အံ့ဩသွားသည်။

သူ၏ လက်ချက်ဖြင့် ထိုလူသည် ဒယီမ်းဒယိုင်ဖြစ်၍ နောက်ဆုတ်သွားရသည် မဟုတ်ပါလား။

စုံကျောင်းသည် ကိုယ့်ကိုယ်ကို မယုံကြည်နိုင်အောင် ဖြစ်နေပါတော့သည်။

ထိုလူက မျက်လုံးပြူးကာ ကြည့်ရင်း—

'လက်စသပ်တော့ မင်းက သိုင်းပညာတတ်တာကိုး'

ဟု ပြောလေသည်။

စုကျောင်းက—

'ကျုပ်က သိုင်းပညာတတ်တယ် ဟုတ်လား'

ကြောင်အမ်းအမ်းဖြင့် သံယောင်လိုက်ကာ ပြောလိုက်မိသည်။

ထိုလူက—

'တောက်....မင်းဘယ်လောက် အစွမ်းအစရှိသလဲ ကြည့်သေးတာပေါ့'

ဟု ကြုံးဝါးကာ ခါးမှ ဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်ရင်း တိုက်ခိုက်လိုက်လေသည်။



ထိုလူသည် အရက်မူးနေသည့်တိုင် သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေလေသည်။

စုကျောင်း နောက်ဆုတ်ရှောင်လိုက်ပြန်သည်။

'ငှစ် ဝှစ် ဝှစ်'

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာ၏။

ဓားရိပ်များသည် ထိုလူ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

စုကျောင်း မလှုပ်ရဲတော့ပါ။

ကြောက်ရွံ့မှုဖြင့် 'ငူငူကြီးရပ်နေမိ၏။

ထိုလူက—

'သေပေတော့'

စုကျောင်းအား အပိုင်ခုတ်ချလိုက်လေသည်။

ထိုစဉ်....

စုကျောင်းသည် လကျ်ာရံဆိုသော အဘိုးအိုနှင့်အတူနေခဲ့ရစဉ်က လေ့ကျင့်ခဲ့ရသည့် သိုင်းကွက်များကို ပြန်လည်သတိရလာလေသည်။

ယခု ထိုအခြေအနေမျိုးတွင် ခြေထောက်ကို လှုပ်ရှားခြင်းက အကောင်းဆုံးဖြစ်သည်ဟု ဆင်ခြင်မိလိုက်၏။

ထို့ကြောင့် အန္တရာယ်မှလွတ်လျှင် ပြီးရောဟု သဘောပိုက်ကာ ခြေတစ်ဖက်ကန်ထုတ်လိုက်လေသည်။

ထိုလူမှာ အဘင်းဖို့၍တိုက်ခိုက်နေရာမှ ရုတ်တရက်တုံ့ပြန်လာသည်ကို မရှောင်နိုင်တော့ဘဲ—

'ငုန်း'

'အား....'

အဝေးသို့ လွင့်စဉ်သွား၏။

သိုလူမှာ နှစ်ကြိမ်တိုင်တိုင် ခံလိုက်ရသဖြင့် ခံပြင်းနေပါသော်လည်း ထပ်မံတိုက်ခိုက်ဖို့ မဝံ့ရဲနေတော့ချေ။

မြေပေါ်မှ လူးလိမ့်ထလိုက်ပြီး....

'မင်း သတိထား'

ဟု ကြိုးဝါးကာ ပြေးထွက်သွားလေသည်။

စုကျောင်း သည် မမျှော်လင့်ဘဲ လူတစ်ယောက်အား အနိုင်ရလိုက်သဖြင့် အံ့သြနေ၏။

တစ်ဆက်ကည်းပင်...

'လက်စသတ်တော့ သူက ငါ့ဘာသာ ငါ အန္တရာယ်ကို ကာကွယ်နိုင်အောင် သိုင်းသင်ပေးသွားခဲ့တာကိုး'

ဟု တွေးလာမိ၏။

အတိုးအိုနှင့် အတူ တစ်လတိုင်တိုင် နေထိုင်ကာ သိုင်းလေ့ကျင့်ခဲ့ရသည်။

အတိုးအိုက သူ့အား လေ့ကျင့်ဘက်အဖြစ် ကူညီရန် အကူအညီတောင်းခြင်းကြောင့်ဖြစ်သည်။

ယခုတော့....

သူ့အား သိုင်းပညာ သင်ပေး လိုခြင်းကြောင့် တမင်လှည့်စားခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေပြီတည်း။



သို့သော်—

'ဒါဟာ အိပ်မက်ပဲ'

စုကျောင်း အာရုံနှံ့တကြား ထအော် လိုက်မိလေတော့သည်။

## အိပ်မက်

အတိုးအိုနှင့် တွေ့ဆုံခဲ့ရခြင်းသည် အိပ်မက်တစ်ခုဖြစ်သည် ဟု စုကျောင်း နားလည်ထားလေသည်။

သို့သော်....

လက်တွေ့တွင် သူက သိုင်းပညာတတ်မြောက်နေ၏။

အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

အိပ်မက်သည် လက်တွေ့မဖြစ်နိုင်ကြောင်း လူတိုင်းသိထားကြမည် ဖြစ်လေသည်။



စုကျောင်းသည် စားသောက်ဆိုင် တစ်ဆိုင် အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

မှာကြားထားသော စားသောက်ဖွယ်ရာများသည် သူ့ရှေ့သို့ ရောက်လာပြီဖြစ်သော်လည်း စားသောက်ဖို့ သတိမေ့သလို ဖြစ်နေ၏။

အိပ်မက်ထဲမှ ဖြစ်ရပ်သည် လက်တွေ့ဖြစ်လာခြင်းကြောင့် အံ့သြမဆုံးဖြစ်နေရခြင်းတည်း။

စုကျောင်းသည် အတန်ကြာတွေဝေနေပြီးမှ စားသောက်ရန် ဟန်ပြင်လိုက်၏။

သူ၏လက်ကို ဆန့်ထုတ်ပြီးသည်နှင့်ချက်ခြင်း ပြန်ရုပ်လိုက်ရလေသည်။

အကြောင်းမှာ...

သူ၏လက်နှစ်ဘက်ကို ကြည့်လိုက်မိသည်နှင့် သိုင်းပညာတတ်မြောက်ထားသော လက်များဖြစ်ကြောင်း သတိရလာခြင်းကြောင့် ဖြစ်လေသည်။

စုကျောင်း ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး'

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်...

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ'

တီးတိုးစကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုကျောင်း မျက်လုံးပြူးသွား၏။

အသံ ထွက်ပေါ်လာရာဆီသို့ ကပျာကယာ ကြည့်လိုက်မိ၏။

အကြောင်းမှာ...

ထိုအသံကို သူကကြားဖူးထားခြင်းကြောင့်ဖြစ်လေသည်။ အသံရှင်သည် အိပ်မက်ထဲ၌သူ့အား သိုင်းပညာသင်ပေးသော အဘိုးအိုဖြစ်နေပါတော့သည်။

စုကျောင်း မျက်လုံးပြူးကာ ရှာဖွေလိုက်သော အခါ မလှမ်းမကမ်းရှိ စားပွဲတစ်လုံး၌ကျောပေးကာ ထိုင်နေသည့် အဘိုးအိုတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုသည် အိပ်မက်ထဲမှ အဘိုးအိုနှင့် တပုံစံတည်း ဖြစ်နေသည်။

သို့သော်...



သူ၏မျက်နှာကို မတွေ့ရသဖြင့် တတ်အပ်သေချာ မပြောနိုင်ပါသေးချေ။

စုကျောင်းက—

'ခင်... ခင်ဗျား'

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

အိပ်မက်ထဲမှ အဘိုးအို ကိုယ်ထင်ပြလာပြီဟု ထင်မှတ်ကာ ထိတ်လန့်သွားသလို ဒေါသထွက်လာလေသည်။

'ငါ့ကို ဒုက္ခပေးမယ့်လူပဲ'

စုကျောင်း မကျေမနပ် ဖြစ်လာသည်။

အဘိုးအိုကား....

'ခင်ဗျားက ကျုပ်နဲ့ ပတ်သက်တဲ့လူတွေကို ဒုက္ခပေးနေတာ ဘာသဘောလဲဗျ'

ဟု လှမ်းမေးလိုက်၏။

အဘိုးအိုက နောက်လှည့်မကြည့်ပဲ....

'မင်းကို ကာကွယ်စောင့်ရှောက်နေတာလေ'

ဟု ပြောလာသည်။

စုကျောင်းက—

'မလိုချင်ဘူး၊ ကျုပ်ကို စောင့်ရှောက်စရာမလိုဘူး'

အဘိုးအိုက....

'လိုတယ်၊ မင်းဟာ မရဏဓဒဝိသခင်မရှိ ကြင်ယာတော်ဖြစ်နေပြီ၊ ဒါကြောင့် ဘေးမသီ ရန်မခအောင် စောင့်ရှောက်ရမှာ ငါတို့တာဝန်ပဲ'

စုကျောင်း အံကြိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်က သိုင်းလောကထဲလျှောက်သွားပြီး ပြဿနာပေါင်းစုံ ရှာမယ်၊ ခင်ဗျားတို့ လိုက်ပြီး ဖြေရှင်းပေါ့'

ဟု ပြောသည်။

အဘိုးအိုက–

'မင်းကိုယ်တိုင် သိုင်းပညာဟတ်နေပြီပဲ၊ ညနေကတောင် မင်း ဖြေရှင်းပြီးပြီ မဟုတ်လား'

စုကျောင်းက....

'ကျုပ်က ဘယ်လောက်ထိအောင်များ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်မှာလဲ'

အဘိုးအိုက....



'မင်း မကာကွယ်နိုင်တဲ့ အချိန်မှာ ငါတို့က မင်းကို ကူညီမှာပေါ့'

စုကျောင်း ရယ်မောလိုက်သည်။

'ကျုပ်က ကိုယ်ကိုကိုယ် အဆုံးစီရင်လိုက်မယ်ဆိုရင်ကောမျာ'

အဘိုးအိုက....

'မင်း ထင်သလိုဖြစ်လာမှာ မဟုတ်ပါဘူး'

'ကျုပ်....'

'မယုံရင် မင်း စမ်းကြည့်လေ'

'ကောင်းပြီ'

စုကျောင်းသည် ကိုယ့်ကိုကိုယ် အဆုံးစီရင်မည်ပြုပြီးမှ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာသည်။

ထိုစဉ်....

'မင်း ဘယ်ပြေးမှာလဲ'

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။

စုကျောင်း ရင်ထိတ်သွားသည်။

လူငါးယောက်သည် အနီးသို့ ရောက်ရှိလာပြီး ဝိုင်းရံထား လိုက်ကြလေသည်။

ထိုလူများအနက် ညအနာ ရင်ဆိုင်ခဲ့ရသူလည်း ပါဝင် နေသည်ကို တွေ့ရလေသည်။

ထိုလူသည် မနေ့ကနှိပ်သဖြင့် အပေါင်းအဖော်များအ ကြား ပြန်လာခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေပါသည်။

စုကျောင်းသည် အန္တရာယ်နှင့် ကြုံတွေ့ရပြီဟု တွေး လိုက်လျှင် အဘိုးအိုအား လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

'ဟာ....'

စုကျောင်း လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

အဘိုး အိုမှာ နေရာ၌ မရှိတော့ပဲ ပျောက်ချင်းမလ ပျောက်ကွယ်သွားပြီ မဟုတ်ပါလား။

အဘိုးအို မည်သည့်နေရာရောက်ရှိသွားပါသနည်း။

စုကျောင်း တွေးတောနေစဉ်....

'ချကွာ'

'ဒီကောင်ကို မလွှတ်စေနဲ့'



'ဆုံးမလိုက်ကြဟေ့'

ညာသံပေး သံများနှင့်အတူ ဝိုင်းရံထားသူ ငါးယောက် စုကျောင်းအား ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

* * *

'ဝုန်း'

'ခွမ်း'

ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်။

စားပွဲကုလားထိုင်များ ဖရိုဖရဲဖြစ်ကုန်သည်။

စုကျောင်းသည် အဘိုးအိုအား ရှာဖွေနေစဉ်မှာပင် ဝိုင်းရံ ထားသူငါးယောက်၏ တိုက်ခိုက်မှုခံရကာ မရှုမလှဖြစ်သွား လေတော့သည်။

သူ့မှာ ကြမ်းပြင်ပေါ်သို့ ခြေအားယား လက်အား ယား လဲ့ကျသွားသည်။

ထိုလူငါးမယောက်က ဝိုင်းဝန်း ကန်ကျောက်လိုက်ကြ သည်။

'အမလေးဗျ'

သူ့မှာ ကြမ်းပြင်ပေါ်၌ လိမ့်ခနေတော့သည်။

သူ့အား ▮သိုင်းပညာသင်ပေးပြီးပြီဟူ အိပ်မက်ထဲမှ အဘိုး အိုက ပြောခဲ့ပါသည်။

သူကိုယ်တိုင်လည်း သိုင်းပညာ တတ်မြောက်သလို ရှိနေပါ သည်။

ထိုသော်....

ထိုသော် ▮လျှပ်တစ်ပြက် တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် မှည်သို့မျှ မတတ်နိုင်ဘဲ▮ထိုးကြိတ်သမျှ ခံနေရခြင်း ဖြစ်ပေ သည်။

အတွေ့အကြုံလုံးဝမရှိသဖြင့် ခံလိုက်ရခြင်းလည်း ဖြစ်ပေ တော့သည်။

ထိုစဉ်—

'ရပ်လိုက်စမ်း'



ဟန့်တားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

ထိုလူငါးယောက် လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ....

မိန်းကလေးတစ်ယောက်လှမ်းလာနေသည်ကို တွေ့လိုက်ရ လေသည်။

ထိုမိန်းကလေးမှာ မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံးကောင်း ကောင်း ကျစ်ဆံမြီးနှစ်ဘက်ကို ပခုံးပေါ်ချထားသည့် ချော မောလှပသူလေးဖြစ်သည်။

ထိုလူငါးယောက်သာမက သူပါ အံ့သြသွား၏။

အကြောင်းမှာ—

ထိုမိန်းကလေးအား တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးခဲ့ ခြင်းကြောင့် ဖြစ်သည်။

သူက သူခံနေရသည်ကိုတွေ့လျှင် အိပ်မက်ထဲမှ အဘိုးအို က ဝင်ကူညီလိမ့်မည် ထင်မိလေသည်။

ယခုတော့—

အဘိုးအိုသည် ပျောက်ချင်းမလှပျောက်ကွယ်သွားပြီး မိန်းကလေးတစ်ယောက်က ကြွားဝင်ဟန့်တားလာခြင်း ဖြစ်ပေသည်။

သူ့အား ဝိုင်း၍တိုက်ခိုက်သူ ငါးယောက်သည် မိန်းကလေးကို မကျေမနပ် ကြည့်လိုက်သည်။

မိန်းကလေးက...

'ရှင်တို့ ဘာကြောင့် မတရားလုပ်နေကြတာလဲရှင့်'

ဟု ပြောလိုက်လေသည်။

ထိုသူ ငါးယောက်အနက် တစ်ယောက်က...

'ဘာပြောတယ်၊ ကျုပ်တို့က မတရားလုပ်တယ်၊ ဟုတ်လား'

မိန်းကလေးက—

'ဟုတ်တယ်လေ၊ ရှင်တို့ငါးယောက်ဝိုင်းပြီး တိုက်ခိုက်နေကြတာတရားသလား၊ သတ္တိရှိရင် တစ်ယောက်ချင်းယှဉ်ပြိုင်ကြပေါ့ရှင်'

ဟု ပြောလေသည်။

ထိုလူငါးယောက်တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီး တစ်ယောက်က—



'မင်းက ကိုယ်နဲ့ မဆိုင်တဲ့ဝင်ရှုပ်တာ ဒုက္ခရောက်ချင်ပြီထင်တယ်'

ဟု ငေါက်လိုက်လေသည်။

မိန်းကလေးက....

'ကျွန်မ ဒုက္ခရောက်အောင် ဘယ်သူလုပ်နိုင်မှာမို့လဲရှင့်'

ဟု ပြောလိုက်၏။

ကိုလူက....

စိတ်ချ ကျုပ်လက်တွေ့ပြမယ်'

စကားဆုံးလျှင် တိုက်ခိုက်ရန် မိန်းကလေးထံ ခုန်ဝင်သွားလေသည်။

မိန်းကလေးက ...

'ရှင့်ရဲ့ပါးနှစ်ဖက်ကို သတိထား'

ဟု အော်ပြောကာ ဆီးကြို တိုက်လိုက်၏။

'ဖြန်း ဖြန်း ဖြန်း'

တဖြန်းဖြန်းမြည်သံများ ထွက်ပေါ်လာလေသည်။

ထိုလူသည် မိန်းကလေးအား တိုက်ခိုက်ရန် မဆိုထားနှင့် မိန်းကလေး ပါးရိုက်သည်ကိုပင် မည်သို့ရှောင်ရမှန်းမသိဖြစ်သွားလေတော့သည်။

ထိုလူသည် ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

မိန်းကလေးက—

'ကဲ....ရှင်တို့ ဘယ်လိုသဘောရသလဲ'

ဟု ပြောလိုက်လေသည်။

ထိုလူများတစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

မိန်းကလေးသည် ခေသူမဟုတ်ကြောင်း သဘောပေါက်လိုက်ကြလေသည်။

မည်သို့ဆိုစေ—

မိန်းကလေး၏ လက်ချက်ဖြင့် သူတို့လူတစ်ယောက်စံလိုက်ရပြီ ဖြစ်ရကား—

'တော်တော်စွာကျယ်တဲ့ မိန်းကလေးပဲ'

'ဆုံးမလိုက်ကြဟာပေါ့'



'ကောင်းတယ်'

တစ်ယောက်တစ်ပေါက်ပြောကာ မိန်းကလေးထံပြေးဝင်တိုက်ခိုက်ကြလေသည်။

ထိုအချိန်တွင်....

သူသည် ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလိုက်လေသည်။

သူ့အတွက် မိန်းကလေးဒုက္ခရောက်မည်ကို စိုးရိမ်ရ၏။

ထို့ကြောင့်..

'မိန်းကလေး-မြန်မြန်ထွက်သွားပါ'

ဟု အော်ပြောလိုက်လေသည်။

သို့သော်....

မိန်းကလေးသည် နောက်ဆုတ်မသွားသည့်အပြင် ထိုလူငါးယောက်နှင့် ရင်ဆိုင်တိုက်ခိုက်လိုက်ပြီ ဖြစ်သည်။

သူ မနေနိုင်တော့ပါ။

'ကျုပ်လဲ ရှိသေးတယ်ဗျ'

ဟု အော်ပြောကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေတော့သည်။

* * *

'စုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ဂိုင်းရ တိုက်ခိုက်ခဲ့သူငါးယောက်သည် အနိုင်မရနိုင်ကြသည်ပြင် တစ်ခဏအတွင်း အရေးနိမ့်သွားကြလေသည်။

သူနှင့် မိန်းကလေးတို့က တက်ညီလက်ညီ တိုက်ခိုက်ကြသည် မဟုတ်ပါလွှား။

ထိုလူငါးယောက် ကြမ်းပြင်ပေါ် လူးလိမ့်နေကြလေသည်။

သူက အနိုင်ရလိုက်သော်လည်း ဝမ်းမသာပါ။

'ခင်ဗျားတို့ ထွက်သွားကြပါတော့ဗျာ'

ဟု ပြောလိုက်သည်။

ထိုလူငါးယောက် လူးလိမ့်ထလိုက်ကြသည်။

ဆက်၍ တိုက်ခိုက်ဖို့ မကြိုးစားရဲတော့ပေ။

ကပျာကယာ နောက်ဆုတ်ထွက်ပြေးသွားကြ၏။

သူက သက်ပြင်းချလိုက်သည်။

မိန်းကလေးက—

'ရှင် ထိခိုက်သွားသေးသလား'

ဟု လှမ်းမေးလာ၏။

စောစောကျောင်းကို ထိုလူငါးယောက်က ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလား။



ထိုလူများ၏ လက်ချက်ဖြင့် သူ၏မျက်နှာတွင် အညိုအမည်းစွဲကာ နှုတ်ခမ်းတွင် ဖူးရောင်ပေါက်ပြဲနေပါသည်။

သူက ဘာမှ ပြန်မပြောပဲ နေလိုက်သည်။

မိန်းကလေးက သူ့အား စေတနာဖြင့် ကူညီသည်ကို ကျေးဇူးတင်မိပါသည်။

သို့သော်...

သူနှင့် ပတ်သက်မိသူများသည် ကျောက်စိမ်းဆံထိုးကြောင့် ဒုက္ခရောက်သွားတတ်ကြသည် မဟုတ်ပါလား။

သူ့ကြောင့် မိန်းကလေးဒုက္ခမရောက်စေလိုပါ။

သူက မိန်းကလေးအား လျစ်လျူရှုကာ ကျောခိုင်းပြီး ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

* * *

လမ်းပေါ်တွင် အမှောင်ရိပ်များ ကြီးစိုးနေသည်။ သူသည် စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ပြီဖြစ်သည်။ မိန်းကလေးသည် ဆိုင်ထဲ၌ ကျန်ရစ်ခဲ့သည်။

မိန်းကလေးက သူ့အား ရိုင်းစိုင်းသူတစ်ယောက်ဟု ဆိုကောင်းဆိုလိမ့်မည် ဖြစ်သည်။

မည်သို့ပင် ဖြစ်စေ....

သူ ဘာမှ တတ်နိုင်မည် မဟုတ်ပါ။

မိန်းကလေး ဒုက္ခမရောက်စေဖို့ သူက လုံးဝ ဂရုမစိုက်ဘဲ ထွက်လာရမည် မဟုတ်ပါလား။

သူသည် ရရှိထားသော ဒဏ်ရာများကိုပင် ဂရုမစိုက်ဘဲ လှမ်းလာခဲ့ရာ တစ်နေရာသို့ အရောက်တွင် အနောက်ဘက်မှ ခြေသံ တဖျပ်ဖျပ်မြည်လျက် လူတစ်ယောက်ပြေးလိုက်လာကြောင်း တွေ့လိုက်ရသည်။

သူ လှည့်ကြည့်လိုက်၏။

ထိုစဉ်....

'ဝုစ်'

'ဒုတ်'

'အား'



အမှောင်ရိပ်ထဲမှ ဓားမြှောင်တစ်လက်ပစ်လွှင့်လာပြီး သူ၏ ကျောပြင်၌ စိုက်ဝင်သွားသည်။

သူ မြေပေါ် ဒူးထောက်ကျသွားသည်။

ထိုစဉ်—

'မပြေးနဲ့'

အော်ဟစ်သံ ထွက်ပေါ်လာ၏။

ခြေသံများ မိုမိုကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်ယောက်က အနီးသို့ ရောက်ရှိလာသည်။

ထိုလူမှာ စားသောက်ဆိုင်ထဲ၌ တွေ့ခဲ့ရသော မိန်းကလေး ဖြစ်ပါသည်။

မိန်းကလေးသည် သူ့အား ဓား ဖြင့် တိတ်တဆိတ် ပစ်ပေါက်သွားသူများနောက်သို့ လိုက်သွားရန် ဟန်ပြင်ပြီးမှ သူ လဲကျနေသည်ကို တွေ့သဖြင့်...

'ရှင်က သတိမှ မထားတာကိုး'

ဟုရေရွတ်ပြောဆိုသောပြောကာ ဖေးမရန် ဟန်ပြင်လိုက်လေသည်။

စုကျောင်းက....

'ကျုပ်အသားကို မထိနဲ့'

ဟု အော်ပြောလိုက်၏။

'ဟင်....'

မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

စုကျောင်းက အားယူပြီး ဆရပ်လိုက်သည်။ သူ၏ တစ်ကိုယ်လုံးနာကျင်နေပါ၏။ နောက်ကျော၌ စိုက်ဝင်နေသော ဓားမြှောင်သည် အသက်အန္တရာယ်ပေးနိုင်သည့် အခြေအနေရှိသလော်။

မိန်းကလေးက...

'ရှင် ဘယ်လိုလူလဲ၊ ကျွန်မက ရှင့်ကို ကူညီနေတာရှင့်'

ဟု ပြောလိုက်၏

စုကျောင်းက...

'ဘတ်သူက မင်းကို ကူညီပါပြောလိုလဲ'

'ရှင်'

'မင်း မြန်မြန်ထွက်သွားစမ်း'

'ရှင်... ရှင်'

'မြန်မြန်သွားစမ်းပါ'

စုကျောင်းက အတင်းမောင်းထုတ်နေခြင်းကြောင့် မိန်းကလေး ဒေါပွသွားလေသည်။

သူမသည် မျက်နှာထားတင်းတင်းဖြင့်....

'ကျွန်မ မသွားနိုင်ဘူး ဆိုရင်ကော'

ဟု ပြန်မေးလာလေသည်။

စုကျောင်းက...

'မင်း သေသွားချင်ပြီ ထင်တယ်'

မိန်းကလေး ရယ်မောလိုက်လေသည်။



'ရှင်သေရမှာ၊ ရှင့်မှာ သေလုမျောပါး ဒဏ်ရာရထားပြီးပြီ'

စုကျောင်းက....

'ဒါကျုပ်ကိစ္စ မင်းနဲ့ဘာဆိုင်လို့လဲ'

မိန်းကလေးသည် ခါးထောက်ကာ ရန်တွေ့ဖို့ဟန်ပြင်ပြီးမှ မျက်မှောင်ကုပ်သွားလေသည်။

'နေပါဦး၊ ရှင်က ဘာကြောင့်ကျွန်မကို စိတ်ပျက်သွားစေချင်ရတာလဲ'

ဟုမေးသည်။

စုကျောင်းက....

'မင်းနဲ့စကားပြောဖို့ အချိန်မရှိဘူး၊ ကျုပ်သွားတော့မယ်'

စကားဆုံးလျှင် ဒယိမ်းဒယိုင်ဖြင့် ထွက်သွားသည်။

မိန်းကလေးက....

'ရှင်ခေါင်းမာနေတာ အကြောင်းတစ်ခုခု ရှိလို့ ဆိုတာ ကျွန်မရိပ်မိတယ်၊ ဘာလဲ ရှင့်ကိုကူညီတဲ့အတွက် ကျွန်မ တစ်ခုခုဖြစ်မှာကို စိုးရိမ်လို့လားရှင့်'

ဟု မေးသည်။

စုကျောင်း မျက်လုံးပြူးသွားသည်။
မိန်းကလေးသည် သူ့အကြောင်းသိနေ၍လော။

မည်သို့ဆိုစေ—
မိန်းကလေးနှင့် ဝေးဝေးရှောင်ခြင်းက အကောင်းဆုံးဖြစ်သည်ဟု တွေးမိပြီး ဒယိ်ဒယိုင်ဖြင့် ရှေ့ဆက် ထွက်သွားလေတော့သည်။

*   *   *



စုကျောင်းသည် ဒယိ်းဒယိုင်ဖြင့် ပြေးထွက် လာခဲ့လေသည်။
မိန်းကလေးလိုက်လာမည်ကို စိုးရိမ်နေ၏။
မိန်းကလေးက သူ့အားကူညီခဲ့သည်ကို ကျေးဇူးတင်မိပါ၏။

သို့သော်....

သူနှင့်ပတ်သက်မိလျှင် မိန်းကလေးမှာ ဒုက္ခရောက်သွားရလိမ့်မည်မဟုတ်ပါလား။

ကျောက်စိမ်းဆံထုံးနှင့်ပတ်သက်နေသူများသည် အလွန်ရက်စက်ကြမ်းကြုတ်ကြပြီး ကျင့်စတ်သိက္ခာများ၊ စောင့်ထိန်းသူများမဟုတ်ကြောင်းနားလည်ထားလေသည်။

စုကျောင်းသည် လမ်းကြားအတွင်း၌ ဒယိ်းဒယိုင်ဖြင့်ပြေးသွားရာ သူ၏ခန္ဓာကိုယ်မှ စီးကျလာသော သွေးများသည် မြေပေါ်တွင် စွန်းထင်းပေကျံရစ်ခဲ့လေသည်။

စုကျောင်းကား ပြေးသွားနေဆဲ ...

ဝေဒနာသည် တစ်စထက်တစ်စ ပြင်းပျနာကျင်လာစေသည်။

ခွန်အားများ ကုန်ခမ်းလာသလို ဦးခေါင်းထဲမူးနောက်ရီဝေလာသည်။

စုကျောင်းသည် မြေပေါ်လဲကျလုမတတ်ဖြစ်လာချိန်တွင် ရှုတ်တရက်လူရိပ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

စုကျောင်းက မည်သူမည်ဝါဖြစ်ကြောင်း သတိပြုကြည့်ဖို့ကြိုးစားလိုက်စဉ် မည်သို့မျှမဟန်နိုင်တော့ပဲ'

'စုန်း'

မြေပေါ်လဲကျကာ သတိသစ် မေ့မျော သွားလေတော့သည်။

* * *



အချိန် မည်မျှကြာသွားမှန်းမသိ...

စုကျောင်း သတိရလာသောအခါ အိမ်ကလေး တစ်လုံးအတွင်း၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်

စုကျောင်း လူးလိမ့်ထရန် ဟန်ပြင်လိုက်သည်။

'အား....ကျွတ်....ကျွတ်'

နောက်ကျောမှနာကျင်သောဝေဒနာကြောင့် စုကျောင်း ပြန်လှဲချလိုက်ပြီး မလှုပ်စံ့တော့ပေ။

ထိုစဉ်....

'မလှုပ်နဲ့လေ၊ ရှင့်ကျောက ဒဏ်ရာက အတော့်ပြင်းတယ်ရှင့်'

စကားသံတစ်ချက်ထွက်ပေါ်လာ၏။

လူရိပ်တစ်ခု အနီးသို့ရောက်ရှိလာသည်။

စုကျောင်းက မျက်လုံးဖွင့်ကြည့်လိုက်ရာ စားသောက်ဆိုင်သူအား ကူခဲ့သောမိန်းကလေးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဟင်—မင်း—မင်း'

မိန်းကလေး ပြုံးလိုက်သည်။

'ဘာလဲ ကျွန်မကို တွေ့လိုက်ရလို့ အံ့သြသွားသလား။ ရှင်က မောင်းထုတ်ခဲ့ပေမယ့် ကျွန်မ ထွက်မသွားဘူးလေ၊ ဒါကြောင့်ရှင့်ကို အချိန်မီ ကယ်တင်လိုက်နိုင်တာပေါ့'

စုကျောင်းစိတ်ပျက်သွားလေတော့သည်။

'ကျုပ်ကို ကယ်တင်လိုက်တာ မင်းဒုက္ခ ရောက်ချင်လို့ပဲ'

ဟု ပြောလိုက်သည်။

မိန်းကလေးသည် ခေါင်းမော်စွာဖြင့် သူ့အားကယ်တင်လိုက်ပြီဖြစ်ပါသည်။

ထို့ကြောင့် –

ကျောက်စိမ်းဆံကိုးအား စောင့်ရှောက်နေသူများက သူမအား ကျိန်းသေဒုက္ခပေးကြမည်ဖြစ်သည်။

ယခုမှ....

အကြောင်း ထူးတော့မည် မဟုတ်သဖြင့် စုကျောင်းစိတ်ပျက်စွာဖြင့် ဘာမှမပြောဘဲ နေလိုက်ရသည်။

မိန်းကလေးက —

'ရှင့်ကို ကျွန်မကူညီခဲ့တာကို ရှင်က သက်မခံချင်တာတာ ရှင့်ကြောင့် ကျွန်မဒုက္ခရောက်မှာစိုးရိမ်လို့မဟုတ်လား'

ဟု မေးလာသည်။



စုကျောင်းဘာမှမပြောဘဲနေ၏။

မိန်းကလေးက....

စိတ်ချ ကျွန်မဘယ်တော့မှ ဒုက္ခရောက်မှာ မဟုတ်ဘူး၊ ဘယ်သူကမှ ကျွန်မကိုဒုက္ခပေးလို့မရဘူးရှင့်'

စုကျောင်းက....

'မင်းကိုယ်မင်း သည်လောက်တောင် ယုံကြည် စိတ်ချနေတယ်ဆိုရင်လဲ ကျုပ်ဘာမှ ပြောစရာ မလိုတော့ပါဘူး'

မိန်းကလေးက....

'လိုသေးတယ်ရှင့်'

ဟု ပြောရာ စုကျောင်းက သူမအား စိုက်ကြည့်လိုက်လေသည်။

မိန်းကလေးက ...

'ရှင့်နာမည်ဘယ်သူလဲ'

ဟု မေးလေသည်။

စုကျောင်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က မင်းကိုဘယ်တော့မှ ကျေးဇူးပြန်ဆပ်မှာမဟုတ်ဘူး၊ ကျုပ်နာမည် စုကျောင်းလို့ခေါ်တယ်၊ မှတ်ချင်ရင်မှတ်ထားပေတော့'

မိန်းကလေး ရယ်မောလိုက်လေသည်။

'ကျွန်မ နာမည် ကြီလင်းလို့ခေါ်ပါတယ်ရှင်'

စုကျောင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်က မင်းနာမည်ကို ဘယ်ခဘာ့မှ မှတ်ထားမှာ မဟုတ်ဘူး'

ပြောသာ ပြောလိုက် ရသော်သည်း ခေါင်းမှာ သော မိန်းကလေး၏ အမည်ကို ကျိုလင်းဖြစ်ကြောင်း ကောင်းစွာ မှတ်မိလိုက်ပြီဖြစ်လေသည်၊

ကြီလင်းက—

'ရှင့်ကို မကူညီခစချင်တာရယ်၊ ကျွန်မ ဒုက္ခရောက်မှာကို စိုးရိမ်တာရယ်ဟာ ဟောဒီပစ္စည်းလေးကြောင့် မဟုတ်လား ရှင့်'

ပြောပြောဆိုဆို ပစ္စည်းလေးဘ ခုကို ထုတ်ပြလေသည်၊ စုကျောင်းသည် ထိုပစ္စည်းလေးကိုမြင်လျှင်—

'ဟာ....'

လွှတ်ခနဲ အော်လိုက်မိသည်။

ခံစားနေရသော ဝေဒနာများကိုပင် မေ့လျော့သွား လေတော့သည်။



အကြောင်းမှာ....

မိန်းကလေး ထုတ်ပြလိုက်သော ပစ္စည်းမှာ ကျောက်စိမ်း ဆံထိုးလေး ဖြစ်နေသည်မဟုတ်ပါလား။

ယခု....

ကျောက်စိမ်း ဆံထိုးလေး သည် ကြီလင်း ၏ လက်ထဲ၌ ရောက်ရှိနေပြီဖြစ်လေသည်။

'ပေးစမ်း...'

စုကျောင်းက အထိတ်တလန့် အော်ဟစ်ကာ တောင်း လိုက်၏။

လက်တစ်ဖက် ဆန့်ထုတ်ကာ လုယူရန် ဟန်ပြင် လိုက် လေသည်။

သို့သော်....

လျှပ်လျှပ်ရှားရှားလုပ်လိုက်သည်နှင့် ကျောပြင်မှာမခံမရပ် နိုင်အောင် နာကျင်သွားသေတော့သည်။

'အား....'

စုကျောင်း လွှတ်ခနဲ အော်လိုက်လေသည်။

ကြီလင်းက....

'အို....မလှုပ်နဲ့လေ'

ဟု ဟန့်တားလိုက်လေသည်။

စုကျောင်းက နာကျင်မှုဝေဒနာကိုကျိတ်မှိတ်ခံစားရင်း...
'ကျောက်စိမ်းဆံထိုးကို မကိုင်နဲ့'

ဟု ပြောလိုက်သည်။

တစ်ချိန်က—

ရှပ်ဆိုးမလေးအား သူက ကျောက်စိမ်း ဆံထိုး ပေးခဲ့ဖူးသည်။

ရှပ်ဆိုးမလေးသည် ကျောက်စိမ်းဆံထိုး၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် တာဝန်ယူခဲ့သည်။

သို့ပါသော်လည်း သူမသည်သာလျှင် ဘုံကျောင်းဖျက်နံဘေးရှိ ရေတွင်းထဲ၌ သုပ်ကြုံခံခဲ့ရလေသည်။

စုကျောင်းက အမေလာတကြိုး တောင်းလိုက် သော်လည်း ကျီလင်းက မအေးအေးဆေးဆေးပင် ရှိနေသည်။

'ဘာဖြစ်လို့လဲ၊ 'မရဏာဒေဝီ' က မကြိုက်မှာကို စိုးရိမ်လို့လားရှင့်'

ဟု ပြန်မေးလာသည်။

'ဟင်'

စုကျောင်း မျက်လုံး ပြူးသွားသည်။

ကျီလင်းကို မယုံကြည်နိုင်စွာကြည့်ရင်း....

'မင်း....မင်း ဘယ်လိုလုပ်ပြီးသိတာလဲ'



ဟု မေးလိုက်သည်။

ကျီလင်းက...

'သိုင်းလောကရဲ့ ထူးဆန်းတဲ့အကြောင်းကိစ္စဒဏ္ဍာရီတွေကို လေ့လာလိုက်စားတဲ့ လူမှန်ရင် မရဏာဒေဝီအကြောင်းကို သိကြမှာပေါ့ရှင်'

ဟု ပြောလေသည်။

စုကျောင်းအ....

'မင်း... မင်း'

ကျီလင်း ပြုံးလိုက်သည်။

'မအံ့သြပါနဲ့ရှင်၊ မရဏာဒေဝီဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာနီးပါးလောက်က သိုင်းလောကမှာ ထွက်ပေါ်ခဲ့တယ်လို့ပြောကြပါတယ်၊ ခုလောက်ဆိုရင် အရိုးတောင် ဆွေးနေရောပေါ့ရှင်'

စုကျောင်းသည် ကျီလင်းအား မည်သို့ ပြန်ပြောရမှန်း မသိပဲငေးကြည့်နေမိလေတော့သည်။

ကျီလင်းက—

'ကျွန်မက မရဏာဒေဝီအကြောင်းကို သိနေလို့ ရှင်အံ့သြနေသလား'

ဟု မေးလိုက်လေသည်။

စုကျောင်းက....

'ဟုတ်တယ်၊ မင်း – မင်းဘယ်လိုလုပ်ပြီးသိတာလဲ'

ကျီလင်းက....

'ဟောဒီ ကျောက်စိမ်း ဆံထိုးလေးက ဖော်ပြနေတာပေါ့ရှင်'

'ဒီမှာကြည့်ပါ၊ ဆံထိုးပေါ်က ပန်းအနုဘ်တွေကြားမှာ ရှေးဟောင်းအက္ခရာတွေ တွေ့ရလိမ့်မယ်၊ ဒါဟာ ပိုင်ရှင်အကြောင်း ဖော်ပြထားတာပေါ့'

သူမသည် ကျောက်စိမ်းဆံထိုးပေါ်မှ ရှေးဟောင်းအက္ခရာများကို ညွှန်ပြရင်း ရှင်းပြလေသည်။

သူမပြမှ ရှေးဟောင်းအက္ခရာများဟု သိလိုက်ရ၏။

စုကျောင်းက ပန်းကနုတ်များ ထူးခြားစွာ ဖော်ကျူးထားသည်ဟုသာ ထင်မှတ်ခဲ့လေသည်။

စုကျောင်းက....

'ဒီကျောက်စိမ်းဆံထိုး ပိုင်ရှင် မဂ္ဂဏာဒေဝီရဲ့ ဒဏ္ဍာရီဟာ အတော်ကိုဆန်းတယ်ရှင့်၊ ရှင်ကောသိလယ်မဟုတ်လား'

ဟု မေးသည်။

**စုကျောင်း ဘာမှမပြောဘဲနေလိုက်သည်။**

ကျိလင်းက ...

'မဂ္ဂဏာဒေဝီဆိုတဲ့ နက်မိမယ်လို ချောမောလှတဲ့ မိန်းကလေး တစ်ယောက်အကြောင်းပေါ့ရှင်၊ သူဟာ ရုပ်ချောသလို သိုင်းပညာသိပ်တော်တယ်၊ သူ့ရဲ့ ကိုယ်ရံတော် နှစ်ယောက်နဲ့အတူ သိုင်းလောကထဲကို ခြေချလာခဲ့တယ်'

စုံကျောင်းက သူမအား မသိမသာ အကဲခတ်ကြည့်နေ၏။



ကျိလင်းက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောသည်။

'မဂ္ဂဏာဒေဝီဆိုတာ သိုင်းလောကကိုရောက်လာမှ သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုကြောင့် သိုင်းလောကသားတွေ ပေးကြတဲ့နာမည်ပဲ၊ သူဟာ ဖူးစာရှင်ရှာဖို့ လာခဲ့တာလို့ ပြောကြတယ်၊ သူ့ရဲ့ဆံထိုးမှာ ထိုးထားတဲ့ ကျောက်စိမ်းဆံထိုးကို ရအောင်ယူနိုင်တဲ့လူကို လက်ထပ်မယ်လို့ကြေညာခဲ့တယ်၊ သူ့ရဲ့အလှအပကို မက်မောတဲ့လူတွေကသွားပြီး ယှဉ်ပြိုင်ခဲ့ကြတယ်၊ ဒါပေမယ့် သွားပြိုင်တဲ့လူတွေအားလုံး အသက်ဆုံးရှုံးခဲ့ကြလို့ သိုင်းလောကတစ်ခုလုံးဟာ သူ့ကို သဘောမကျတော့ဘူး'

စုကျောင်း ပင့်သက်ရှိုက်လိုက်သည်။

အိပ်မက်ထဲမှ အဘိုးအိုပြောသည့် စကားနှင့် ကျိလင်းပြောသည့်စကား ထပ်တူထပ်မျှဖြစ်နေသည် မဟုတ်ပါလား။

ကျိလင်းက....

'ဒီကျောက်စိမ်းဆံထိုးလေး ဘယ့်ကရလာတာလဲ'

ဟု မေးလာသည်။

စုကျောင်းသည် မထူးတော့ဟု သဘောပိုက်ကာ ကြုံတွေ့ခဲ့ရသမျှ ပြောပြလိုက်လေတော့သည်။

* * *

စုကျောင်း၏ အဖြစ်အပျက်များကို သိလိုက်ရသောအခါ ကျီလင် အံ့ဩသွားလေသည်။

စုကျောင်းကို စိုက်ကြည့်၍ ....

'ရှင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်တွေက အတော်ကို ဆန်းကျယ်တာပဲ'

ဟု ပြောလေသည်။

စုကျောင်းက—

'ဟုတ်ဘယ် တော်ရုံ ဘန်ရုံလူက ကျုပ်ပြောတာကို ယုံကြည်ကြမှာမဟုတ်ဘူး'

ကျီလင်းက ....

'ဒါဆိုရင်၊ ရှင်ဟာ သရဲဘနဲ့ မကောင်းဆိုးဝါးတွေနဲ့ တွေ့ခဲ့ရသလို ရှိနေတာကိုး'

စုကျောင်းက ...

'ကျွန်တော် ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူးဗျာ'

ကျီလင်းက....

'ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ဖော်ထုတ်ရမှာပဲရှင့်'

ဟု ပြောလေသည်။

စုကျောင်းက—

'မလုပ်ပါနဲ့ဗျာ၊ ဒီကိစ္စနဲ့ ပတ်သက်မိတဲ့ လူတိုင်း ဒုက္ခရောက်သွားတတ်ကြတာချည့်ပဲ'

ကျီလင်းပြုံးလိုက်သည်။



'ကျွန်မအတွက်တော့ မပူပါနဲ့ရှင်၊ ကျွန်မဖြေရှင်းနိုင်ပါတယ်'

စုကျောင်း ဘာမှမပြောတဲနေလိုက်၏။

ကျီလင်းက....

'ရှင်ကိုယ်တိုင်လဲ ဖော်ထုတ်မယ်လို့ စိတ်ကူးထားတယ် မဟုတ်လားရှင့်'

ဟု မေးလေသည်။

စုကျောင်း ခေါင်းညိတ်သည်။

ကျီလင်းက....

'ကျွန်မက ရှင်နဲ့လက်တွဲပြီး ဖြေရှင်းမယ်ဆိုရင်ကော'

စုကျောင်းက....

'ခက်တာက သူတို့က ကျုပ်ကို ဒုက္ခမပေးဘဲ တခြားလူတွေကို ဒုက္ခပေးကြတာပဲဗျ'

ဟု ပြောလိုက်သည်။

ကျီလင်းက ရယ်မောလိုက်သည်။

'ကျွန်မကိုယ်ကျွန်မ ကာကွယ်နိုင်ပါတယ်ရှင်'

သူမသည် ကျောက်စိမ်းဆံထိုးလေးအား သိမ်းဆည်းထားလိုက်ပြီးလျှင်....

'ရှင်လဲစကားပြောရတာ အတော် မောသွားရောပေါ့၊ အနားယူလိုက်ဦးရှင်'

ဟု ပြောကာ ထွက်သွားလေတော့သည်။

* * *

စုကျောင်းက မျက်လုံးမှိတ်ထားလိုက်သည်။

ကျိုလင်းသည် ခေသူမဟုတ်ဟု စိတ်ထဲမှအသိသိနေ၏။

ထို့ကြောင့်—

ကျိုလင်းနှင့် လက်ဆွဲကာ ကျောက်စိမ်း၏သျှိုဝှက်ချက်အား ဖြေရှင်းရန် ဆုံးဖြတ်လိုက်၏၊

တစ်နည်းအားဖြင့် ...

ကျောက်စိမ်း ဆံထိုးအား ပြန်လည် စိမ်ခေါ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပေတော့သည်။



## အကြံကောင်း

သုံးရက်....

သုံးရက်ခန့်ကြာသောအခါ စုကျောင်း၏ ဝေဒနာမှာ သိသိသာသာကြီး သက်သာလာလေသည်။

ကျိုလင်းက—

'ကျွန်မ ဒီသုံးလေးရက်အတွင်း စဉ်းစားမိတာ တစ်ခုရှိတယ်ရှင့်'

ဟု ပြောလာလေသည်။

စုကျောင်းက....

'ဘာများလဲဗျ'

ကျိုလင်းက –

'တခြားတော့ မဟုတ်ဘူး၊ ကျောက်စိမ်းဆံထိုးရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်မယ် ဆိုရင် ရှင်က ကူညီမှ ဖြစ်လိမ့်မယ်'

စုကျောင်း မျက်မှောင်ကုတ်သွားသည်။

'ကျုပ်တယ်လို့ကူညီရမှာလဲ'

ကျိုလင်းက....

'မရဏဒေဝီရဲ့ အရိုးစုကို ရှင် မြေမြုပ်သင်္ဂြိုဟ်ပေးခဲ့တယ် မဟုတ်လား ရှင့်'

စုကျောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

'ဘယ်နေရာမှာ မြေမြုပ်ခဲ့တယ်ဆိုတာ ကျွန်မကို လိုက်ပြပါလား'

စုကျောင်းက–

'ဘာလုပ်ဖို့လဲ'

ဟု မေးလိုက်သည်။

ကျိုလင်းက–



'ရှင်က မရဏဒေဝီကို မြေမြုပ်ပြီး ကျောက်စိမ်းဆံထိုးကို ယူခဲ့တဲ့အတွက် ရှင်ဟာ မရဏဒေဝီရဲ့ ကြင်ယာတော်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရတယ် မဟုတ်လား'

စုကျောင်း ခေါင်းညိတ်လိုက်၏။

'ဒါအမှန်ပါပဲ'

ကျိုလင်းက –

'ရှင်က အဲဒီအရိုးစုကို ပြန်တူးဖော်ပြီး ကျောက်စိမ်းဆံထိုးနဲ့အတူ နဂိုအတိုင်း ပြန်ထားလိုက်မယ်ဆိုရင်ကော၊ တယ်ဆိုလဲရှင့်'

စုကျောင်း တွေဝေသွား၏။

ကျိုလင်းကဲ့တို့ တစ်ကြိမ်တစ်ခါမှ မစဉ်းစားခဲ့ဘူးပါချေ။

သူမက...

'ဒါဆိုရင် နဂိုအတိုင်း ပြန်ရောက်သွားလိမ့်မယ်လို့ ကျွန်မ ထင်တယ်'

စုကျောင်းက ထင်မြင်ချက်မပေးတတ်ဘဲ ဖြစ်နေပါ၏။

သူမက...

'ကျွန်မတို့ ကြိုးစားကြည့်ရင် မကောင်းဘူးလား'

စုကျောင်းက....

'စမ်းကြည့်တာပေါ့လေ၊ ဒါပေမယ့် ...'

‘ဒါပေမယ့် ဘာဖြစ်သလဲရှင့်’

‘ကျုပ်က…’

စုကျောင်း စကားအဆစ်အစပ်အငေါ့ငေါ့ ဖြစ်နေခြင်းကြောင့် သူမ မျက်မှောင်ကုပ်သွားပြီး—

‘ရှင့်မှာ ဘယ်လိုအခက်အခဲများ ရှိနေလို့လဲ’

ဟု မေးလိုက်သည်။

စုကျောင်းက—

‘အဲဒီတုန်းကတော့ တောထဲတောင်ထဲမှာ ဖြစ်နေတာရယ်၊ တစ်ယောက်တည်း ဖြစ်နေတာရယ်ကြောင့် ကျုပ်က ခပ်မြန်မြန်ပဲ မြေမြှုပ်ပြီး ထွက်လာခဲ့တာဗျ’

သူမက—

‘ဘယ်နေရာမှာ မြှုပ်ခဲ့မိတယ်ဆိုတာ ရှင် မမှတ်မိတော့ဘူးပေါ့၊ ဟုတ်လား’

စုကျောင်းက…

‘ဟုတ်ပါတယ်ဗျာ’

သူမက ပြုံးလိုက်၏။

‘မမှုပါနဲ့ရှင့်၊ ရှင်က မရဏဒေဝီရဲ့ အရိုးစုကို ထူးဆန်းတဲ့ ကျောက်တုံးတွေကြားထဲမှာ တွေ့ခဲ့ရတယ် ဟုတ်လား’

စုကျောင်း ပြောပြသွားသဖြင့် သူမ သိနေခြင်း ဖြစ်လေသည်။



စုကျောင်းက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်ဗျာ’

သူမက—

‘ဒါဆို ကျွန်မတို့က ထူးဆန်းတဲ့ ကျောက်တုံးတွေကိုလိုက်ရှာကြတာပေါ့ရှင်’

စုကျောင်း ဝမ်းသာသွားသည်။

‘ဟုတ်သားပဲ၊ ဒါဆိုတွေ့နိုင်တာပေါ့’

သူမက….

‘ကျွန်မ ထင်တယ်၊ အားလုံးကို နေသားကကျဖြစ်အောင် ပြန်ထားလိုက်မယ်ဆိုရင် အခြေအနေတွေတစ်မျိုးပြောင်းသွားလိမ့်မယ်’

သူမက….

‘ဒါဆိုရင်တော့ ဝမ်းသာစရာပေါ့ဗျာ’

သူမက….

‘ရှင် နေကောင်းသွားတာနဲ့ ကျွန်မတို့ ခရီးထွက်ကြတာပေါ့’

ဟု ပြောလေသည်။

စုကျောင်းက—

‘မင်းကို ကျုပ် တစ်ခုပြောချင်တယ်’

ဟု တည်ကြည်တော့ မျက်နှာထားဖြင့် ပြော၏။

သူမ ရယ်မောလိုက်သည်။

‘ဘာလဲ၊ အန္တရာယ်ကို ဂရုစိုက်ဖို့ ပြောမလို့လား’

သူက—

'ဟုတ်ပါတယ်ဘုရား'

သူမက...

'မငိုးရိမ်ပါနဲ့ရှင်၊ ကျွန်မကို ဒုက္ခပေးချင်တယ်ဆိုရင် အခက်အခဲအမျိုးမျိုးကို ဖြယ်ကျော်ပြီးမှ ကျွန်မ အနားကို ရောက်လာနိုင်မှာပါ၊ ဒါ မလွယ်တဲ့အလုပ်ပါရှင်'

သူမသည် ထူးဆန်းသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ရိပ်မိထားသဖြင့် သူ ဘာမှမပြောပဲ နေလိုက်လေတော့သည်။

* * *



ရက်ပေါင်းနှစ်ဆယ်...

ရက်ပေါင်း နှစ်ဆယ်ဆိုသော အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

သူမက ဂရုစိုက်ကာ ဆေးတိုက်ကျွေးပြုစုပေးသဖြင့် သူ့မှာ သိသိသာသာကြီး သက်သာလာလေတော့သည်။

သူသည် အိပ်ရာထဲလှဲနေတော့ဘဲ အခန်းအပြင်ဘက်သို့ပင် ထွက်လာနိုင်ပြီ ဖြစ်သည်။

ထိုအခါမှ—

မြို့ကလေးတစ်မြို့၏ မြို့စွန်တစ်နေရာ၌ ရောက်ရှိနေကြောင်း တွေ့ရှိလေသည်။

မြို့စွန်တွင် ခြံဝင်းတစ်ခုရှိသည်။

ထိုခြံဝင်းအတွင်း၌ ဟောင်းနွမ်းနေပြီဖြစ်သော အဆောက်အဦးတစ်ခုရှိသည်။

သူသည် ထိုခြံဝင်းရှိ ထိုအဆောက်အဦး၌ ရောက်ရှိနေခြင်း ဖြစ်လေသည်။

သူက ခြံဝင်းထဲသို့ ဆင်းရန် စိတ်ကူးလိုက်၏။

ထိုစဉ်—

'ရှင်က အိမ်အပြင်ကို မထွက်သင့်သေးဘူးရှင့်'

ဟန်တားသံ ထွက်ပေါ်လာ၏။

သူ လှည့်ကြည့်လိုက်ရာ သူမ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

'ဩ—မင်းကို'

သူမက—

'အပြင်ဘက်ကတော့ မထွက်ပါနဲ့ဦးရှင်၊ ကျွန်မ တောင်းပန်ပါတယ်'

ဟု ပြောလေသည်။

သူက....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

ကျော်လင်းက—

'ရှင်သိချင်ရင် ကျွန်မနောက်လိုက်ခဲ့'

ဟု ပြောကာ မလှမ်းမကမ်းရှိ ပြတင်းပေါက်တစ်ခုအနီးသို့ သွားလေသည်။

စုံကျောင်းလည်း လိုက်သွား၏။

ပြတင်းပေါက်သို့ရောက်လျှင်....

'အပြင်ဘက်ကို မသိမသာချောင်းကြည့်လိုက်ပါရှင်'

ဟု ပြောသည်။

စုကျောင်းက အကြောင်းရှိမည်ဟု သဘောပေါက်သဖြင့် အပြင်ဘက်သို့ မသိမသာချောင်းကြည့်လိုက်၏။



ထိုအခါ—

အပြင်ဘက်၌ ပန်းဥယျာဉ်တစ်ခု ရှိနေသည်။

ပန်းဥယျာဉ်အတွင်း၌ လူငယ်တစ်ယောက် ရှိနေသည်ကို တွေ့ရ၏။

ထိုလူသည် ကျောပေးထားခြင်းကြောင့် မျက်နှာကိုမမြင်ရသေးချေ။

စုကျောင်းက....

'သူက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ကျော်လင်းက....

'ရှင်အခုပဲ တွေ့ရမှာပါရှင်'

သူမ၏စကားမဆုံးမီ ဥယျာဉ်ထဲမှလူငယ်သည် အဆောက်အဦးဘက်သို့ မျက်နှာလှည့်လာသည်ကို တွေ့ရ၏။

ထိုလူငယ်၏မျက်နှာကို မြင်လိုက်ရလျှင် စုကျောင်း အထိတ်တလန့်အော်မိမလိုဖြစ်သွားရသည်။

အကြောင်းမှာ—

ထိုလူငယ်သည် သူနှင့်ရုပ်ချင်းချွတ်စွပ်တူနေသူဖြစ်နေသည် မဟုတ်ပါလား။

စုကျောင်းသည် အံ့သြမဆုံးဖြစ်နေစဉ်မှာပင် နောက်ထပ် ထူးဆန်းမှုတစ်ခုကို တွေ့မြင်လိုက်ရတော့သည်။

* * *

လူငယ်သည် ပန်းဥယျာဉ်တွင်းရှိ ကျောက်ထိုင်ခုံ၌ သက်တောင့်သက်သာ ထိုင်နေသည်။

စုကျောင်းသည် သူနှင့်ရုပ်ချင်းချွတ်စွပ်တူသည့် လူငယ်ကို မျက်လုံးကြီးပြူးကာကြည့်နေ၏။

ထိုလူငယ်မှာ မည်သူဖြစ်ပါသနည်း ။



အဘယ်ကြောင့် သူနှင့်ရုပ်ချင်းတူနေရပါသနည်း။

ထိုစဉ် ...

ပန်းဥယျာဉ်အတွင်းသို့ မိန်းကလေးတစ်ဦးဝင်ရောက်လာသည်။

ထိုမိန်းကလေးမှာလည်း ကျိုလင်းနှင့် ချွတ်စွပ်တူနေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ရတော့သည်။

* * *

စုကျောင်း ပါးစပ်အဟောင်းသားဖြစ်နေ၏။

တွေ့မြင်ရသည့် မြင်ကွင်းကြောင့် ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင်အောင်ဖြစ်နေ၏။

'ငါ အိပ်မက်များမက်နေတာလား'

ဟု ရေရွတ်လိုက်သည်။

ကျော်လင်း ရယ်မောပြီး—

'အိပ်မက်မဟုတ်ပါဘူး၊ ရှင်တွေ့မြင်ရတာတွေဟာအမှန်တကယ်ပါပဲရှင်'

ဟု ပြော၏။

စုကျောင်းက—

'ဒါ...ဒါဆို သူတို့ဟာ....'

သူမက—

'ကျွန်မ ဖန်တီးထားတာတွေလေ'

သူက သူမအား နားမလည်နိုင်စွာကြည့်ရင်း—

'မင်းဖန်တီးထားတာ ဟုတ်လား၊ ဘယ်လိုသဘောလဲ၊ ရှင်းပြပါဦး'

ဟု မေးလိုက်သည်။

သူမက....

'ကျောက်စိမ်းဆံထိုးရဲ့ အရိပ်တွေဟာ ရှင့်နောက်ကို တကောက်ကောက်လိုက်ပြီး စောင့်ရှောက်နေတယ် မဟုတ်လား'

သူ ခေါင်းညိတ်၍....

'ဟုတ်တယ်လေ'



သူမက....

'ရှင်နဲ့ပတ်သက်တဲ့လူတွေကိုလဲ တစ်နည်းမဟုတ် တစ်နည်းနဲ့ သုတ်သင်ရှင်းလင်းပစ်ကြတယ်မဟုတ်လား'

'ဟုတ်တယ်'

'အဲဒါ ဘာကြောင့်လဲ'

'ဒါတော့ ကျုပ်လဲမသိဘူး'

သူမက—

'ဒါကိုဖော်ထုတ်ရမယ်လေ၊ ကျွန်မက ရှင်နဲ့ရုပ်ချင်းချွတ်စွပ်တူတဲ့လူတစ်ယောက် ဖန်တီးလိုက်တယ်'

'ဟုတ်တယ်လေ'

'ပြီးတော့ ကျွန်မနဲ့တူတဲ့လူ'

'နောက်တော့'

'ရှင်နဲ့တူတဲ့လူဟာ ဒီကထွက်သွားလိမ့်မယ်'

သူက....

'ကျုပ်က ရောဂါဝေဒနာပျောက်ကင်းသွားလို့ ခရီးဆက်တဲ့သဘောပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

သူမက ရယ်မော၍—

'ဟုတ်ပါတယ်ရှင်'

စုကျောင်းက....

'ဒါဖြင့် မင်းနဲ့တူတဲ့လူကကော'

'သူကတော့ ကျွန်မရစ်ခဲ့လိမ့်မယ်ရှင်'

'ဘာဖြစ်လို့လဲ'

သူမ ရယ်မောခြင်း မရှိတော့ပါ’

သူမမျက်နှာ တည်ကြည်လေးနက်သွားသည်။

‘ရှင်ထွက်သွားပြီဆိုရင် ရှင်နဲ့ပတ်သက်တဲ့လူကို ဒုက္ခပေးမယ့်လူတွေ ပေါ်လာလိမ့်မယ်ဟုတ်လားရှင်’

ဟု ပြောသည်။

သူသည် သူမ၏အကြံကို သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။

သူမက -

‘တကယ်လို့ ဒီကိုလာပြီးဒုက္ခပေးမယ်ဆိုရင်တော့ အဲဒီလူရဲ့ အကြောင်းကို ကျွန်မက ဖော်ထုတ်လိုက်ရမှာပါရှင်’

ဟု ပြောသည်။

သူက သူမတို့စိုက်ကြည့်လိုက်မိသည်။

သူမနှင့် မမျှော်လင့်ဘဲတွေ့ဆုံမိခြင်းမှာ ကံကောင်းသည်ဟုလည်း စိတ်ထဲ ခံစားလာရလေသည်။

## သူ့အလှည့် ကိုယ့်အလှည့်

စုကျောင်းအဖြစ် ရုပ်ဖျက်ထားသူသည် ရှေ့ခရီးဆက်တော့မည့်အသွင်ဖြင့် ခြံဝင်းထဲမှ ထွက်သွားပြီ ဖြစ်လေသည်။

ကျီလင်းအဖြစ်ဟန်ဆောင်ထားသောမိန်းကလေးသာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

ကျီလင်းသည် အလွန် ဉာဏ်များသော မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။

ဒုစရိုက် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် ‘…လေး’ဆိုသူအား ငွေအများအပြားပေးကာငှားရမ်းပြီး ကျောင်းအဖြစ် ဟန်ဆောင်ခိုင်းခဲ့ခြင်းဖြစ်သည်။

နွားလေးသည် ခြံဝင်းမှ ထွက်ကာ ကိုက်ငါးဆယ်ခန့် ဝေးသော မြို့လေးတစ်မြို့သို့ သွားရမည် ဖြစ်သည်။

ထိုမြို့လေးသို့ရောက်လျှင် သူ၏တာဝန် ပြီးဆုံးသွားပြီဟု ဆိုနိုင်လေသည်။

ကျီလင်းအဖြစ် ဟန်ဆောင်သည့် မိန်းကလေး ကိုလည်း အပျော်ဂေဟာမှ ငွေကြေးပေး၍ ငှားရမ်းခဲ့ခြင်းဖြစ်သည်။

ထိုမိန်းကလေးမှာ ဝေဝေ ဟု အမည်ရှိပြီး ငွေအများ အပြားရသဖြင့် လိုလိုလားလား လက်ခံဆောင်ရွက်လာခြင်း ဖြစ်သည်။

ကျီလင်းက သူမအား သုံးရက်တာ ငှားရမ်းထားခြင်း ဖြစ်သည်။

သုံးရက်ပြည့်လျှင် သူမ၏ တာဝန် ပြီးဆုံးသွားလိမ့်မည် ဖြစ်လေသည်။

ကျီလင်းသည် အကွက်စေ့စေ့ စီမံထားပြီး မကြာမီ ဖြစ်ပေါ်လာတော့မည့်အန္တရာယ်ဆိုးကို စောင့်မျှော်နေလိုက် လေတော့သည်။

* * *



နှစ်ရက်—

နှစ်ရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

သို့သော်—

မည်သို့မျှ ထူးခြားမှုလာချေ။

စုကျောင်းအဖြစ် ဟန်ဆောင်ထားသည့် နွားလေး ခရီး
က်သွားပြီးနောက် ကျီလင်းအဖြစ် ဟန်ဆောင်ထားသော
ဝေသာလျှင် ကျန်ရစ်ခဲ့လေသည်။

ကျီလင်းက သူမကိုကိုယ် အသက်လေးဆယ်ခန့် အမျိုး
းကြီးတစ်ယောက်အသွင် ရုပ်ဖျက်လိုက်သည်။

စုကျောင်းကိုလည်း အသက် ငါးဆယ်ခန့်ရှိ အဘိုးအို
ယောက်အဖြစ် ရုပ်ဖျက်ပေးလိုက်သည်။

ထို့နောက်....

ဝေဝေအား လာရောက် ဒုက္ခပေးမည့်သူကို စောင့်မျှော်
လိုက်လေသည်။

ထို့ဖြင့် နှစ်ရက်ဟူသောအချိန် ကုန်ဆုံးသွားခြင်း ဖြစ်ပေ
သည်။

* *

သုံးရက်—

ယနေ့ သုံးရက်မြောက်သောနေ့ဖြစ်လေသည်။

ယနေ့ည ကုန်ဆုံးသွားသည်နှင့် ဝေဝေအား ပြန်လွှတ်လိုက်ရတော့မည်ဖြစ်လေသည်။

စုကျောင်းက ကျော်လင်း၏အကြံမှာ အောင်မြင်ပါတော့ မည်လောဟု သံသယဖြစ်လာသည်။

အန္တရာယ်ပြုမည့်သူရောက်မလာလေလေ ကောင်းလေလေ ဟုပင် သဘောထားမိသည်။

အကြောင်းမှာ—

ဒုက္ခပေးမည့် သူသည် အလွန် ကြောက်စရာ ကောင်းသူ ဖြစ်ကြောင်း နားလည်သဘောပေါက်ထား၍ ဖြစ်ပေသည်။

အကယ်၍ –

ကျော်လင်း၏အကြံအစည်အတိုင်း ဒုက္ခပေးမည့်သူ ရောက် လာပါကလည်း သူတို့ နှစ်ယောက်ထဲဖြင့် ရင်ဆိုင်နိုင်မည် မဟုတ်ဟု ယုံကြည်ထားခြင်းကြောင့် လည်းဖြစ်လေသည်၊

သို့ဖြင့်....

သုံးရက်မြောက်သောနေ့ ညနေပိုင်းတွင် ထူးခြားသော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေတော့သည်။

*

* *



နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးကွယ်ပျောက် သွားလေတော့မည်ဖြစ်လေသည်။

ဆည်းဆာရောင်ခြည် အောက်တွင် ဝန်းကျင် တစ်ခုလုံး သာယာလှပနေလေသည်။

ဝေဝေက ညနေစာ စားနေ၏။

ရုပ်ဖျက်ထားသော စုကျောင်းနှင့် ကျော်လင်းတို့က မလှမ်း မကမ်းမှနေ၍ အကဲခတ်နေကြလေသည်။

ထိုစဉ်....

'ခွပ်... ခွပ် ... ခွပ်... ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စုကျောင်းနှင့် ကျော်လင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

မြင်းခွာသံသည် ခြံဝင်းရှေ့မှထွက်ပေါ်လာပြီး ခြံဝင်း အတွင်းသို့ ရောက်ရှိလာ၏။

ဖွင့်ထားသော ခြံဝင်းတံခါးမကြီးမှတဆင့်မြင်းတကောင် သည် ခြံဝင်းအတွင်းသို့ ရောက်ရှိလာလေသည်။

သူ မျက်မှောင်ကုပ်သွားသည်။

မြင်းမှာ မြင်းစီးသမားပါမလာခြင်းကြောင့် ဖြစ်သည်။

သူမက—

'နွားလေးစီးသွားတဲ့ မြင်းပဲ'

ဟု ရေရွတ်လိုက်သည်။

သူမ၏ စကားသံကြောင့် သူ၏ခေါကိုယ် ဆတ်ခနဲ တွန့်ခါသွားလေသည်။

သေသေချာချာကြည့်လိုက်သောအခါ မြင်းပေါ်၌လူတစ်ယောက် မှောက်လျက်ပါလာသည်ကို တွေ့ရလေသည်။

သူ မျက်လုံးပြူးသွားပြီး....

'တစ်ခုခုတော့ မှားနေပြီ'

ဟု ရေရွတ်လိုက်လေသည်။

သူမ ဘာမှ မပြောဘဲ ပြေးထွက်သွားလေသည်။

သူလည်း မနေနိုင်ပဲ လိုက်သွားသည်။

သူတို့နှစ်ယောက် အဆောက်အဦးအပြင်ဘက်ရောက်သွားကြသောအခါ မြင်းမှာ ရပ်တန့်နေပြီ ဖြစ်သည်ကို တွေ့ရ၏။

စုကျောင်းနှင့် သူမတို့သည် မြင်းပေါ်မှလူကို စစ်ဆေးကြည့်စရာမလိုပဲ နွားလေးဖြစ်ကြောင်း သိလိုက်ကြလေသည်။

နွားလေး—

စုကျောင်းအဖြစ် ဟန်ဆောင်ခဲ့သည့် နွားလေးမှာအသက်ပျောက်နေပြီ ဖြစ်လေသည်။



စုကျောင်းနှင့် သူမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့၏ရင်ထဲ လေးလံလာသည်ဟု ခံစားလာရသည်။

ထို့နောက်—

'အမယ်လေး—'

အဆောက်အဦ အတွင်းမှ စူးရှသော အော်ဟစ်သံက ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

'အမယ်လေး....'

ချူးရှသော အော်ဟစ်သံထွက်ပေါ်လာလေသည်။

စုကျောင်းနှင့် သူမတို့ ထိတ်လန့်သွားကြသည်။

ဝေဝေ၏ အော်ဟစ်သံဖြစ်ကြောင်း နှစ်ယောက်စလုံး သိလိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

နှစ်ယောက်သားအဆောက်အဦးအတွင်းသို့ ပြိုင်တူပြေးဝင်လိုက်မိကြ၏။

ထိုအခါ—

ထမင်းစား စားပွဲတွင် မှောက်လျက်ဖြစ်နေသော ဝေဝေအား တွေ့လိုက်ရ၏။

ဝေဝေ၏ နောက်ကျောတွင် ဓားမြှောင်တစ်လက်စိုက်ဝင်နေပြီး သွေးများစီးကျနေ၏။

တစ်ဒင်္ဂ အချိန်လေးမှာပင် ဝေဝေ လုပ်ကြံခံလိုက်ရပြီဖြစ်သည်။

သူမ မျက်နှာပျက်သွားသည်။

မသြင်းတရားသည် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ခံစားလိုက်ရလေသည်။

* * *



အလင်းရောင် တစ်စထက်တစ်စ ပျော့သွားသည်။

အမှောင်ရိပ်များ ကြီးစိုးလာသည်။

စုကျောင်းနှင့် သူမတို့ မလှုပ်မယှက်ရပ်နေကြဆဲ—

သူတို့အား အန္တရာယ်ပြုမည့်သူသည် အချိန်မရွေးထွက်ပေါ်လာနိုင်ကြောင်း နှစ်ယောက်သား နားလည်ထားကြလေသည်။

ဝေဝေ၏ အလောင်းသည် တဖြည်းဖြည်းအေးစက်တောင့်တင်းလာလေသည်။

ပထမဆုံး သက်ဝင်လှုပ်ရှားလာသူမှာ စုကျောင်း ဖြစ်လေသည်။

စုကျောင်းသည် စားပွဲပေါ်၌ ရှိနေသော မီးအိမ်ကို မီးထွန်းညှိလိုက်လေသည်။

မီးရောင် ထွက်ပေါ်လာသည်။

အခန်းကျဉ်း၌ လင်းလင်းချင်းချင်း ထွက်ပေါ်လာလေသည်။

သူမ သက်ပြင်းချလိုက်သည်။

'သူက ကျွန်မ အကြံကို သိနေတယ်'

ဟု ရေရွတ်လိုက်သေသည်။

စုကျောင်းက—

'လူနှစ်ယောက်တော့ ခေါးစခံဖြစ်သွားပြီ'
ဟု ညည်းတွားလိုက်သည်။
ရုတ်တရက်....
'ဝုန်း'

သူမသည် ဒေါသပေါက်ကွဲသွားဟန်ဖြင့် စားပွဲကို လက်ဝါးဖြင့် ရိုက်ချီလိုက်သည်။

သူ့ပင်လျှင် လန့်ဖျပ်အော နောက်ဆုတ်လိုက်မိသည်။

သူမက—

'သူက ကျွန်မရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေတာပဲ ဖြစ်မယ်၊ ကျွန်မက နွားလေးတွေကို ငှားရမ်းခဲ့တာရော၊ ရုပ်ဖျက်ရာမှာ လိုအပ်တဲ့ပစ္စည်းဝယ်ယူခဲ့တာရော သူတွေ့ခဲ့လို့ ကျွန်မရဲ့ အကြံကို ရိပ်မိသွားတာပဲ ဖြစ်မယ်'

ဟု ပြောသည်။

စုံကျောင်းက....

'သူဆိုတာ ဘယ်သူလဲ'

ဟု မေးလိုက်၏။

သူမ မဖြေနိုင်ဘဲ ပါးစပ်ပိတ်သွားလိုက်သည်။

သူက...

'သူက မင်းကို ခုက္ခပေးတော့မှာ သေချာတယ်'



သူမ အံကြိတ်လိုက်၏။
'ကျွန်မက ကြောက်ရမှာလား'
ထို့ဦ—
'ဟား ဟား ဟား....'

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုံကျောင်းနှင့် သူမတို့ ရင်ထိတ်သွားကြသည်။

'ဘယ်သူလဲ'

သူမက အောင်ပေါက်ရင်း ချခနဲလှည့်ကာ လက်ခုတ်ယမ်းလိုက်သည်။

'ဝှစ် ဝှစ် ဝှစ်...'

'ထောက် ထောက် ထောက်....'

လက်နက်ပုန်းလေးများသည် တစ်ဟုန်ထိုး ပစ်လွှင့်သွားလေသည်။

သူလည်း လက်နှစ်ဖက်ဆန့်တန်းကာ ခုခံရန် ပြင်ထားမိလိုက်၏။

သို့သော်....

အခန်းဝတွင် မည်သူမျှ ရှိမနေပါချေ။

သူမကား ဒေါသချောင်းချောင်းထွက်နေလေတော့သည်။

'ဘယ်သူလဲ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း'

ဟု အောင်ပြောလိုက်သည်။
သူမ၏အသံ ကျယ်လောင်စွာ ဟိန်းထွက်သွားသည်။
သူကလည်း....
'ခင်ဗျား ထွက်လာခဲ့ပါ၊ ခိုးကြောင်ခိုးဝှက် လုပ်မနေပါနဲ့'
ဟု အောင်မြေ့လိုက်လေသည်။

နောက်ကွယ်မှ အရိပ်သဖွယ်လိုက်လာကာ ဒုက္ခပေးနေသူအား မှန်းတီးနေကြပြီ ဖြစ်လေတော့သည်။

သူတို့က အောင်ပြောလိုက်ကြသော်လည်း တုံ့ပြန်သံ ထွက်ပေါ်မလာချေ။

စုံကျောင်းနှင့် ကျော်လင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

သူမက....

'အပြင်ထွက်ကြရအောင်'

ဟု ပြော၏။

သူမက သဘောတူလိုက်သည်။

'ကောင်းပြီ'

နှစ်ယောက်သား အခန်းအပြင်ဘက်သို့ ခုန်ထွက်လိုက်ကြသည်။
ထိုစဉ်—



ခြံဝင်းအတွင်းမှ ရိပ်ခနဲပြေးထွက်သွားသည့် လူရိပ်တစ်ခုအား တွေ့လိုက်ရသည်။
သူမက—
'မပြေးနဲ့'
ဟု အောင်ဟစ်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွား၏။
'သတိထား'
စုကျောင်းကလည်း သတိပေးရင်း လိုက်သွားရလေတော့သည်။

* * *

ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာပြီ ဖြစ်လေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လရောင်ဖြင့် မြို့ပြင်သို့ဦးတည်ကာ လျှင်မြန်စွာပြေးသွားနေသော လူရိပ်တစ်ခုကို တွေ့လိုက်ရ၏။

သူနှင့် သူမတို့လည်း တိုင်ပင်ထားကြသလို ပြေးလိုက်သွားကြလေ၏။

ပြေးသူက ပြေးပြီး လိုက်သူက လိုက်သွားရင်း တဖြည်းဖြည်း မြို့ပြင်သို့ ရောက်မှန်းမသိရောက်သွားကြ၏။

မြို့ပြင်တွင် တောင်ကုန်းလေးတစ်ခုရှိနေသည်။

လူရိပ်သည် ထိုတောင်ကုန်းပေါ်သို့ ပြေးတက်သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့၏။

* * *



စုကျောင်းနှင့် ကျော်လင်းတို့သည် တောင်ကုန်းပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားလေသည်။

တောင်ကုန်းလေးပေါ်သို့ ရောက်ရှိ သွားသောအခါ လူရိပ်မှာပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သူမနှင့် သူတို့ ခြေလှမ်းရပ်လိုက်ကြလေ၏။

ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ကြသောအခါ သချိုင်းဟောင်းတစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

လရောင်အောက်တွင် ထီးထီးထောင်ထောင် ရှိနေသော မြေပုံမှတ်တိုင်များကို တွေ့မြင်နေရသည်။

သူမမျက်နှာပျက်သွားလေ၏။

စုကျောင်းက—

'သူက မျှားခေါ်လာတာ ဖြစ်နိုင်တယ်၊ သတိထားမှ'

ဟု တီးတိုးသတိပေးလိုက်၏။

သူမအား ဒေါသထွက်နေပါသည်။

'ကျွန်မက မကြောက်လို့ လိုက်လာတာပေါ့၊ သတ္တိရှိရင် ထွက်လာခဲ့စမ်းပါ'

ဟု ပြောလိုက်သည်။

ထိုစဉ် ...

'ဟား ဟား ဟား'

မလှမ်းမကမ်းမှ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

သူမနှင့်သူတို့ လှမ်းကြည့်လိုက်ကြရာ မြေပုံမှတ်ကြားနှင့် လူရိပ်တစ်ခုရှိနေသည်ကို တွေ့လိုက်ရလေ၏။

လက်နက်ပုန်းလေးများသည် လူရိပ်ထံသို့ တိတ်တဆိတ် ပစ်လွှတ်သွားလေသည်။

လူရိပ်က ရှောင်တိမ်းသွားလျှင် လိုက်လံ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

သို့သော်...

လူရိပ်က မလှုပ်မယှက်ရပ်နေ၏။

လက်နက်ပုန်းလေးများသည်တူးဆန်းစွာပင်ကွယ်ပျောက် သွားလေသည်။

'ဟင်'

သူမမျက်နှာပျက်သွားသည်။

စုံကျောင်းက....

'ခင်ဗျားက ဘားကြောင့်လိုက်ပြီ၊ နှောင့်ယှက်နေ တာလဲ'

ပြောရင်း ရှေ့သို့ တစ်လှမ်းချင်းလှမ်းသွားလိုက်လေသည်။ သူမ အားတက်သွားသည်။

လူရိပ်သည် စုကျောင်းအား ဒုက္ခပေးမည်မဟုတ်ကြောင်း ထင်ရှားပေသည်။

စုကျောင်းကသာ ကူညီတိုက်ခိုက်မည်ဆိုပါက သူမတို့ အနိုင်မည်ဟု ယုံကြည်ထားလေသည်။



ထို့ကြောင့်—

'သူ့ကို မလွှတ်စေနဲ့'

ဟု အော်ဟစ်ကာ ပြေးသွားလေ၏။

ထိုအချိန်မှာပင်....

လူရိပ်သည် ရိပ်ခနဲလှုပ်ရှားလာလေတော့သည်။

ရုတ်တရက် အပေါ်သို့ ခုန်တက်လိုက်ပြီး စုကျောင်း၏ ဦးပေါ်မှ ဖြတ်ကျော်ကာ သူမထံသို့ရောက်လာ၏။

သူမက—

'ယား'

ညာသံပေးကာ လက်ဝါးနှစ်ဖက် ဆန့်ထုတ်ကာ ဆီးကြို ရိုက်ချလိုက်လေသည်။

စုကျောင်းက....

'သတိထား'

သူမကို သတိပေးရင်း လူရိပ်ထံသို့ ခုန်ဝင်လိုက်၏။

လူရိပ်သည် စုကျောင်းရောက်မလာမီ သူမအား ခပ်သွက် သွက် တိုက်ခိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်—

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး သူမ ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားသည်ကို တွေ့လိုက်ရလေသည်။

စုကျောင်းမှာ စိုးရိမ်ပူပန်သွားကာ တရကြမ်းပြေးဝင်တိုက်ခိုက်လေ၏။

လူရိုင်းသည် ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ဘေးသို့ ခုန်ထွက်သွားပြီး ပြေးလွှားပျောက်ကွယ်သွားတော့သည်။

* * *

လူရိုင်းမှာ ပျောက်ကွယ်သွားပြီဖြစ်သည်။
စုကျောင်း ဒေါပွသွားသည်။
'ခင်ဗျား ထွက်ပြေးလို့ရမလား'
ဟု အော်ဟစ်လိုက်၏။
သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။
သို့သော်...
လူရိုင်းကား လုံးဝပျောက်ကွယ်သွားပြီဖြစ်၏။
ထိုအခါမှ—
စုကျောင်းသည် ကျိုလင်းအတွက် ပူပန်လာလေတော့သည်။
'ညီမ...'



ကပျာကယာပြေးသွားပြီး ကျိုလင်းအား ပွေ့ယူလိုက်သည်။

ကျိုလင်း၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေ၏။

စုကျောင်းက...

'ညီမ—ညီမ'

စိုးရိမ်တကြီး ခေါ်လိုက်သည်။

ကျိုလင်းက—
'ကျွန်မ ဒဏ်ရာရသွားပေမယ့် အသက်အန္တရာယ် စိုးရိမ်စရာမရှိပါဘူးရှင်'
ဟု ပြောလာလေသည်။
စုကျောင်း အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

'ညီမ...ညီမ ဘာမှမဖြစ်ဘူးနော်'

ကျိုလင်းက...
'ကျွန်မတို့ ဒီနေရာက အမြန်ဆုံး ထွက်သွားကြမှ ဖြစ်မယ်ရှင့်'

စုကျောင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ'
ကျိုလင်းက—

'ကျွန်မဆရာဆီကို သွားမယ်၊ အစ်ကို လိုက်ပို့ပါနော်'
'စိတ်ချ ညီမ'
စုကျောင်းက သူ့အားပွေ့ချီလိုက်သည်။
ထို့နောက်....
တောင်ကုန်းပေါ်မှ ပြေးဆင်းလာခဲ့လေတော့သည်။

## သိုင်းလောကပြဿနာ

စိမ့်လန်းသော တောအုပ်များ၏ တစ်ဘက်တွင် လယ်
င်းများ ရှိနေသည်။
လယ်ကွင်းများမှ တဆင့် ကွေ့ကောက်စီးဆင်းနေသော
ျောင်းကလေးတစ်ခုနှင့် ရွာကလေး တစ်ရွာကို တွေ့မြင်
ည်ဖြစ်သည်။
စုကျောင်းသည် ကျဲလှင်းကို ဖေးမ၍ကာ ခရီးနှင်လာ
ချောင်းကစ်ဘက်မှ ရွာကလေးဆီသို့ ရောက်ရှိလာလေ
ည်။

လမ်းခရီးတွင် အသက်ကယ်ဆေးများ သောက်ခဲ့ရသဖြင့် ကျော်လင်း၏ ဝေဒနာအနည်းငယ် သက်သာလာသည်ဟု ဆိုနိုင်၏။

ကျော်လင်းက....

'ရွာတောင်ဘက်က တောင်ကုန်းလေးပေါ်မှာ ဆရာရှိနေတယ်'

ဟု ပြောလေသည်။

'ကောင်းပြီ'

စုကျောင်းက သူမအား ဖေးမကာ ခေါ်ဆောင်သွားသည်။

မနီးမဝေးဖြင့်သော တောင်ကုန်းလေးပေါ်တွင် လုပသယ်ရပ်စွာ ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

အိမ်ရှေ့သို့ရောက်လျှင် ကျော်လင်းက...

'ဆရာ...ဆရာ'

ဟု ခေါ်လိုက်သည်။

သူမ၏ ခေါ်သံနှင့် မှရှေးမနှောင်းမှာပင်—

'ကျော်လင်း....မင်းရောက်လာပြီလား'



ဝမ်းသာအားရ စကားသံနှင့်အတူ အဘိုးအိုတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုသည် စုကျောင်းက ကျော်လင်းအား ဖေးမထားသည်ကို တွေ့ရလျှင် မျက်မှောင်ကုပ်သွားပြီး....

'ကျော်လင်း....မင်းဘယ်လိုဖြစ်လာတာလဲ'

ဟု မေးလေသည်။

ကျော်လင်း ပခုံးတွန့်လိုက်သည်။

'ဆရာမြင်တဲ့အတိုင်းပဲလေ၊ ကျွန်မ အဆိပ်မိလာခဲ့ပြီ'

အဘိုးအိုက—

'ငါ့တပည့်ရဲ့ ပညာအဆင့် မနိမ့်ပါဘူး၊ ဘာကြောင့် အရေးနိမ့်ရမှာလဲ၊ ဒါဆို ငါ့ပညာတွေ ရေထဲ လွှင့်ပစ်လိုက်ရတော့မယ်ထင်တယ်'

ကျော်လင်းက—

'ဆရာကိုယ်တိုင် ရေထဲခုန်ဆင်းသွားချင်မှာ'

'ဟော'

အခြေအနေထူးခြားနေပြီ ဖြစ်ကြောင်းအဘိုးအိုသဘောပေါက်လိုက်မိသည်။

ထို့ကြောင့်....

'ကဲ....အထဲဝင်ဦး'

ဟု အိမ်ထဲဖိတ်ခေါ်လိုက်သည်။

'ကောင်းပါပြီဆရာ'

စုကျောင်းက ကျော်လှိုင်းကို ဖေးမကာ အိမ်ထဲလှမ်းဝင်လိုက်လေတော့သည်။

*　*　*

ကျော်လင်းက အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်လေသည်။

အဘိုးအိုမှာ မျက်နှာတည်သွားသည်။

'အင်း—ခုတလော သိုင်းလောကမှာ ထူးခြားတဲ့ ကိစ္စတွေဖြစ်ပေါ်နေတာ ဒါကြောင့်ကို'

ဟု ရေရွတ်လိုက်လေသည်။

ကျော်လင်းကဲ..



'ဆရာ—ကျောက်စိမ်းဆံထိုးနဲ့ ပတ်သက်ပြီး တစ်ခုခုတော့မှားနေပြီလို့ ကျွန်မထင်မိတယ်၊ ဒါကြောင့်'

သူမ၏ စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်ပြောလိုက်လေသည်။

'ဘာလဲ ဒီကိစ္စကို ငါဖြေရှင်းပေးစေချင်နေတယ် ဟုတ်လား ...'

ကျော်လင်းက—

'ဆရာကိုယ်တိုင်ဝင်ပြီး ဖြေရှင်းမှ ရနိုင်မယ့်ကိစ္စမို့ ကျွန်မပြောတာပါ'

အဘိုးအို ခေါင်းယမ်းလိုက်သည်။

'ငါက သိုင်းလောကထဲ မဆင်းတော့ဘူးလို့ ဆုံးဖြတ်ထားတာ မင်းအသိပဲ'

ကျော်လင်းက....

'ဒါဆို ဒီကိစ္စကို ဆရာဖြေရှင်းမပေးနိုင်ဘူးပေါ့'

အဘိုးအိုက—

'ဟုတ်တယ်၊ သိုင်းလောက ကိစ္စတွေကို ငါဝင်မပါချင်တော့ဘူး'

ကျော်လင်းက....

'ဒါဆို....ကျွန်မကို သူများ တိုက်ခိုက်သွားတာကော၊ ဆရာဘယ်လိုပြောမလဲ'

အဘိုးအိုက—

'ကိစ္စမရှိဘူး၊ မင်းအတွင်းဒဏ်ရာရသောဘာကို ငါကုသပေးမယ်'

ကျိုလင်းက...

'ဆရာက ခေါင်းငုံ့ခံနေမယ်ပေါ့'

အဘိုးအိုက ဘာမှမပြောခဲ့။

ကျိုလင်းက....

'ဒီလိုဆိုရင် ကျွန်မဟာ ဆရာ့တပည့်မဖြစ်ချင်တော့ဘူး'

ဟု ပြောလိုက်သည်။

အဘိုးအိုက....

'ကျိုလင်း.... မင်း ငယ်ပါသေးတယ်၊ သိုင်းလောကအကြောင်း နားမလည်သေးပါဘူး'

ကျိုလင်းက...

'ကိစ္စမရှိဘူး ဆရာ၊ ဆရာမဖြေရှင်းနိုင်ဘူးဆိုရင် ကျွန်မဘာသာ ဖြေရှင်းပါ့မယ်'

'ဟာ....မဖြစ်နိုင်တာ'

'ကျောက်စိမ်းဆံထိုးကြောင့် သိုင်းလောကသားတွေ ဒုက္ခရောက်နေကြပြီ၊ ဆရာ လက်ပိုက်ကြည့်နေဦးမယ်ဆိုရင် ကျွန်မဘာသာ ဖြေရှင်းရတော့မှာပဲ'

အဘိုးအို ခေါင်းကုပ်လိုက်သည်။

'ခက်တာပဲ၊ ကဲ....ကဲ...ငါပဲ ဖြေရှင်းပေးပါ့မယ်'

ဟု ပြောလိုက်၏။



ထိုစကားကြားလျှင် စုကျောင်းနှင့် ကျိုလင်းတို့ဝမ်းသာသွားကြလေတော့သည်။

* * *

ကျိုလင်း၏ဆရာသည် တစ်ချိန်က သိုင်းလောက၌ကျော်ကြားခဲ့သောသိုင်းသမားတစ်ယောက်ဖြစ်ရမည်ဟု စုကျောင်းနားလည်ထားလေသည်။

ယခုအချိန်တွင်သိုင်းလောကကိုကျောခိုင်းကာ အေးအေးဆေးဆေး နေထိုင်လိုသူဖြစ်နေပေပြီ။

တပည့်ကျိုလင်းကိုလည်း အလွန်ချစ်မြတ်နိုးသည့်သဘောရှိသည်။

ထို့ကြောင့်—

ကျော်လင်းကအတင်းအကြပ်ပြောလေသောအခါ အတိုးအို သည် မတတ်သာတော့ပဲ ကျော်လင်း၏ အလိုကို လိုက်လျော ရခြင်း ဖြစ်ပေတော့သည်။

* * *

အတိုးအိုသည် ကျောက်စိမ်း ဆံထိုးကိစ္စကို မေ့ထား လိုက်သည်။

ကျော်လင်း၏ ဝေဒနာကို ဂရုစိုက်ပြီး ကုသပေးလေသည်၊

အသက်ကယ်ဆေး တိုက်ကြွေးသည့်အပြင် အထွင်းအား ဖြင့် ကုသပေးလေသည်။

ဤတွင်....

ဝါရင့်သိုင်းသမားကြီးပီပီ ထူးခြားမှု တစ်ခုကို တွေ့မြင် သွားခဲ့လေတော့သည်။

* * *



လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က သိုင်းလောက၌ လျှမ်းလျှပ်းတောက် ကျော်ကြားခဲ့သော သိုင်းသမားကြီး သုံးယောက် ပေါ်ထွက်ခဲ့ဘူးပေသည်။

ကျွန်းနန်မှ ဓားသမားအိမ်းရှုံ...

မြစ်ဝါမြစ်မှ လူသန်ကြီးထင်းပနှင့် မြေလတ် ဒေသမှ စာပေသမား ယုဆွေတို့ဖြစ်လေသည်။

ကျော်လင်း၏ဆရာသည် လျှမ်းလျှမ်းတောက် ကျော်ကြား ခဲ့သည့် သိုင်းပါရဂူ သုံးယောက်တွင် ပါဝင်သော 'စာပေ သမား ယုဆွေ' ဖြစ်လေသည်။

* * *

ယုဆွေသည် ကျော်လင်းအား အတွင်းအားပို့ဆောင်ခြင်း ဖြင့် သူ၏အတွင်းဒဏ်ကို ကုသပေးလေ့သည်။

ဤတွင်....

ကျော်လင်း ရထားသော အတွင်းဒဏ်သည် ထူးဆန်းသော လက်ဝါးရိုက်ချက်ကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း ဆင်ခြင်မိ လိုက်လေသည်။

ယုဆွေ မျက်မှောင်ကုပ်သွား၏။

ကျော်လင်းအား သက်တောင့်သက်သာ လဲလျောင်းစေပြီးမှ—

'ကျော်လင်း ငါ့ကို မှန်မှန်ပြောရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ကျော်လင်း ဝေါက်ခနဲ ထထိုင်လိုက်လေသည်။

'ဆရာ့ကို ကျွန်မက လိမ်ပြောတယ်ဟုတ်လား'

'ဟုတ်တယ်'

'ကျွန်မက ဘာကြောင့် လိမ်ပြောရမှာလဲ'

'မင်းက ကျောက်စိမ်းဆံထိုးကို စောင့်ရှောက်တဲ့လူတွေရဲ့ လက်ချက်နဲ့ ဒဏ်ရာရလာတာဆို'

'ဟုတ်တယ်လေ ဆရာ'

'မင်းဒဏ်ရာက ကျောက်စိမ်းလက်ဝါး ပညာကြောင့် ရလာတဲ့ ဒဏ်ရာမှ မဟုတ်တာ'

'ဟင်...'

ကျော်လင်းကိုယ်တိုင်လည်း ကြောင်အမ်းအမ်း ဖြစ်သွား၍ လေသည်။

ဆရာဖြစ်သူကို မျက်လုံးပြူးကာ ကြည့်နေပြီးမှ ဘာမှ ဘာမှ မပြောနိုင်ပါချေ။

ယုဆေ့က တည်ကြည်သော မျက်နှာထားဖြင့်...

'ကျော်လင်း... ကျောက်စိမ်းဆံထိုး အကြောင်းကို မင်း သေသေချာချာမသိသေးပါဘူး၊ ဒါကြောင့် မင်းမှားယွင်းပြီး ပြောမိတာပဲ ဖြစ်မယ်'



ဟု ပြောလေသည်။

စုကျောင်းက လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်ရင်း....

'ကျောက်စိမ်းဆံထိုးနဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးဖို့ တောင်းပန်ပါတယ် ခင်ဗျာ'

ဟု ပြောလိုက်သည်။

ယုဆေ့က—

'ကျောက်စိမ်းဆံထိုးနဲ့ ပတ်သက်ပြီး အားလုံးသိပြီးကြတဲ့ အတိုင်းပဲ၊ မရဏဒေဝီဟာ လက်ရုံးတပည့်နှစ်ယောက်နဲ့ အတူတူ သိုင်းလောကထဲကို ဆင်းလာခဲ့တယ်၊ သူ့ရဲ့ကျောက်စိမ်းဆံထိုးကို ရအောင်ယူနိုင်ခဲ့ရင် ကြင်ဘက်ရွေးမယ်လို့ ကြေညာခဲ့တယ်'

စုကျောင်း သက်ပြင်းချလိုက်သည်။

'ဒီကိစ္စတွေဟာ တကယ်ဖြစ်ပျက်ခဲ့တာပဲကိုး'

ကြိမ်ဖန်များစွာ ကြားခဲ့ရပြီဖြစ်ရာ ယုဆေ့ ပြောပြသော အခါ လက်ခံယုံကြည်သွားလေတော့သည်။

ယုဆေ့က ဆက်ပြောသည်။

'မရဏဒေဝီဟာ နတ်မိမယ်တမျှ ချောမောလှပတယ်၊ ဒါကြောင့် သိုင်းလောကသားတွေက လိုချင်မက်မောပြီး ယှဉ်ပြိုင်ခဲ့ကြတယ်၊ ဒါပေမယ့် ဘယ်သူမှမယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြတယ်၊ မရဏဒေဝီရဲ့ လက်ချက်နဲ့ သိုင်းလောကသားတွေ အတော်များများအသက်ဆုံးရှုံးခဲ့ကြရတယ်'

စုကျောင်း သက်ပြင်းချလိုက်သည်။

ရှေ့ဆက်သိရလျှင်လည်း အကြောင်းထူးမည် မဟုတ်ဟု တင်မှတ်မိလေသည်။

သို့သော်....

ယုဆွေ ဆက်ပြောသည့်စကား ကြားရသောအခါ အံ့ဩသွားရလေတော့သည်။

ယုဆွေက....

'မရဏဒေဝီနဲ့ လယ်ရှုံးနှစ်ယောက်ရဲ့ သတင်းဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးသွားခဲ့တယ်၊ သူတို့ရဲ့ ပညာကို သိုင်းလောကသားတွေက အောက်လမ်းဆန်တဲ့ပညာလို့ သတ်မှတ်ခဲ့ကြတယ်၊ အထူးသဖြင့် ကျောက်စိမ်းလက်ဝါးဆိုတဲ့ လက်ဝါးသိုင်းကွက်ကို သိုင်းလောကသားတွေ ဘယ်လိုမှ မယှဉ်နိုင်အောင် ဖြစ်ရတယ်'

စုကျောင်းက—

'ကျောက်စိမ်းလက်ဝါးပညာက ဘယ်လိုများ ထူးခြားနေလို့လဲ ခင်ဗျာ'

ဟု မေးလိုက်လေသည်။

ယုဆွေက....

'အေးစိမ့်တဲ့ အတွင်းအားကို အသုံးပြုရတဲ့ လက်ဝါးပညာပဲ၊ ကျောက်စိမ်းလက်ဝါးပညာကို ဖော်ထုတ်လိုက်တာနဲ့ ဝန်းကျင်တစ်ခုလုံး ရေခဲမတတ် အေးစိမ့်သွားတတ်တယ်လို့ ဆိုကြတယ်၊ လက်ဝါးဒဏ်ခံလိုက်ရတဲ့သူဟာ ခန္ဓာကိုယ်ထဲက သွေးတွေခဲပြီး သေဆုံးသွားရတတ်တယ်လို့ သိရတယ်'



စုကျောင်း မျက်နှာပျက်သွားလေသည်။

ကျောလင်းကို စိုးရိမ်စွာ လှမ်းကြည့်လိုက်သည်။

ယုဆွေက....

'မစိုးရိမ်ပါနဲ့ကွာ၊ သူ့ရဲ့ဒဏ်ရာဟာ ကျောက်စိမ်းလက်ဝါးသိုင်းကွက်ကြောင့် ရခဲ့တဲ့ဒဏ်ရာမဟုတ်ပါဘူး'

'ဒါဆို...'

'ကျောက်စိမ်းလက်ဝါးနဲ့ ခပ်ဆင်ဆင်တူတဲ့ အအေးလက်ဝါးသိုင်းကြောင့် ရတဲ့ဒဏ်ရာပါ၊ သိပ်ပြီး စိုးရိမ်စရာမရှိပါဘူး'

သူမမှာ အချိန်မီ အသက်ကယ်ဆေး သောက်ရပြီး အတွင်းအားဖြင့် ကုသနိုင်ခြင်းကြောင့် ကံကောင်းသွားခြင်းဖြစ်ကြောင်း စုကျောင်း သဘောပေါက်လိုက်လေသည်။

ယုဆွေက....

'မရဏဒေဝီကြောင့် သိုင်းလောကတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်လာရတော့ ရှောင်လင်ကျောင်းထိုင်က ဘုန်းတော်ကြီး တစ်ပါးကို စေလွှတ်ပြီး မရဏဒေဝီကို ဆုံးမခိုင်းခဲ့တယ်'

စုကျောင်းက—

'မရဏဒေဝီ အရေးနိမ့်သွားလားဟင်'

ယုဆွေက....

'ဟုတ်တယ်၊ နောက်ပိုင်းမှာတော့ သိုင်းလောကသားတွေ ပေါင်းတိုက်ခိုက်ခဲ့ကြလို့ မရဏဒေဝီ အရေးနိမ့်သွားတာလို့ ပြောဆိုကြတယ်၊ ရှောင်လင်ကျောင်းက ဝေဖန်ချက်မပေးခဲ့ပါဘူး'

စုကျောင်းက—

'မရဏဒေဝီက သေဆုံးသွားတာလားဟင်'

ဟု မေးလိုက်လေသည်။

ယုဆွေက...

'သူ့ရဲ့ လက်ရုံးနှစ်ယောက် သေဆုံးသွားသလို သူဟာ ဒဏ်ရာအပြင်းအထန်ရသွားပြီး လွက်ပြေးတိမ်းရှောင်သွားတာလို့ သိရတယ်'

ဤသို့ဆိုလျှင်...

မရဏဒေဝီနှင့် သူ၏ လက်ရုံးနှစ်ယောက်ပါ သေဆုံးသွားခဲ့ကြသည်မှာ ထင်ရှားနေပါသည်။

ထိုဖြစ်ရပ်များသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

ယခုမှ သိုင်းလောကမှ မမေ့ကောင်းဆိုးဝါ ဝိညာဉ်များမှာ ပြန်လည် ထွက်ပေါ်လာသည်မှာ ထူးဆန်းလှပေတော့သည်။

ယုဆွေက...

'မရဏဒေဝီဟာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး ခုမှ ပြန်ထွက်ပေါ်လာတယ်၊ ဒါပေမယ့် ငါပြောသလိုပဲ ကျောက်စိမ်းလက်ဝါးသိုင်းကွက်နဲ့ အဆေးလက်ဝါးသိုင်းကွက်ချင်း လွဲနေတယ်'

စုကျောင်းက...

'ဦးရယ်—ကျွန်တော့်ကို ရှင်းပြပါလား ခင်ဗျာ'

ယုဆွေက...



'အင်း မင်း နားလည်အောင် ပြောရရင် မရဏဒေဝီရဲ့ ကျောက်စိမ်းဆံထိုး ထွက်ပေါ်လာတယ်၊ မရဏဒေဝီနဲ့ သူ့ရဲ့ လက်ရုံးနှစ်ဖက်ဟာ ဝိညာဉ်တွေအဖြစ် မင်းကို လိုက်လံ ကာကွယ်စောင့်ရှောက်နေကြတာကိုး၊ ဒီလိုပဲ ဖြစ်ပျက်ခဲ့တယ် မဟုတ်လား'

စုကျောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

ယုဆွေက...

'ဒါပြင့် မရဏဒေဝီနဲ့ လက်ရုံးနှစ်ဆူရဲ့ ဝိညာဉ်တွေက သူတို့ တတ်မြောက်ထားတဲ့ ကျောက်စိမ်းလက်ဝါးသိုင်းကို အသုံးမပြုပဲ ခပ်ဆင်ဆင်တူတဲ့အဆေးလက်ဝါးသိုင်းကို အသုံးပြုရတာလဲ'

စုကျောင်းသည် မိမိ သိုင်းသမားတစ်ယောက်မဟုတ်သဖြင့် ဖြေရှင်းချက်မပေးနိုင်ပါချေ။

ယုဆွေက—

'ဒီနေရာမှာ အံ့ချော်နေပြီး ဘယ်သူမဆို အရေးအကြောင်းပေါ်လာရင် ကိုယ့်ရဲ့ အကျွမ်းကျင်ဆုံး ပညာကို ထုတ်ဖော်အလုံးပြုမှာပဲ၊ သိုင်းကွက်ချင်း မတူဘူးဆိုတော့ မင်းကို လိုက်ပြီး ကာကွယ်စောင့်ရှောက်နေတဲ့ လူတွေဟာ မရဏဒေဝီနဲ့ သူ့လက်ရုံးနှစ်ယောက်နဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူး'ဆိုတာ ထင်ရှားနေတာပေါ့'

စုကျောင်း ပါးဝပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

* * *

အခြေအနေ အရပ်ရပ်သည် ရှင်းလင်းသွားသလို ဖြစ်လာသည်။

သို့သော်....

စုကျောင်း သေသေချာချာ စဉ်းစားလိုက်သောအခါ ပို၍ရှုပ်ထွေးသွား၏။

စုကျောင်း ခေါင်းကုတ်လိုက်မိလေသည်။

ယုဆွေက....

'သိုင်းပညာဆိုတာ ဘယ်လောက်ပဲ ဆန်းကြယ်အောင် တီထွင်ကြပေမယ့် မူလအခြေခံ အကြောင်းတရားတွေက ပျောက်ကွယ်သွားလေ့ မရှိပါဘူး၊ ကျောက်စိမ်းလက်ဝါး သိုင်းဟာ မရဏဒေဝီ မူပိုင်တီထွင်ထားတာမှန်ပေမယ့် သိုင်း



လောကရဲ့ လက်ဝါးသိုင်းတွေနဲ့ အခြေခံချင်း အတူတူပါ၊ အထူးသဖြင့် အအေးလက်ဝါး သိုင်းပညာနဲ့ သွားပြီးဆင်တယ်၊ ရုတ်တရက် ခွဲခြားလို့တော့ မရနိုင်ဘူး၊ သေသေချာချာဆန်းစစ်လေ့လာမှ ခွဲခြားလို့ ရနိုင်လိမ့်မယ်'

ဟု ရှင်းပြလေသည်။

စုကျောင်းက....

'ဒါဆို ညီမလေး ကျိုလင်းရဲ့ ဒဏ်ရာဟာ'

'ကျောက်စိမ်းလက်ဝါး သိုင်းပညာမဟုတ်တာ သေချာပါတယ်'

ယုဆွေကဲ့သို့ သိုင်းပါရဂူက အခိုင်အမာ ပြောနေခြင်းကြောင့် စုကျောင်းလက်မခံနိုင်စရာအကြောင်း မရှိတော့ပေ၊

ယုဆွေက....

'ငါတို့သည် ကိစ္စကို အမြေရှာကြရလိမ့်မယ်'

ဟု ပြောသည်။

* * *

ယုဆွေသည် ကျော်လင်းအား ဂရုစိုက်ကုသပေးခဲ့လေသည်။

ထို့ကြောင့် ရက်အနည်းငယ်အတွင်း ကျော်လင်း သိသိသာသာ သက်သာလာလေ၏။

သူမ သက်သာလာသည်နှင့် ကျောက်စိမ်းဆံထိုးနှင့် ပတ်သက်၍ အဖြေရှာရန် သိုင်းလောကသို့ ထွက်ခွာလာခဲ့ကြတော့သည်။

* * *



သာယာသောနေ့တစ်နေ့ ဖြစ်ပါသည်။

လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြ၏။

စုကျောင်း၊ ကျော်လင်းနှင့် ယုဆွေတို့သည် မြို့တွင်းသို့ဝင်ခဲ့ကြ၏။

ယုဆွေကိုယ်တိုင်ပါလာသဖြင့် သူနှင့်သူမတို့ ဝမ်းသာနေကြသည်။

ကျောက်စိမ်းဆံထိုး၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တော့မည်ဟုလည်း ယုံကြည်မိ၏။

သုံးယောက်သား ရင်ဘောင်တန်းကာ လမ်းလျှောက်နေကြစဉ်—

'ဟေ့...နေဦး'

အော်ငေါက်ဟန်ပါသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားရ၏။

စုကျောင်းတို့ ခြေလှမ်းရပ်သွားသည်။

ထိုလူစုသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင် ရှိကြသည်။

ထိုလူစုအား ဦးဆောင်လာသူက သူမအား မုန်းတီးစက်ဆုပ်စွာ ကြည့်ရင်း—

'မင်းက ကျုပ်အစ်ကိုကို သတ်ပစ်လိုက်ပြီးမှ ထွက်ပြေးလို့ မရတော့ဘူး'

ဟု ပြော၏။

သူမ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ရှင် ဘာတွေပြောနေတာလဲ'

ထိုလူက—

'ခုမှ မသိချင်ဟန်ဆောင်မနေနဲ့၊ ကျုပ်အစ်ကို ငွေမေးခေါ်သွားပြီး သတ်ပစ်လိုက်တာမဟုတ်လား'

'ဟင်'

သူမ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

စုကျော့ခင်းအဖြစ် ဟန်ဆောင်ရန် သူမ ငှားရမ်းခဲ့သည့် နွားလေးကို သတိရလာလေသည်။

ထိုလူက—

'ကျုပ်အစ်ကို နွားလေးအတွက် မင်းနဲ့ စာရင်းရှင်းရလိမ့်မယ်'



ဟု ပြောကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

စုကျော့ခင်းက စိုးရိမ်သွားပြီး....

ညီမ'

သူမအနီးသို့ လှမ်းသွားရန် ဟန်ပြင်လိုက်သည်။

သူ့အား ယုဆွေက ဟန့်တားလိုက်၏။

စုကျော့ခင်း ကြောင်အမ်းအမ်း ဖြင့် ကြည့်လိုက်ရာ ယုဆွေက ပြုံးပြုရင်း—

'ဒီကိစ္စ သူဖြေရှင်းနိုင်ပါတယ်'

ဟူသော သဘောဖြင့် မျက်စိမှိတ်ပြလိုက်ရာ စုကျော့ခင်း နောက်ဆုတ်လိုက်၏။

စုကျော့ခင်းက—

'ရှင့်အစ်ကိုဟာ မတော်တဆ သေဆုံးသွားခဲ့ရတာပါ၊ ကျွန်မရဲ့ ပယောဂ မကင်းဘူးဆိုတာ မှန်ပေမယ့် ကျွန်မလက်ချက်ကြောင့် မဟုတ်ပါဘူး'

ဟု ရှင်းပြလိုက်သည်။

ထိုလူက....

'ဒါတွေ ကျုပ်နားမလည်ဘူး၊ မင်းနဲ့ စာရင်း ရှင်းရမှ ကျေနပ်မယ်၊ သတိသာထားပေတော့'

စကားဆုံးလျှင် စတင်တိုက်ခိုက်လေ၏။

သူမလည်း မတတ်သာဘဲ ပြန်လည်တိုက်ခိုက်ရသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိပါလျှင်....

'ဝုန်း'

အသံတစ်ချက် ထွက်ပေါ်လာကာ ထိုလူမှာ ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး မြေပေါ် ဖင်ထိုင်ကျသွားသည်။

သူမက—

'ရှင့်အစ်ကိုဟာ ဘယ်လိုလူစားမျိုးဆိုတာ လူတိုင်း သိကြတယ်၊ ဒါကြောင့် ရှေ့ဆက်ရန်ရှာနေဦးမယ်ဆိုရင် ကျွန်မ ခွင့်လွှတ်မှာ မဟုတ်ဘူး'

ဟု ပြော၏။

ထိုလူက အခြေအနေမဟန်မှန်းသိလျှင် တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ သူ၏ လူများကို ခေါ်ဆောင်ကာ ပြေးထွက်သွားလေတော့သည်။

* * *



စုကျောင်း သက်ပြင်းချလိုက်သည်။

သူမကို ချီးကျူးသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

ယုဆွေကလည်း....

'ငါ့ကပည့် ဘယ်ဆိုးလို့လဲ'

ဟု ချီးကျူး၏။

သူမက ရယ်မောရန်ဟန်ပြင်၏။

ရုတ်တရက်....

သူမ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ယင်သွားကာ မျက်နှာ ပျက်သွား၏။

ပြောင်းလဲသွားသော သူမ၏ အမူအယာကြောင့် သူနှင့် ယုဆွေတို့ ရင်ထိတ်သွားကြသည်။

'ကျိုလင်း'

'ဘာဖြစ်တာလဲ'

ဇပျာကယာ ဝိုင်းဝန်းမေးမလိုက်ကြသည်။

သူမမှာ ခန္ဓာကိုယ်တဆတ်ဆတ်တုန်ယင်နေ၏။

သူမ၏မျက်နှာ ဖြူဖပ်ဖြူလျော်ဖြစ်လာသလို နှုတ်ခမ်းမှာ ပြာလာ၏။

ယုဆွေက....

'ကျော်လင်း....သတိထား'

ဟု သတိပေးလိုက်ပြီး ကပျာကယာ စစ်ဆေးကြည့်လိုက်သည်။

သူမ၏သွေးကြောများကို စမ်းလိုက်သောအခါ ယုဆွေ မျက်နှာ ကွက်ခနဲပျက်သွားသည်။

စုကျော်င်းဘက်သို့ လှည့်ပြီး –

'လူရှင်းတဲ့တစ်နေရာကို သွားကြမယ်၊ ကျော်လင်းကို ထမ်းခေါ်ခဲ့'

ဟု ပြောပြီး ထွက်သွား၏။

စုကျော်င်းလည်း ကျော်လင်းကို ပခုံးပေါ်ထမ်းကာ ချက်ချင်းပြေးလိုက်သွားလေတော့သည်။

* * *



ဘုံကျောင်းလေးတစ်ခု၏ ဝဲဘက်တွင် လူရှင်းသော စနပ် တစ်ဆောင်ရှိသည်။

ကျော်လင်း၊ စုကျော်င်းနှင့် ယုဆွေတို့သည် ထိုဇရပ်ပေါ်သို့ ရောက်နေကြပြီဖြစ် ည်။

ယုဆွေက ကျော်လင်းအား တင်ပျဉ်ခွေထိုင်ခိုင်းပြီး ကျောပြင်ရှိ အဓိကကျသော သွေးကြောနေရာများမှ တစ်ဆင့် အတွင်းအားကို ပို့ဆောင်ပေးလိုက်သည်။

ယုဆွေက ကျော်လင်းအား ကြိုးစားကုသပေးနေသည်ကို စုံကျောင်းက ဂရုစိုက်ပြီးကြည့်နေသည်။

မည်သူမျှ ထာရောက်နှောင့်ယှက်ခြင်းမပြုနိုင်ရန် ယုဆွေ က တာဝန်ပေးထားခြင်းကြောင့် ဖြစ်လေသည်။

ထိုအချိန်တွင် ..

ဘုံကျောင်းအတွင်းမှ အဖြူရောင် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ထွက်လာသည်ကို တွေ့ရ၏။

ထိုအဘိုး အိုသည် ဘုရားဝတ်ပြုပြီး ပြန်ထွက်လာခြင်းဖြစ်ပုံရသည်။

ဘုံကျောင်းထဲမှထွက်လာ ဟိုဟိုသည်သည် ကြည့်ရင်း ဇရပ်ပေါ်မှ စုကျောင်းတို့အား တွေ့ရသောအခါ စိတ်ဝင်စားသွားသည့်အလား မျက်မှောင်ကုပ်သွားသည်။

ထို့နောက်....

ခပ်မြန်မြန်လျှောက်လာသည်။

စုကျောင်း ရင်ထိတ်သွား၏။

ကျုံလင်းတို့အား မနှောင့်ယှက်စေလိုသဖြင့် ဇရပ်ပေါ်မှ ခုန်ဆင်းလိုက်၏။

သူလမ်းပိတ်ထားလိုက်ခြင်းကြောင့် အဖြူရောင်ဝတ်အဘိုးအိုက ပြုံးပြီး—

'ငါ ဇရပ်ပေါ်သွားမလို့'

ဟု ပြောသည်။

သူက—

'အကြောင်းကိစ္စမရှိဘူးဆိုရင် မသွားဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ'

ဟု ဦးညွှတ်ကာ ရိုရိုသေသေပြောလိုက်၏။

အဘိုးအိုက..



'အကြောင်းရှိတယ်ဆိုရင်ကော'

ဟု ပြော၏။

သူ မကျေမနပ်ဖြစ်သွားသည်။

အဘိုးအိုသည် ကျုံလင်းတို့အား တမင် နှောင့်ယှက်မည့်သူဟု ယုံကြည်မိ၏။

ထို့ကြောင့်....

'ကျွန်တော့်ကို ကျော်ဖြတ်နိုင်ရင် သွားလို့ရပါတယ်ခင်ဗျာ'

ဟု ပြောလိုက်သည်။

'ဟား ဟား ဟား'

အဘိုးအို သဘောကျစွာ ရယ်မော၍....

'မဆိုးဘူးမဟ၊ ငါကလဲ ဒါမျိုးမှသဘောကျတာ ကဲ— တားနိုင်ရင် တားပေတော့'

ဟု ပြောပြီး ရှေ့တိုးလာသည်။

ထိုအဘိုးအိုသည် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သူနားလည်ထားပါ၏။

သူက တားဆီးခြင်းမပြုနိုင်လျှင် ကျုံလင်းတို့ ဒုက္ခရောက်သွားမည် စိုးရိမ်မိသည်။

နောက်ဆုံး ဖြစ်သည့်နည်းနှင့်တားရန် ဆုံးဖြတ်ကာ အိတ်ကပ်ထဲမှ အဘိုးအိုသင်ပေးခဲ့သော သိုင်းကွက်များကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်သည်။

'မတားမဖြစ်လို့ တားဆီးရတာကို ခွင့်လွှတ်ပါ'

ဟု ပြောကာ လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်၏။

အဘိုးအိုသည် စုံကျောင်း၏ လက်ဝါးတိုက်ကွက် ထွက်ပေါ်လာသည်ကို တွေ့သောအခါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

စုကျောင်း၏ လက်ဝါးတိုက်ကွက်များသည် သိုင်းလောက၌ အသုံးပြုနေကြသည့် လက်ဝါးသိုင်းကွက်များနှင့် မတူဘဲ ပြောင်းပြန်ဖြစ်ကာ ဆန့်ကျင်နေသည်မဟုတ်ပါလား။

'မခေပါလားဟေ့'

အဘိုးအိုက တစ်ချက်အော်ပြောပြီး လက်ဝါးဆန့်ထုတ်ကာ ပြန်လည် ခုခံလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သံတစ်ချက် ထွက်ပေါ်လာသည်။

စုကျောင်းသည် ချက်ချင်းပင် နောက်သို့ ခြေငါးလှမ်းမျှဆုတ်ပေးလိုက်သည်။

အဘိုးအိုက—

'မှင်းမဆိုးဘူး'

ဟု ပြောကာ ဇရပ်ပေါ်သို့ ရိပ်ကနဲတက်သွားလေတော့သည်။

* * *



အဘိုးအိုသည် ဇရပ်ပေါ်သို့ ရောက်သွားပြီ ဖြစ်လေသည်။

ထိုအချိန်တွင် ယုဆွေက ကျီသင်းအား အတွင်းအား ပို့ဆောင်ကုသပေးပြီး ဖြစ်သည်။

ကျီလင်းက မျက်လုံးစုံမှိတ်ကာ တပလ္လင်ခွေထိုင်နေသော်လည်း ယုဆွေက မတ်တတ်ရပ်လိုက်သည်။

အဘိုးအို ဇရပ်ပေါ်တက်လာသည်ကို မြင်လျှင်....

'ကျုပ်တို့ မတွေ့ရတာတောင် အတော်ကြာပြီပဲ'

ဟု ဆီးကြိုနှုတ်ဆက်လိုက်သည်။

စိုးရိမ်တကြီး ဇရပ်ပေါ်ပြေးတက်လာသည့် စုကျောင်းမှာ ယုဆွေ၏စကားကြားလျှင် ကြောင်အမ်းအမ်းဖြင့် တုန့်ကနဲရပ်သွားတော့၏။

အဘိုးအိုက...

'မိတ်ဆွေကြီး ယုဆွေက သိုင်းလောကထဲကိုပြန်ပြီး ခြေချလာပုံထောက်ရင် ကျောက်စိမ်းဆံထိုး ကိစ္စကြောင့်ပဲ ဖြစ်မယ်ထင်တယ်'

ဟု ပြောလေသည်။

ယုဆွေ ခေါင်းညိတ်သည်။

'ဟုတ်တယ် အတော်ကို ခက်ခဲနက်နဲတဲ့ ကိစ္စတစ်ခုနဲ့ရင်ဆိုင်နေရပြီ'

အဘိုးအိုက—

'ပြောစမ်းပါဦးဗျာ'

ယုဆွေက....

'ကျုပ်ရဲ့တပည့်မလေးကို စမ်းသပ် ကြည့်လိုက်ရင် မိတ်ဆွေသိရပါလိမ့်မယ်'

အတိုးအို မျက်မှောင်ကုပ်သွား၏။

ကျိလင်းအနားသို့ လှမ်းသွားပြီး ကျိလင်း၏လက်ကောက်ဝတ်ကို စမ်းသပ်ကြည့်လိုက်သည်။

အတိုးအိုမှာ အန္တရာယ် ပြုမည့်သူ မဟုတ်ခြင်းကြောင့် စုကျောင်း စိတ်အေးသွားသည်။

အတိုးအိုသည် ကျိလင်းအား စမ်းသပ် လိုက်သည်နှင့် မျက်နှာပျက်သွားပြီး ...

'ထူးဆန်းလိုက်တာ'

ဟု ရေရွတ်လိုက်သည်။

ယုဆွေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် အဒေအေးလက်ဝါးသိုင်းကြောင့်လို့ ကျုပ်ထင်ခဲ့မိသေးတယ်၊ ဒါပေမယ့် ခုချိန်မှာတော့ 'ကျောက်စိမ်းလက်ဝါး' သိုင်းကွက်ကြောင့်ဆိုတာ ထင်ရှားနေပါပြီ'

ဟု ဝမ်းနည်းကြေကွဲသော လေသံဖြင့်ပြောသည်။

အတိုးအိုက....

'သူ့ကို ဘယ်သူတိုက်ခိုက်လိုက်တာလဲ'

ဟု မေး၏။

ယုဆွေက ခေါင်းယမ်းလိုက်သည်။

'မသိရသေးဘူး၊ ကျုပ်လိုက်ရှာနေတုန်းပဲ'

အတိုးအိုက....

'ကျုပ်'



သူသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

သူ၏ မျက်နှာ ဖြူဖတ် ဖြူရော် ဖြစ်သွားသလို ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာလေသည်။

ယုဆွေကြောင်အမ်းအမ်းဖြင့်....

'မိတ်ဆွေ အိမ်းရှ ဘယ်လိုဖြစ်တာလဲ'

ဟုမေးလိုက်၏။

အတိုးအို ဘာမှမပြောတော့ပါ။

ချာကနဲလှည့်ကာ ဇရပ်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

*　*　*

ချစ်မိတ်ဆွေတည်းခိုခန်း....

ချစ်မိတ်ဆွေတည်းခိုခန်းသို့ စုကျောင်းတို့ ရောက်ရှိလာခဲ့ကြသည်မှာ ခုနစ်ရက်ရှိသွားပြီ ဖြစ်လေသည်။

ထို ခုနစ်ရက်အတွင်း ယုဆွေသည် ဘယဆေးဆိုင်မှဆေးဝါးများဝယ်ယူကာ ကိုယ်တိုင်ဆေးဖော်၍ ကျော်လင်းကို တိုက်ကျွေးသည်။

တစ်ဖန်....

မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အတွင်းအားဖြင့် ကုသပေးလေသည်။

ထို့ကြောင့် ခုနစ်ရက်ကြာသောအခါ ကျော်လင်း ထူထူထောင်ထောင်ဖြစ်လာလေသည်။

ယုဆွေသည် ပေါ့ပေါ့ တန်တန် သဘော မထားဝံ့တော့ပေ။

ကျောက်စိမ်းလက်ဝါး ပည်ာသည် မှန်းဆ၍ မရသောပညာတစ်ရပ်ဖြစ်ကြောင်း လက်တွေ့သိလိုက်ရပြီ မဟုတ်ပါလား။

သူ၏ ကြိုးစားအားထုတ်မှုကြောင့် ကျော်လင်းမှာအသက်ချမ်းသာရခဲ့သော်လည်း သိုင်းပညာအသုံးပြု၍ မရတော့ဘဲ ဆုံးရှုံးသွားခဲ့သည်။



ယုဆွေသည် လွန်စွာမှ စိတ်ထိခိုက်သွားပြီး ကျောက်စိမ်းဆံထိုး၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

ကျောက်စိမ်းဆံထိုး....

ကျောက်စိမ်းဆံထိုးသည် စုကျောင်း၏ လက်ထဲသို့ ရောက်ရှိနေပြီဖြစ်သည်။

စုကျောင်းသည် ကျောက်စိမ်းဆံထိုးလေးကို ကြည့်ကာ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားနေရလေသည်။

'ငါဟာ စေတနာနဲ့ ဆောင်ရွက်ခဲ့တဲ့ကိစ္စ တစ်ခုဟာ လူအများဒုက္ခရောက်စေခဲ့ပါသလား၊ ကျော်လင်းပြောသလို လူ့ရှိမှုသနေရာဟောင်းမှာ ပြန်ထားလိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်'

ဟု တွေးနေမိသည်။

ကျောက်စိမ်းဆံထိုးလေးမှာ လှပြီး ချစ်စဖွယ်ကောင်းလှပေသည်။

သို့သော် ...

ကြောက်မက်ဖွယ်ကောင်းသော အထိမ်းအမှတ် ပစ္စည်းတစ်ခုဖြစ်နေပါတော့သည်။

စုကျော့ကျောင်းတွေးတောနေစဉ်....

'ဒေါက် .. ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုကျောင်းက ကပျာကယာ တံခါး ဖွင့်ပေးလိုက် လေသည်။

အခန်းဝ၌ ယုဇဆွ ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ စုကျောင်းက ဦးညွှတ်လိုက်သည်။

ယုဇဆွက....



'မင်း ငါနဲ့လိုက်ခဲ့'

ဟု ပြောပြီး ချာခနဲလှည့်ကာ ထွက်သွားလေသည်။

စုကျောင်း အံ့သြတား၏။

ယုဇဆွ၏မျက်နှာ ခက်ထန် တင်းမာနေသလို သူစိမ်းဆန်လှသည် မဟုတ်ပါလား။

စုကျောင်းလည်း သို့လော သို့လောနှင့် လိုက်ပါသွားလေသည်။

မကြာပါချေ။

ယုဇဆွ၏အခန်းသို့ရောက်သွားလေသည်။

အခန်းတံခါးဖွင့်ထားသဖြင့် ဧည့်သည်တစ်ယောက်ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ဧည့်သည်မှာ ခန္ဓာကိုယ်ထွားကျိုင်းသန်မာလှသည့် လူသန်ကြီးတစ်ယောက် ဖြစ်လေသည်။

စုကျောင်းက ယုဇဆွနောက်မှ လိုက်သွားပြီး အခန်းတွင်းသို့ ရောက်သွားလျှင် —

'ထိုင်—'

ယုဇဆွ၏ စကားကြောင့် စုကျောင်း စိုးရိမ်လာသည်။ ထူးခြားမှုတစ်စုံတစ်ခု ဖြစ်ပေါ်နေသည်ဟုလည်း ယုံကြည်လာလေသည်။

လူသန်ကြီးက စုကျောင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး—

'ခင်ဗျားပြောတာ သူလား'

ဟု ယုဆွေကို မေးလေသည်။

ယုဆွေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူပဲ'

လူသန်ကြီး သက်ပြင်းချလိုက်သည်။

'အခုတော့ကို အံ့သြစရာကောင်းတာပဲ၊ ကျုပ်ဖြင့် ယုံတောင် မယုံနိုင်ဘူး'

ဟု ပြောသည်။

ယုဆွေက...

'ဇရပ်ပေါ်မှာ အိမ်းရှု မျက်စိမျက်နှာပျက်ပြီး ထွက်သွားတာ တစ်ခုခုကြောင့်ပဲဆိုတာ ကျုပ်ရိပ်မိလိုက်တယ်၊ ကျောက်စိမ်းလက်ဝါးဒဏ်ခံလိုက်ရတယ်ဆိုတာ လုံးဝမသိလိုက်ဘူးဗျ၊ မြွေးပွေ့ခါးပိုက်ပိုက်သလို ဖြစ်နေတာပေါ့'

စုကျောင်း ကြောင်အမ်းအမ်းဖြစ်နေသည်။



ဖော်ဖော်ရွှေရွှေရှိခဲ့သော ယုဆွေသည် ယခုတော့ သူ့အား မုန်းတီးသည့်အသွင်ပြောင်းလဲနေသည်၊ အဘယ့်ကြောင့်ပါနည်း။

လူသန်ကြီးက...

'အိမ်းရှုဟာ ကျောက်စိမ်းလက်ဝါးဒဏ်ခံလိုက်ရပြီး သေလုမျောပါးဖြစ်သွားတယ်၊ သူ့အတွက် မျှော်လင့်ချက်မရှိတော့ဘာ အမှန်ပဲ၊ သူ့ကို လူငယ်လေးတစ်ယောက်က ထိုက်ခိုက်လိုက်တာ မယုံနိုင်စရာပဲ'

ဟု ပြောသည်။

စုကျောင်း မျက်လုံးပြူးသွားသည်။

'ကျောက်စိမ်းလက်ဝါးပညာဆိုပါလား'

ဟုလည်း စိတ်ထဲရေရွတ်လိုက်မိသည်။

အိမ်းရှု ဆိုသည်မှာ ဇရပ်ပေါ်တက်ဖို့ ကြိုးစားခဲ့သော အဘိုးအိုဖြစ်ကြောင်း သိသွားပါသည်။

အိမ်းရှု ဇရပ်ပေါ်သို့ မထက်နိုင်ရန် သူက တားဆီးခဲ့ပါ၏။

အိပ်မက်ထဲမှ အဘိုးအိုသင်ပေးသော သိုင်းကွက်ကိုလည်း အသုံးပြုမိသည်။

ယခုတော့....

သူအသုံးပြုလိုက်သော ပညာမှာ ကျောက်စိမ်းလက်ဝါးသိုင်းပညာဖြစ်နေကြောင်း သိလိုက်ရ၏။

သူ၏လက်ချက်ကြောင့် အိမ်းရှ် မရှုမလှခံနေရကြောင်း သိရသဖြင့် မယုံကြည်နိုင်အောင် ဖြစ်သွားရလေတော့သည်။

သို့သော်က....

'ကဲ....မိတ်ဆွေ မြင်တဲ့အတိုင်းပဲ၊ ကြိုက်သလိုသာ စမ်းကြည့်ပါတော့ဗျာ'

ဟု ပြော၏။

လူသန်ကြီးမှာ သိုင်းပါရဂူသုံးယောက်တွင် ပါဝင်သည့် မြစ်ဝါမြစ်မှ လူသန်ကြီး တင်းပ ဖြစ်သည်။

တင်းပသည် စုကျောင်းအား ပြုံးပြရင်း ...

'မင်းရဲ့ လက်ချက်ကြောင့် ငါတို့ မိတ်ဆွေတစ်ယောက် မရှုမလှခံလိုက်ရတယ်ကွ'

ဟု ပြောလာသည်။



စုကျောင်း မျက်နှာပျက်သွားကာ—

'သူ—သူ ဇရပ်ပေါ်တက်ပြီး ညီမကျိုလင်းကို နှောင့်ယှက်မှာ စိုးရိမ်လို့ ကျွန်တော် ဟန့်တားလိုက်မိပါတယ်'

ဟု ကပျာကယာရှင်းပြလိုက်သည်။

ယုမဆွေ မျက်မှောင်ကုပ်သွား၏။

စုကျောင်း၏ စကားအမှန်ပင်ဖြစ်ကြောင်း သိထား၏။

သို့သော် ...

စုကျောင်းက ကျောက်စိမ်းလက်ဝါးပညာ အဘယ်ကြောင့် တတ်မြောက်နေသည်ကို သိလို၏။

အိပ်မက်ထဲ၌သင်ကြားရပြီး လက်တွေ့လည်း တတ်မြောက်နေသည်ဆိုခြင်းကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါချေ။

တင်းပက—

'ထားပါတော့လေ၊ မင်းမှာ ဘယ်လိုသဘောပဲရှိရှိ မင်းရဲ့ပညာဟာ ကျောက်စိမ်းလက်ဝါးသိုင်းပညာဖြစ်နေတာကိုပဲ ငါတို့ စိတ်ဝင်စားမိကြတယ်ကွ'

ဟု ပြောလေသည်။

စုကျောင်းက—

'ကျွန်တော် တတ်ထားတာဟာ ကျောက်စိမ်းလက်ဝါး ပညာဆိုတာလဲ ကျွန်တော် မသိပါဘူး၊ မတော်တဆ တတ်မြောက်လာခဲ့တာပါ ခင်ဗျာ'

တင်းပက ရယ်မောလိုက်သည်။

'သိုင်းပညာဟာ မတော်တဆ တတ်မြောက်လာရတယ်လို့ ရှိသေးသလား'

ဟုဆွဲက....

'ကျုပ်ပြောတယ် မဟုတ်လား၊ သူ့ကိုမေးရင် အိပ်မက်ထဲမှာ သင်ယူတတ်မြောက်လာတာလို့ ပြောမယ်ဆိုတာလေ'

တင်းပက ရယ်မောလိုက်ပြန်သည်။

စုကျောင်းမှာ သူ၏စကားကို မယုံကြည်ကြသဖြင့် စိတ်ဓာတ်ကျဆင်းလာသည်။

တင်းပက....

'မင်း ဘယ်လိုနည်းနဲ့ပဲ တတ်ခဲ့ပေါ့ကွာ၊ ငါက စမ်းသပ်ကြည့်ချင်တယ်'

ဟု ပြောသည်။

စုကျောင်း ထိတ်လန့်သွားသည်။



'ဟာ....မလုပ်ပါနဲ့'

တင်းပက—

'ကျောက်စိမ်းလက်ဝါးပညာကြောင့် တစ်ချိန်က သိုင်းလောကမှာ ပြဿနာအမျိုးမျိုးဖြစ်ပေါ်လာတယ်၊ ဒါကြောင့် နောက်တစ်ကြိမ် ခေါင်းထောင်လာမှာကို မလိုလားဘူး၊ မင်းဟာ ရိုးသားတဲ့ လူငယ်တစ်ယောက်ဆိုရင် ကျောက်စိမ်းဆံထိုးကို ဘယ်လိုရတယ်၊ ကျောက်စိမ်းလက်ဝါးပညာကို ဘယ်လိုတတ်မြောက်လာတယ်ဆိုတာ အမှန်အတိုင်းပြောဖို့ကောင်းတယ်'

စုကျောင်း အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။

သူက အမှန်အတိုင်းပြောခဲ့သည်ကို မယုံကြည်နိုင်အောင် ဖြစ်နေကြသည် မဟုတ်ပါလား။

တင်းပက...

'ကဲ—မင်း ဘယ်လိုဘာတော့ရသလဲ'

ဟု မေးလာ၏။

စုကျောင်း ဘာမှမပြောနိုင်ချေ။
ယုဆွေက မျက်နှာထားတင်းတင်းဖြင့်—
'ပြောလိုက်လေ'
ဟု ငေါက်လိုက်၏။
စုကျောင်းက—
'ကျွန်တော် အမှန်အတိုင်း ပြောပြခဲ့တာပါ၊ ဒီထက်ပိုပြီး ပြောစရာ ဘာမှမရှိတော့ပါဘူး'
တင်းပက ...
'ဒါ မင်းရဲ့နောက်ဆုံးစကား ဟုတ်လား'
ဟု မေးသည်။
စုကျောင်း ခေါင်းညိတ်လိုက်သည်။
'ဟုတ်ပါတယ်'
'ကောင်းပြီ'
တင်းပ ဆိုင်ရာမှုထရပ်လိုက်ပြီး ...
'ဒါဆိုလဲ ကျုပ်တို့ လုက်တွေ့စမ် သပ်ကြည့်ရတော့မှာပေါ့'

ဟု ပြောလေသည်။
စုကျောင်း ရင်ထိတ်သွား၏။
တင်းပနှင့် ရင်ဆိုင်တိုက်ခိုက်ရတော့မည်သဘော မဟုတ်ပါလား။

ထိုစဉ်....
'အမယ်လေး'



ကျီလင်း၏အခန်းမှ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။
ယုဆွေက....
'ကျီလင်း ဒုက္ခရောက်နေပြီ'
ဟု ရေရွတ်ကာ ပြေးထွက်သွား၏။
တင်းပလည်း ဘုမသိဘမသိဖြင့် ပြေးလိုက်သွားလေတော့သည်။

* * *

ယုဇွေနှင့် တင်းပကိုသည် ကျီလင်း၏အခန်းသို့ ရောက်သွားကြလေသည်။

ထိုအခါ—

'ဆရာ....ကယ်ပါဦး'

ကျီလင်း၏ကြောက်လန့်တကြား အော်ဟစ် အကူအညီတောင်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယခု....

ကျီလင်းသည် အတွင်းဒဏ်ရာ ရရှိထားခြင်းကြောင့် သိုင်းပညာဆုံးရှုံးသွားခဲ့ပြီ ဖြစ်သည်။

သိုင်းပညာ အသုံးမပြုနိုင်တော့သည့် သာမန်လူတစ်ယောက်နှင့် မခြားတော့ပြီ။

ထို့ကြောင့်....

တော်တန်ရုံ သိုင်းပညာ တတ်မြောက်ထားသူပင်လျှင် ကျီလင်းအား ဒုက္ခပေးနိုင်စွမ်းလေသည်။

တင်းပနှင့် ယုဆွေတို့ ရောက်သွားကြသောအခါ လူရိပ်တစ်ခုသည် ကျီလင်းအား ပခုံးပေါ်ထမ်းပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ယုဆွေ မျက်လုံးပြူးသွားသည်။

'ဟော့....လွှတ်လိုက်စမ်း'

ဟု အော်ဟစ်လိုက်သည်။

လူသန်ကြီး တင်းပက....

'သေဖို့သာပြင်ထား'

လက်နက်မှုန်းဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။



ယုဆွေ ကပျာကယာ ဟန့်တားလိုက်ရ၏။

'မလုပ်နဲ့...ကျီလင်းကို ထိသွားမယ်'

လူသန်ကြီးတင်းပက လက်နက်ပုန်းဖြင့် မပစ်တော့ပေ။

လူရိပ်သည် ကျီလင်းအား ဖမ်းဆီးကာ ထွက်ပြေးသွားပြီ ဖြစ်လေသည်။

တင်းပနှင့်ယုဆွေတို့က ခပ်ကြပ်ကြပ်မကွာ ပြေးလိုက်သွားကြလေတော့သည်။

* * *

မြို့ပြင်တွင် သင်္ချိုင်းမြေတစ်ခုရှိလေသည်။

လူရိုပ်သည် ကျိုလင်ကို ဖမ်းဆီးခေါ်ဆောင်ကာ သင်္ချိုင်းမြေထဲ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

တင်းပနှင့် ယုဆွေတို့လည်း လိုက်သွားကြလေသည်။

သင်္ချိုင်းမြေထဲ၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

တင်းပတို့ ရောက်ရှိသွားကြသောအခါ လူရိပ်မှာ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

တင်းပတို့ ခြေလှမ်းရပ်လိုက်ကြလေသည်။

ယုဆွေ ဒေါသထွက်နေ၏။

'သတ္တိနည်းလှချည်လား ၊ ဘာကြောင့်ပုန်းနေတာလဲ၊ထွက်ခဲ့စမ်း'

ဟု အော်ပြောလိုက်၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်....

'ဟား....ဟား....ဟား'

အေးစက်စက် ရယ်မောသံထွက်ပေါ်လာ၏။

မြေပုံမှတ်တိုင်များကြားမှ လူရိပ်တစ်ခု ထွက်ပေါ်လာသည်။

ထိုလူရိပ်၏ လက်ထဲ၌ ကျိုလင်းရှိနေသည်ကို တွေ့ရလေသည်။

ယုဆွေက....

'ငါ့တပည့်ကိုလွှတ်လိုက်စမ်း'

ဟု အော်ငေါက်လိုက်သည်။



ရှေ့သို့လည်း လှမ်းသွားလိုက်၏။

တင်းပက—

'သတိထား'

ဟု သတိပေးလိုက်၏။

ယုဆွေ ဒေါသချောင်းချောင်းထွက်နေသည်။

ကာတင်းတင်းကြိတ်ကာ ရှေ့သို့တိုးသွား၏။

တင်းပကလည်း လိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

မလှမ်းမကမ်း၌ လူရိပ်တစ်ခုရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထူးခြားသော အရိပ်နှစ်ခုအား တွေ့မြင်နေရခြင်း ဖြစ်သည်။

တင်းပသည် ဝဲဘက်မှ လူရိပ်ကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ချက်ချင်းပင် လှချင်းခွဲလိုက်သည်။

ထိုစဉ်...

ကျိုလင်းအား ဖမ်းဆီးထားသော လူရိပ်သည် လက်တစ်ဖက်မြှောက်ကာ ကျိုလင်းအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်ကို တွေ့ရလေသည်။

ယုဆွေမျက်လုံးပြူးသွားသည်။

'မလုပ်နဲ့'

အော်တစ် ဟန့်တားရင်း တဟုန်ထိုးပြေးသွား၏။

ကျော်လင်းအား တယ်တင်ရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

'အမလေး'

ကျော်လင်းမြေပေါ် ခွေကနဲ လဲကျသွားသည်ကို တွေ့လိုက်ရသည်။

ကျော်လင်းဒုက္ခရောက်သွားပြီဖြစ်သည်။

ယုဆွေ ဒေါသမထိန်းနိုင်တော့ပါ။

ကျားတစ်ကောင်ပမာ လူရိပ်ထံသို့ ခုန်အုပ်တိုက်ခိုက်လေတော့သည်။

*　　*　　*

ယုဆွေက ကျော်လင်းအား မညှာမတာ တိုက်ခိုက် လိုက်သည့် လူရိပ်ထံသို့ ပြေးဝင်တိုက်ခိုက်လေတော့သည်။

တင်းပက ဝဲဘက်မှ လူရိပ်ထံသို့ ခုန်ဝင်လိုက်၏။

သူတို့သည် ထိပ်သီး သိုင်းပါရဂူကြီးများ ဖြစ်ကြသည့်အားလျော်စွာ လူရိပ်များအား ပြင်းထန်စွာ တိုက်ခိုက်ကြလေသည်၊

သို့သော်.....

သူတို့၏တိုက်ကွက်များသည် လေထဲသို့သာ တိုက်ခိုက်မိလိုက်ကြသည်။

လူရိပ်နှစ်ခုသည် ရုတ်ခြည်းပင် သူတို့၏မြင်ကွင်းမှပျောက်ကွယ်သွားကြလေတော့သည်။

*　　*　　*



'ဟင်'

'ဟာ'

တင်းပနှင့် ယုဆွေတို့ အံ့ဩသွားကြသည်။

သူတို့သည် အပိုင်တွက်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

သို့သော်...

လူရိပ်နှစ်ခုသည် ရုတ်ခြည်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီး လေထဲသို့တိုက်ခိုက်လိုက်မိသလို ဖြစ်သွားလေတော့သည်။

'တောက်'

ယုဆွေ ဒေါသတကြီး တက်ခေါက်လိုက်သည်။

'ကျော်လင်း'

မြေပေါ်လဲနေသည့် ကျော်လင်းကို ပွေ့ထူလိုက်၏။

ကျော်လင်း တုတ်တုတ်မျှ မလှုပ်တော့ပါ။

သူမသည် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်ခြင်း ခံရကာ သေဆုံးသွားရှာပြီဖြစ်သည်။

ယုဆွေမှာ ကျော်လင်းအတွက် ယူကြုံးမရဖြစ်နေပါတော့သည်။

ကျော်လင်း၏အလောင်းကို ပွေ့ဖက်ရင်း—

'လူယုတ်မာမတွေ ထွက်လာခဲ့ကြစမ်း'

ဟု အော်ပြောလိုက်သည်။

တိတ်ဆိတ်နေသော သချိုင်းမြေအတွင်း၌ သူ၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်....

'ဟား—ဟား—ဟား'

အေးတိအေးစက် ရယ်မောသံများ ထွက်ပေါ်လာလေသည်။

ယူအေ့လှည့်ကြည့်လိုက်ရာ မြေပုံမှတ်တိုင်များကြား၌ လူရိပ်နှစ်ခုရှိနေသည်ကို တွေ့ရ၏။

'တောက်'

ယုဆေ့ ဒေါသတကြီး တက်ခေါက်ပြီး မြေးဝင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

သူ့ လက်အလျှင် တင်းပက ရောက်သွားပြီဖြစ်သည်။

ယခုတစ်ကြိမ်...

လူရိပ်တစ်ခုသည် ပျောက်မသွားတော့ဘဲ တင်းပနှင့်ရင်ဆိုင်လိုက်လေသည်။

တင်းပသည် လူရိပ်ကို သေသေချာချာကြည့်လိုက်၏။

ထိုလူရိပ်မှာ အဘွားအိုတစ်ယောက်၏ အသွင်သဏ္ဌာန်ရှိသည်။

သို့သော်....

လုံတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို ပီပီပြင်ပြင်တွေ့မြင်ရခြင် မဟုတ်ပါ။

တင်းပက....

'မကောင်းဆိုးဝါးကောင်တွေ သေပေတော့'

ဟု ကြိမ်းဝါးကာ တရကြမ်းတိုက်ခိုက်လေသည်။



လူရိပ်ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေသည်။

လူရိပ်ကား ပျောက်ကွယ်မသွားပါ။

လက်ဝါး တစ်ဘက်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်....

'ဝုန်း'

'ဖျောက်'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

တင်းပသည် နောက်သို့ ဒယိမ်း ဒယိုင်ဖြင့် ဆုတ်သွားသည်။

ထို့နောက်...

'ဝုန်း'

မြေပေါ်လဲကျသွားသည်။

* * *

ယုဆေ့သည် တင်းပကို အမှုမထားနိုင်ပါချေ။

အကြောင်းမှာ...

လူရိပ်တစ်ခုသည် လေ၏လှုပ်ခြင်းနှင့် အတူ သူ၏အနီးသို့ ရောက်ရှိလာခြင်းကြောင့်ဖြစ်သည်။

ယုဆေ့ အံတင်းတင်းကြိတ်လိုက်သည်။

'မင်းက လူလား၊ မကောင်းဆိုးဝါးလား'

မေးလိုက်သည်။
လူရိပ်က ဘာမှမပြောဘဲ စတင်တိုက်ခိုက်လိုက်၏။
ယုဆွေသည်း အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လေတော့သည်။

* * *

စုကျောင်းသည် ကျိုလင်း၏အော်ဟစ်သံ ကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။
တင်းပန္နင့် ယုဆွေသို့ အခန်းတွင်းမှ ပြေးထွက် သွားကြသောအခါ ဘုမသိဘမသိဖြင့် ပြေးလိုက်သွားမိ၏။
ကျိုလင်း၏ အခန်းသို့ရောက်သောအခါ လူရိပ်တစ်ခုက ကျိုလင်းအား ဖမ်းဆီးခေါ်ဆောင်သွားသည်ကို တွေ့လိုက်ရသည်။
တင်းပတို့လိုက်သွားကြသည်ကို တွေ့ရ၏။
စုကျောင်း ခြေလှမ်းရင်သွားသည်။
တင်းပန္နင့် ယုဆွေတို့သည် သူ့အား အထင်လွဲမှားနေပြီဖြစ်သည်။
သူ့အား ခွင့်လွှတ်နိုင်ကြဖို့မလွယ်ပါ။
ယခု...
တင်းပန္နင့် ယုဆွေတို့လူရိပ်နောက်သို့ လိုက်သွားကြသည်မှာ သူ့အတွက် အခွင့်အရေးတစ်ရပ်ဖြစ်နေ၏။



သူကအဝေးသို့ ထွက်ပြေးတိမ်းရှောင်သွားရန် အချိန်ရလိုက်ပြီဖြစ်သည်။
စုကျောင်းသည် မည်သို့ပြုလုပ်ရမည်ကို ဝေခွဲမရ ဖြစ်နေပါသည်။
သူထွက်ပြေး ရှောင်တိမ်းသွားမည်ဆိုလျှင် ယုဆွေတို့၏လက်မှ လွတ်မြောက်သွားမည်ဖြစ်သည်။
သို့သော်....
သူ့အား လူဆိုးတစ်ယောက်ဟု လုံးဝသတ်မှတ်လိုက်ကြမည်ဖြစ်သည်။
စုကျောင်း၏ ရင်ထဲ စိုးရွံ့ ကြောက်လန့်မှုများ မရှိတော့ပါ။
ဖြစ်လာသမျှကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရန် ဆုံးဖြတ်ကာ တင်းပတို့နောက်သို့ လိုက်သွားလေတော့သည်။

* * *

သချိုင်းမြေ...
စုကျောင်းသည် သချိုင်းမြေထဲသို့ ရောက်ရှိလာပြီ ဖြစ်သည်။
သချိုင်းမြေသည် တိတ်ဆိတ်ငြိမ်သက်နေ၏။
လေဝှေ့ယမ်း တိုက်ခတ်လာသောအခါ သစ်ပင်ချုံပုတ်များ လှုပ်ယမ်းသွားကာ တရှဲရှဲမြည်သံများ ထွက်ပေါ်လာသည်။

စုံကျောင်းသည် ဟိုဟိုသည်သည် အကွဲခတ် ကြည့်လိုက်သည်။

လူရိပ်သည် ကျီလင်းအား ဖမ်းဆီး ခေါ်ဆောင်ကာ သချိုင်းမြေထဲဝင်သွားသလို တင်းပနှင့် ယုဆွေတို့ကလည်း လိုက်သွားကြသည်။

ဟာခု...

လူရိပ်လူရောင် လုံးဝမတွေ့ရဘဲ တိတ်ဆိတ် ငြိမ်သက်နေသည်။

ယုဆွေတို့ မည်သည့်နေရာ ရောက်ရှိသွားကြပါသနည်းဟု

စုကျောင်း သချိုင်းမြေထဲ တဝဲလည်လည်ဖြင့် ရှာဖွေနေစဉ်...

'အင်း–အင်း'

ညည်းညူသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

စုကျောင်း ရင်ထိတ်သွား၏။

ညည်းညူသံ ထွက်ပေါ်လာရာသို့ ဦးတည် ပြေးသွားလိုက်၏။

မကြာပါချေ။

မြေပုံမှတ်တိုင်များကြား၌ လဲကျနေသူ တစ်ယောက်အား တွေ့လိုက်ရ၏။

တင်းပဖြစ်လေသည်။

စုကျောင်းက...



'ကျီလင်းတော့'

ဟု အားလောတကြီး မေးလိုက်သည်။

တင်းပသေသွားရှာသေးတန်းဖြင့်—

'မကောင်းဆိုးဝါးတွေ'

ဟု ပြောလိုက်ပြီး ငြိမ်သက်သွားသည်။

စုကျောင်းစိတ်ကောက်ကျသွားသည်။

တင်းပသေဆုံးသွားပြီဆိုလျှင် ကျီလင်းနှင့် ယုဆွေတို့လည်း အခြေအနေကောင်းတော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

စုကျောင်း ဟိုဟိုသည်သည်ကြည့်လိုဘဲပြန်သည်။

ယခုတစ်ကြိမ်....

မလှမ်းမကမ်း မြေပုံမှတ်တိုင်များကြား၌ လဲကျနေသူ နှစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ယုဆွေနှင့် ကျီလင်းတို့ ဖြစ်သည်။

စုကျောင်းမှာ အသည်းနှလုံးများ တစ်စစီ အက်ကွဲကြေမွသွားသည်ဟု ခံစားလိုက်ရလေတော့သည်။

* * *

တင်းပ၊ ယုဆွေနှင့် ကျီလင် တို့ သေဆုံးသွားကြပြီဖြစ်လေသည်။

ကျောက်စိမ်းဆံထိုးလေးနှင့် ပတ်သက်သူမှန်သမျှ မရှုမလှ သေဆုံးသွားကြရလေသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

စုကျောင်း၏မျက်နှာ ရှုံ့မဲ့နေသည်။

ပြင်းထန်သောဝေဒနာတစ်ရပ် ခံစားနေရသူတစ်ယောက်ပမာ ရှိနေလေသည်။

အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းဆံထိုးလေးကို ထုတ်ယူလိုက်သည်။

နေရောင်ခြည်အောက်တွင် ကျောက်စိမ်းဆံထိုးလေးသည် ဝင်းလက်တောက်ပြောင်ကာ လှပနေလေသည်။

စုကျောင်းက မုန်းတီးစက်ဆုပ်စွာ ကြည့်လိုက်သည်။

'ငါသာ ဒီကျောက်စိမ်းဆံထိုးလေးကို ယူမလာမိရင် ခုလို အဖြစ်ဆိုးတွေ ပေါ်ပေါက်လာမှာမဟုတ်ဘူး၊ ငါ့အပြစ်ပဲ'

ဟု ရေရွတ်လိုက်၏။

ကျောက်စိမ်းဆံထိုးလေးကြောင့် ကံဆိုးသွားရသူများ၏ မျက်နှာများကို မြင်ယောင်လာသည်။

လူသတ်တရားခံမှာ သူကိုယ်တိုင်ဖြစ်နေသည်ဟု ခံစားလာရလေသည်။

စုကျောင်း အံတင်းတင်းကြိတ်လိုက်၏။

ကျောက်စိမ်း ဆံထိုးလေးကြောင့် ဖြစ်ပေါ်လာသော ကြမ္မာဆိုးအား မည်သို့ ဖြေရှင်းရမည်ဆိုသည်ကို သူတွေးမိလိုက်သည် ဖြစ်လေသည်။

စုကျောင်း ဆုံးဖြတ်ချက်ချလိုက်သည်။



'နောက်ထပ်ကံဆိုးရတဲ့သူ မရှိစေရတော့ဘူး'

ကျောက်စိမ်းဆံထိုးလေးအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်

ထို့နောက်—

သူ၏အသည်းနှလုံးနေရာ တည့်တည့်သို့ တအားထိုးစိုက်ချလိုက်တော့သည်။

* * *

စုကျောင်းသည် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

သို့မှသာ—

ကျောက်စိမ်း ဆံထိုးလေးကြောင့် ဖြစ်ပေါ်နေသော ကြမ္မာဆိုးသည် ပြီးဆုံး ကွယ်ပျောက်သွားလိမ့်မည် ဖြစ်လေသည်။

စုကျောင်းက အားကုန် ထိုးစိုက်ချလိုက်ချိန်မှာပင်—

'ထောက်'

'အား'

သူ၏လက်သည် တုံ့ကျဉ်သွားပြီး ကျောက်စိမ်းဆံထိုးလေး လွင့်ကျသွားသည်။

စုကျောင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

မည်သူက သူ့အား တားဆီးလိုက်ပါသနည်း။

စုကျောင်း လှမ်းကြည့်လိုက်ရာ မြေပုံမှတ်တိုင်များကြားမှ ထွက်ပေါ်လာသော လူရိုပ်နှစ်ခုအား တွေ့မြင်လိုက်ရလေတော့သည်။

* * *

လူရိပ်နှစ်ခု...

လူရိပ်နှစ်ခုသည် စုကျောင်းအနီးသို့ ရောက်ရှိလာလေသည်။

စုကျောင်းက ငေးကြည့်နေ၏။

အဘိုးအိုတစ်ယောက်နှင့် အဘွားအိုတစ်ယောက်တို့ ဖြစ်ကြလေသည်။

အဘိုးအိုသည် အိပ်မက်ထဲ၌တွေ့ရသော အဘိုးအိုဖြစ်ပေသည်။

အဘွားအိုသည်လည်း စားသောက်ဆိုင်၌တွေ့ခဲ့ရသူ ဖြစ်သည်။

စုကျောင်း အံ့ကြိတ်လိုက်သည်။

'ခင်ဗျားတို့ကိုး'

အဘိုးအိုက....

'မင်းက ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ချင်ရတာလဲ'

ဟု ပြောလာသည်။



စုကျောင်းက....

'ကျုပ်အဖြေမပေးခင် ခင်ဗျားတို့ဘယ်သူတွေလဲ၊ ကျောက်စိမ်းဆံထိုးနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောပါ'

ဟု ပြန်မေးလိုက်သည်။

အဘိုးအိုက....

'ကျုပ်တို့က အစောင့်အရှောက်တွေပါ'

'ဘာဗျ'

'ကျောက်စိမ်းဆံထိုး ပိုင်ရှင်ရဲ့ လက်ရုံးနှစ်ယောက်ဆိုတာ ကျုပ်တို့ပါပဲ'

စုကျောင်းက....

'ခင်ဗျားတို့ သေသွားကြပြီမဟုတ်လား'

အဘိုးအိုက....

'လူတွေက ကျုပ်တို့ကို သေသွားပြီထင်နေခဲ့ကြတယ်၊ ဒါပေမယ့် ကျုပ်တို့က ကောင်းပြီး အသက်ရှင်နေခဲ့ကြရတယ်လေ'

စုကျောင်းက...

'ခင်ဗျားတို့ ဘာကြောင့် အပြစ်မရှိတဲ့လူတွေကို ရက်ရက်စက်စက် လုပ်ရတာလဲဗျ'

အဘိုးအိုက....

'ကျုပ်တို့ရဲ့သခင်မ မရဏာဒေဝီ သေဆုံးသွားခဲ့ရတာကို ကျုပ်တို့ ဘယ်တော့မှမေ့နိုင်ကြမှာ မဟုတ်ဘူး၊ သို့သော တစ်ခုသုံးကို ထိတ်သန့်တုန်လှုပ်အောင်လုပ်ပြီး ဖျက်ဆီးပစ်ဖို့ ကျုပ်တို့ ဆုံးဖြတ်ထားကြတယ်'

စုကျောင်းက....

'ခင်ဗျားတို့ရဲ့အကြံအစည်မှာ ကျုပ်ကို အသုံးချလို့ မရတော့ဘူးဗျ'

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းအတွက် တော်လောက်ပါပြီ၊ ကျုပ်တို့က နောက်ထပ်တစ်ယောက်ကို ထပ်ရှာပြီး ပြဿနာအသစ်တွေကို ဖန်တီးဖို့ ဆုံးဖြတ်ပြီးပြီ'

စုကျောင်းက မြေပေါ်ကျနေသည့် ကျောက်စိမ်းဆံထိုးကို ကောက်ယူလိုက်သည်။

အဘိုးအိုတို့ မကောင်းသဖြင့် ဆက်၍ မကြံစည်နိုင်စေရန် ကျောက်စိမ်းဆံထိုးလေးအား ဖျက်ဆီးပစ်ရလိမ့်မည် ဖြစ်လေသည်။

စုကျောင်းသည် ကျောက်စိမ်းဆံထိုးလေး လက်ထဲရောက်လာသည်နှင့်....

'ခင်ဗျားတို့ ဘာမှတတ်နိုင်တော့မှာ မဟုတ်ပါဘူး'

စကားဆုံးသည်နှင့် ကျောက်စိမ်းဆံထိုးလေးအား ချိုးပစ်လိုက်လေသည်။

'ဖျောက်'

'ရှူး....'

ကျောက်စိမ်းဆံထိုးလေး ထက်ပိုင်းကျိုးသွားသည်။

ရုတ်တရက်....

ပန်းရောင်အခိုးအငွေ့များ ပန်းထွက်လာပြီး စန်းကျင်တစ်ခုလုံး လွှမ်းခြုံသွား၏။



အဘိုးအိုနှင့် အဘွားအိုတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြသော်လည်း ပန်းရောင်အခိုးအငွေ့များက ဖုံးလွှမ်းသွားရာ....

'ဝုန်း ဝုန်း'

မြေပေါ် လဲကျသွား၏။

ထို့အတူ....

စုကျောင်းကလည်း တအိအိ လဲပြိုကျသွားလေသည်။

* * *

မြေပေါ်တွင် ထက်ဝက်ပိုင်းကျိုးနေသော ကျောက်စိမ်းဆံထိုးလေးရှိနေသည်။

ကျောက်စိမ်းဆံထိုးလေးနှင့် ပတ်သက်သော အန္တရာယ်ဆိုးများ နိဂုံးချုပ်သွားပြီဆိုနိုင်၏။

ထူးခြားချက်တစ်ခုမှာ—

အဘိုးအို၊ အဘွားအိုနှင့် စုကျော်င်းတို့၏အလောင်းများ လုံးဝမတွေ့ရတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားခြင်း ဖြစ်သည်။

သရိုင်းမြေသည် တိတ်ဆိတ်ငြိမ်သက်၍ နေခဲ့လေသည်။

တက္ကသိုလ် သိဟအောင်

(ပြီးပါပြီ)